www.burmeseclassic.com

## တာတေ

# တောင်တော်ဘုရင်မ



www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

စာစဉ် - ၈၁

ဘုန်းကော်စီစဉ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

စာအုပ်ချုပ် - မိဘအရိပ်(ဇာနည်)စာအုပ်ချုပ်လုပ်ငန်း

ကွန်ပျူတာ - ဇာနည်မော်၊ ယမုံစိုး

အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊

တန်ဖိုး - ၅၀၀ - ကျပ် ၊ ၂၀၁၈၊ မေလ

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၁၇၁၃၈၁၊ ၀၉၄၂၀၅၆၃၅၄





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# တောင်တော်ဘုရင်မ

(စ/ဆုံး ဝတ္ထုရှည်)

**မရမ်းသီးလေးတွေ** ပေါ်စအချိန်ဗျ။

ကျုပ်တို့အညာမှာ အအေးတော့ လျော့သွားပြီ။ နေ့ခင်း နေ့လည်ဆိုရင် အပူရှိန်လေးတိုးလို့ဗျ။

**အရှေ့ဘက်ကောင်းကင် စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ တာတေ၊ လာဟေ့၊ ထမင်းစားမယ်"

ကျုပ်က နှမ်းပြာဖို့ အဘ စကောယက်လက်စတွေ ဆက်ယက်နေတာဗျ။ မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်ပေါ်မှာလေဗျာ။ ရေနွေးကြမ်းလေးသောက်လိုက်၊ နဂါးဆေးပေါ့လိပ်ကလေးဖွာလိုက်၊ လက်ဖက်ကလေး တစ်ဖွန်းခပ်ပြီးဝါးလိုက်၊ စကောယက်လိုက်နဲ့ အညာသားစည်းစိမ်လေး ယစ်နေတာပေါ့ဗျာ။ အဘကတော့ စောစောကတည်းက အိမ်ပေါ်တက်သွားပြီဗျ။

"အမေ ဘာချက်တုံး"

"အောင်မာ၊ ဒီလာကြည့်တော့ သိလိမ့်မပေါ့"

ကျုပ်လက်ဆေးပြီး အိမ်ပေါ်တက်ခဲ့သဗျ။

"ဟ…ဝက်သားပါလား အမေရ"

"အေး…ပိန်တို့ ပေါ်တာ၊ ဝက်ဂုတ်သားကို မရမ်းသီးလေးတွေနဲ့ ချက်ထားတာ၊ ပြောင်ဦးပုန်းရည်ကြီးလေးတွေလည်း ကျန်သေးတာနဲ့၊ ဟောဒီမှာ သုတ်လို့၊ မောင်မခေါ်ပဲကို ဆူးပုတ်ရွက်အုပ်ပြီး ပဲဟင်းရည်သောက်ချက်ထားတာ နင့်အကြိုက်လေ"

အမေ့စကားတောင် မဆုံးသေးပါဘူးဗျာ၊ ကျုပ်က ပါးစပ်ထဲကို ထမင်းသုံးလုပ်လောက် ရောက်သွားပြီဗျ။

"ဟဲ့ ဖြည်းဖြည်းလည်းစားပါ တာတေရယ်၊ ထမင်း





လည်း နင်ပါဦးမယ်"

အဘကတော့ ကျုပ်စားနေတာကိုကြည့်ပြီး ပြုံးပြုံးကြီးဗျ။

"ငွေစိန်၊ နင့်သားကတော့ ဝက်သားဆိုရင် ခေါင်းမဖော်တော့ဘူးဟေ့"

ကျုပ်ဖြင့်ဗျာ အမေချက်ထားတဲ့ ဝက်ဂုတ်သားနဲ့ မရမ်းသီးချဉ်ဖြုံးဖြုံးလေးနဲ့ ထမင်း ဘယ်နှပန်းကန်စားမိမှန်းကို မသိပါဘူးဗျာ။ ထမင်းစားပြီးလို့ နဂါးဆေးပေါ့လိပ်ကလေးဖွာပြီး အရသာခံနေတာဗျို့။

"တာတေရေ၊ တာတေ"

ဟင်၊ ဘယ်သူများတုံး။ ကျုပ်က ပိုင်းဝကို ကပျာကယာကြည့်လိုက်တယ်။ ဟာ၊ ဘိုးညိုတို့အိမ်ကပါလား၊ ဘိုးညိုသားမက်ကိုအုန်းညွှန့်ပဲ။ ဘိုးညိုဆိုတာ ဘန့်ဘွေးကုန်းက ဘိုးလူပေ လာရင်တည်းနေကျအိမ်လေဗျာ။ ဘိုးစိန်ညို ဆိုတာ လွှတ်စိတ်တိုတဲ့ဘိုးတော်ကြီးလေဗျာ။ ဒီတစ်ခါတော့ သားကြီးမလာဘဲ သားမက်ကို လွှတ်လိုက်တာဗျ။

"ဟာ၊ ကိုကြီးအုန်းညွှန့် လာလေဗျာ"

"ဟဲ့ အုန်းညွှန့်၊ ထမင်းစားပြီးပြီလား၊ မပြီးသေးရင်



www.burmeseclassic.com

www.burmeseclassic.com



စားလေ၊ အရီး ဝက်သားချက်လို့ဟဲ့၊ နင့်ညီတာတေတော့ ထမင်းလေးပန်းကန်စားပြီး ငြိမ်နေပြီဟေ့"

"စားပြီးပြီ အရီးရဲ့၊ ခုပဲ စားပြီးတာ၊ ထမင်းစားပြီးတာနဲ့ ဘိုးတော် လွှတ်လို့လာရတာ၊ ယောက်ဖတွေကလည်း မီးလောင်ကုန်း သွားနေကြတော့ ကျုပ်ပဲ အိမ်မှာရှိတာ အရီးရဲ့"

"အေး အေး၊ နင့်ယောက္ခမ စိန်ညိုကတော့ ခုဆို ခုမှ ဟေ့၊ မွေးကတည်းက စိတ်တိုလာတဲ့ကောင်ဟဲ့၊ ဒီအကောင်က"

"ဟား၊ ဟား၊ ဟား၊ ဟား"

ကိုအုန်းညွှန့်ကြီးက အမေပြောတာ ကြားတော့ ရယ်လိုက်တာဗျာ။

"အုန်းညွှန့် ဒီတစ်သီး တော်တော်ရလားဟေ့၊ မင်းယောက္ခမ ယာက"

"ရတယ် ဘိုးဉာဏ်ရဲ့၊ နှမ်းအတင်းခြောက်ဆယ်လောက်ရတယ်"

"ဩော်…ရသားပဲကွ၊ ဒါဆို စိန်ညို ပျော်နေမှာပေါ့"

"ဟုတ်ပ၊ ဘိုးရာ၊ နှမ်းရပေလို့ပဲ၊ မရသာ မရရင် ကျုပ်တို့ကို မဲမှာဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ စိန်ညိုကတော့ကွာ"





အဘတို့ အမေတို့နဲ့ ဘိုးညိုနဲ့က ငယ်သူငယ်ချင်းတွေလေဗျာ။ တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသားတွေပေါ့ဗျာ။

"နေပါဦး ကိုကြီးအုန်းညွှန့်ရဲ့၊ ခုလာတာ ကိစ္စရှိလို့လား"

ကျုပ်က ကိုအုန်းညွှန့်ကို နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ် မီးညှိပြီး ကမ်းပေးရင်းနဲ့ မေးလိုက်တာဗျ။

"ကိစ္စရှိဆို မင်းဆရာကြီး ဘိုးလူပေ ရောက်နေတယ်ကွ တာတေရ၊ ဘိုးလူပေက ဒီတစ်ခါလာတာ တော်တော်ကို အရေးကြီးတဲ့ပုံပဲကွ"

"ဟင်…ဘိုးလူပေ ဘယ်တုန်းက ရောက်တာတုန်း ကိုကြီးအုန်းညွှန့်ရဲ့"

"ဟ…အခုနလေးတင် ရောက်တာကွ၊ အဲဒါ ရောက်တယ်ဆိုရင် အိမ်ကလူတွေက ဘိုးလူပေကို ထမင်းပြင်ပြီး ကျွေးကြတာ၊ အဲဒါ ထမင်းစားရင်းနဲ့ကို ပြောနေတာဟေ့၊ တာတေကို သွားခေါ်ဖို့၊ ခရီးဝေးထွက်ရမယ်၊ လိုတာတွေယူပြီး ချက်ချင်းလိုက်ခဲ့ဖို့တဲ့ကွာ"

"နို့ ဘိုးလူပေက ခုမှရောက်တယ်လည်း ဆိုသေး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခုချက်ချင်း လိုက်ခဲ့ရမယ်ဆိုတော့ ခရီးကဘယ်တော့ ထွက်မှာမို့တုံး ကိုကြီးအုန်းညွန့်ရဲ့"

"ဟ…အခု ထွက်မှာတဲ့ဗျာ"

"ဗျာ…ဘိုးလူပေ ဘာတွေများ အရေးကြီးနေပါလိမ့်ဗျာ"

"ဒါတော့ မသိဘူးကွ၊ ခုရောက်ပြီး အခုပြန်ထွက်မှာတဲ့ဟေ့၊ ဒါကြောင့် မင်းကို ချက်ချင်းခေါ်ခိုင်းတာ"

ကျုပ်က အဘနဲ့ အမေ့ဆီမှာ ခွင့်တောင်းပြီး အဝတ်အပိုတစ်စုံကို ဆေးလွယ်အိတ်ကြီးထဲမှာထည့်ပြီး ကိုကြီးအုန်းညွန့်နဲ့ လိုက်ချခဲ့ရတော့တာပေါ့ဗျာ။

ခက်တော့ ခက်သားဗျ။ ဆရာကြီးတွေရဲ့ လမ်းကြောင်းမှာက အခုထိုင်ဆိုရင် ထိုင်ရတာ။ အခုထဆိုရင် ထရတာဗျ။ ကျုပ်ကလည်း ဘိုးလူပေ အရေးတကြီးဖြစ်နေပုံကို ကြားတာနဲ့ တင် လွှတ်စိတ်ဝင်စားနေပြီဗျို့။ ဘန့်ဘွေးကုန်းကိုရောက်တော့ ဘိုးလူပေက ထမင်းစားပြီးလို့ အကြမ်းထိုင်သောက်နေတာဗျ။

ကျုပ်က ဘိုးလူပေကို တွေ့တွေ့ချင်း ကန်တော့လိုက်တယ်။

"မောင်တာတေ နေကောင်းလားကွဲ့၊ မိဘများရော နေထိုင်ကောင်းကြရဲ့လား"

"ကောင်းပါတယ် ဆရာကြီး"

"ကိစ္စက တော်တော်လေး အရေးကြီးနေတာကွဲ့၊ အချိန်မီအောင် သွားရမယ့်ကိစ္စမို့လို့ ကျုပ်က မောင်တာတေကို ချက်ချင်းခေါ်ခိုင်းလိုက်ရတာကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ် အဆင်သင့် ဖြစ်ပါပြီ"

"အေး…သာခုကွယ်၊ သာခု၊ သာခု"

ဘိုးညိုက သူကိုယ်တိုင် လှည်းကောက်ထားတာဗျ။ ဘိုးညိုနွားကြီးတွေက နွားဖြူကြီးတွေက နွားသန်နွားချောကြီးတွေဗျ။

"ကဲ…အုန်းညွန့်၊ မင်းပဲ လိုက်ပို့ပေတော့ကွာ၊ ငါ့ဆရာက တော်တော်ကို အရေးကြီးနေတာကွဲ့၊ မြို့အရောက်ပို့ပြီးမှ ပြန်ခဲ့ပေတော့၊ မြို့ရောက်ရင် လက်စနဲ့ ဈေးလေးဘာလေးလည်း နည်းနည်းပါးပါး ဝယ်ခဲ့ပေါ့ကွာ"

"ဟုတ်ကဲ့ အဘ၊ ကျုပ် လိုက်ပို့လိုက်ပါ့မယ်"

"ကဲ…ဒါဆိုလည်း သွားကြစို့ကွယ်"

ဘိုးလူပေက ပြောပြောဆိုဆိုနဲ့ ရှေ့က ဆင်းရောဗျ။ ကျုပ်က သူ့လွယ်အိတ်ကို ယူလွယ်လိုက်တယ်။ ကျုပ်ဆေးအိတ်







www.burmeseclassic.com

www.burmeseclassic.com



ကို စလွယ်သိုင်းလွယ်ပြီး ဘိုးလူပေအိတ်ကို ပခုံးမှာ လွယ်ရတာပေါ့ဗျာ။

"ဟဲ့ နွား"

ကျုပ်တို့ လှည်းပေါ်ထိုင်ပြီးတာနဲ့ ကိုကြီးအုန်းညွန့်က နွားငေါက်ပြီး ဝိုင်းထဲက ထွက်တော့တာပဲဗျို့။

"ကဲ...ကိုညို ကျုပ်သွားပြီနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့ပါဗျာ"

ဘိုးညိုက ပြတင်းပေါက်မှာရပ်ပြီး ဘိုးလူပေကို လက်အုပ်ချီတယ်ဗျ။

ကိုကြီးအုန်းညွန့်က လှည်းကို ခပ်သွက်သွက်ကို မောင်းနေတာဗျို့။ ကျုပ်တို့ကို မြို့အရောက် ပို့ပြီးရင် သူဈေးဝယ်ရဦးမှာလေ။ ပြီးတာနဲ့ ရွာပြန်ရမှာ၊ မိုးချုပ်မှ အိမ်ပြန်ရောက်မှာပေါ့ဗျာ။ ဒီခရီးမျိုးကို ကျုပ်တို့ အညာသားတွေက သွားနေကျဗျ။

"မောင်တာတေရေ၊ ကိစ္စက သေရေးရှင်ရေးထက် အရေးကြီးတယ်ကွ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မောင်တာတေ၊ ပန်ထွာဘုရင်မဆိုတာ ကြားဖူးသလား"





"ကျုပ် ဝတ္ထုစာအုပ်ထဲမှာတော့ ဖတ်ဖူးသား ဆရာကြီးရဲ့"

"ဩော်...ဟုတ်လား၊ အေး...အခုသွားမယ့်ခရီးက ပန်ထွာဘုရင်မကို အရှအမိ ကယ်ရမယ့်ကိစ္စကွဲ့"

"ဗျာ...ဆရာကြီးကလည်း ကျုပ် ဝတ္ထုစာအုပ်ထဲမှာ ဖတ်ဖူးတာက ပန်ထွာဘုရင်မဆိုတာ ကြာလှပြီပဲဗျာ၊ ပျူခေတ်က ရှိခဲ့တာတဲ့။ ဒါကလည်း ဝတ္ထုလိုလို ပုံပြင်လိုလိုပါ ဆရာကြီးရာ၊ တကယ်ရှိတာ ဟုတ်ချင်မှ ဟုတ်မှာပါ"

ကျုပ်စကားကို ကြားတော့ ဘိုးလူပေက ပြုံးတယ်ဗျ။

"တကယ်ရှိတာပါ မောင်တာတေရဲ့"

"ဟင်...ဟုတ်လား ဆရာကြီး၊ ဒါပေမဲ့ ပန်ထွာဘုရင်မက ပျူခေတ်ကတည်းကပဲဟာ၊ အခု ဘယ်ရှိတော့မှာတုံး ဆရာကြီးရဲ့"

"အခုလည်း ရှိတယ်ကွဲ့"

"ဟင်...ဟုတ်လား ဆရာကြီး၊ ဒါဆိုရင် အသက်ဘယ်နည်းတော့မှာတုံး ဆရာကြီးရဲ့၊ အဘွားအိုကြီး ဖြစ်နေရောပေါ့"

"ကျုပ်လည်း မတွေ့ရသေးဘူးကွဲ့ မောင်တာတေရဲ့"

"ဒီ၊ ပန်ထွာဘုရင်မက ဘယ်မှာနေတာတုံး ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



“အဲ…ဒါလည်း ကျုပ် မသိဘူးကွဲ့”

“ဗျာ…ဆရာကြီး စောစောကပြောတော့ ဘုရင်မကို ကယ်ဖို့ သွားမှာဆို၊ နေရာမသိတော့ ဘယ်လိုများ သွားမှာတုံးဗျာ”

ကျုပ်စကားကို ကြားတော့ ဘိုးလူပေက ပြုံးပြန်ရောဗျ။

“မောင်တာတေ မေးတာ မေးထိုက်ပါတယ်လေ၊ ဒါပေမဲ့ မပူနဲ့ကွဲ့၊ ကျုပ်တို့က တစ်နေရာကို သွားရုံပါပဲ၊ အဲဒီမှာ နေရာသိတဲ့သူက စောင့်နေလိမ့်မယ်”

“ဪ…ဒီလိုလား၊ ဒါနဲ့ ဆရာကြီးရဲ့၊ ကျုပ်ဖတ်ဖူးတဲ့ ဝတ္ထုထဲမှာက ပန်ထွာဘုရင်မက စစ်ရှုံးသွားလို့၊ ဒွတ္တဘောင်ဘုရင်ရဲ့ မိဖုရား ဖြစ်သွားတယ် ဆရာကြီးရဲ့”

“ဟား၊ ဟား၊ ဟား ဒါက ဝတ္ထုဇာတ်လမ်း ရေးကြတာပါကွယ်၊ ဘုရင်မက ဘယ်သူ့မိဖုရားမှ မဖြစ်ခဲ့ပါဘူး၊ ဘုရင်ဖမ်းပြီး ခေါ်သွားတာက ပန်ထွာမိဖုရားရဲ့ နန်းတွင်းမှာ ခစားတဲ့ ပဥ္စလက်အတတ်ကို တစ်ဖက်ကမ်းခတ်အောင်တတ်တဲ့ ရှင်ထွေးဖြူ ပါကွယ်၊ ရှင်ထွေးဖြူက သူတတ်ထားတဲ့ ပဥ္စလက်အတတ်နဲ့ သူ့ကိုယ်သူ ပန်ထွာဘုရင်မနဲ့ ချွတ်စွတ်တူအောင် ဖန်ဆင်းပြီး အဖမ်းခံလိုက်တာပါ။ ဘုရင်ကလည်း ရှင်ထွေးဖြူကို ပန်ထွာဘုရင်မပဲထင်ပြီး မိဖုရားမြှောက်ခဲ့တာပါ။ ဘုရင်မကို ပထမ





ပုဂ္ဂိုလ်ကြီးတွေ ခေါ်သွားပြီး အလယ်ရိုးမပေါ်က တောင်ကြီး တစ်လုံးမှာ ထားလိုက်ကြတာကွဲ့၊ အဲဒီတောင်ကိုလည်း ဘုရင်မတောင်လို့ အမည်ပေးလိုက်ကြတာ၊ ဘုရင်မက အသက်ငါးရာပြည့်တိုင်း ထုံတစ်ခါကူးပြီး နေလာခဲ့တာ မောင်တာတေရဲ့၊ ပန်ထွာဘုရင်မက မသေပါဘူး”

“ထုံကူးတယ်ဆိုတာ ဘာတုံး ဆရာကြီးရဲ့”

“မောင်တာတေ နားလည်အောင် ပြောရရင် အသက်ဆက်တာပေါ့ကွယ်၊ အသက်ဆက်ပြီး ဘဝအသစ်နဲ့ ဆက်နေတာပေါ့ လူကလေးရယ်”

“ဒါဆိုရင် ပန်ထွာဘုရင်မက နတ်သမီး ဖြစ်သွားတာလား ဆရာကြီး”

“ဟာ…မဟုတ်ပါဘူးကွဲ့၊ လူပါပဲ၊ ဒါပေမဲ့ လူ့ဘုံထဲမှာတော့ မရှိတော့ဘူးကွဲ့၊ ဘုံနဲ့ပြောရင် နတ်ဘုံထဲမှာပဲ ထည့်ပြောရတယ်”

“ဒါဆိုရင် ဆရာကြီး ဘုရင်မကို ပန်ထွာလို့ပဲ ခေါ်တာပဲလားဗျ”

“ဟာ…အဲဒီလို မခေါ်ကြတော့ဘူးကွဲ့၊ အထက်ပုဂ္ဂိုလ်ကြီးတွေ ခေါ်တာကတော့ တောင်တော်ဘုရင်မလို့ ခေါ်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း အစကတော့ သူတို့ ပြောပြောနေတဲ့ တောင်တော်ဘုရင်မဆိုတာ ဘယ်သူမှန်းသိတာ မဟုတ်ဘူးကွဲ့၊ အခု ဒီကိစ္စပေါ်လာမှ တောင်တော်ဘုရင်မဆိုတာ ပန်ထွာဘုရင်မကို ခေါ်တာမှန်း သိတာ''

''ပန်ထွာဘုရင်မအကြောင်းကို ဆရာကြီး သိတာ ကြာပြီလား''

ကျုပ်ကလည်း မနေနိုင်ဘူးဗျို့။ လွှတ်စပ်စုတဲ့ကောင်လေဗျာ။

''အထက်ပုဂ္ဂိုလ်ကြီးတွေက အခုကိစ္စကို တာဝန်ပေးတော့မှ ကျုပ်ကို အကျိုးအကြောင်းတွေ ပြောပြကြတာပေါ့ကွယ်''

''ဒီအကြောင်းတွေ ကြားတော့ ကျုပ်ဖြင့် ယုံတောင်မယုံနိုင်အောင် ဖြစ်သွားတာ ဆရာကြီးရဲ့၊ ကျုပ်ကတော့ ဝတ္ထုထဲကအတိုင်း ပန်ထွာဘုရင်မဟာ သရေခေတ္တရာဘုရင်ရဲ့ မိဖုရားဖြစ်သွားတယ်ပဲ ထင်တာဗျ''

ဘိုးလူပေက ခေါင်းခါပြပြီး ပြုံးတယ်။

''ပန်ထွာဘုရင်မက သာမန်မိန်းမ မဟုတ်ဘူးကွဲ့၊ ဆုကြီးပန်ထဲကပဲ မောင်တာတေရဲ့''

''ဆုကြီးပန်ဆိုတာ ဘာတုံး ဆရာကြီးရဲ့''





''ဆုကြီးပန်ဆိုတာက နောင်ပွင့်တော်မူမယ့် အရိမေတ္တေယျဘုရားရှင်လက်ထက်မှာ တစ်ခုခုဖြစ်ဖို့ ဆုတောင်းထားတဲ့သူပေါ့ကွယ်''

''နေပါဦး ဆရာကြီးရဲ့၊ ဝတ္ထုစာအုပ်ထဲမှာ ကျုပ်ဖတ်ဖူးတာကတော့ ပန်ထွာဘုရင်မက သူ့မျက်နှာကိုမြင်တဲ့ ယောကျ်ားတိုင်း မူးမေ့သွားအောင်ကို လှတာဆို''

''ဒါကတော့ ဝတ္ထုရေးဆရာက ရေးဖွဲ့တာပေါ့ကွယ်၊ ဒါပေမဲ့ ကျုပ်လည်း မမြင်ဖူးတော့ အတိအကျတော့ မပြောတတ်ဘူးကွဲ့၊ ကျုပ် မှန်းကြည့်တာတော့ နတ်မိမယ်တွေနီးနီးတော့ လှလိမ့်မယ် ထင်တာပဲကွဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ ဆုကြီးပန်လေကွယ်၊ ဆုကြီးပန် မိန်းမတွေဟာ နတ်မိမယ်တွေလို ချောကြတယ်လို့ ကျုပ်မှတ်သားဖူးတယ် မောင်တာတေရဲ့''

''ဘုရင်မက ဘာဖြစ်လို့ အသက် ဒီလောက်ရှည်အောင် နေနိုင်တာတုံး ဆရာကြီးရဲ့''

''ပျူဘုရင်မဘဝမှာ ပန်ထွာမင်းသမီးဟာ လောကီပညာကို အထွတ်အထိပ်အထိ တတ်မြောက်သွားခဲ့တယ် မောင်တာတေ''

''ဒါဆိုရင် ပန်ထွာဘုရင်မက အသက် ဘယ်လောက်အထိ ရှည်မှာတုံး ဆရာကြီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အတိအကျတော့ ကျုပ်လည်း မသိဘူး မောင်တာတေရဲ့၊ ဒါပေမဲ့ သူတို့တွေက နောက်ဘုရားပွင့်တဲ့အထိတောင် ရှိချင်ရှိကြမှာကွဲ့"

"ဒီကြားထဲမှာ သူတို့တွေ ဘာလုပ်နေကြတာတုံး ဆရာကြီးရဲ့"

"ဗုဒ္ဓရဲ့ သာသနာကို ပိုင်းပြီးစောင့်ရှောက်နေကြတာကွဲ့၊ ဗုဒ္ဓရဲ့ သာသနာမကွယ်အောင်၊ အန္တရာယ်ကင်းအောင် ရှည်ကြာအောင်၊ စောင့်ရှောက်ကြတာပေါ့ကွယ်။ အကြောင်းအမျိုးမျိုးကြောင့် တစ်နေရာမှာ သာသနာကွယ်သွားရင် နောက်တစ်နေရာမှာ ထွန်းကားနေအောင် ပိုင်းပြီးစောင့်ရှောက်ကြရတယ် မောင်တာတေရဲ့။ ဗုဒ္ဓရဲ့ သာသနာ အိန္ဒိယမှာ ကွယ်တော့ သီဟိုဠ်မှာ ထွန်းခဲ့တယ်၊ သီဟိုဠ်မှာ ကွယ်တော့ မြန်မာပြည်မှာ ထွန်းခဲ့တယ်၊ အဲဒီလို သာသနာ မကွယ်အောင် ပိုင်းပြီးစောင့်ရှောက်ကြရတာပေါ့ကွယ်"

ဘိုးလူပေ ရှင်းပြတော့မှ ကျုပ် နားလည်သွားတာဗျ။ အရင်တုန်းကတော့ ပထမံတွေ၊ ဝိဇ္ဇာဓိုရ်တွေဆိုတာ ဘာအတွက် အသက်အရှည်ကြီး နေကြမှန်း ကျုပ် မသိဘူးဗျ။ အခုမှ သိတာ။ သူတို့လည်း သူတို့ဘုံဘဝတစ်ခုနဲ့ နေကြတာတဲ့ဗျ။ ဒါပေမဲ့ သူတို့ ဘုံဘဝကို နတ်ဘုံထဲမှာပဲထည့်ပြီး ရေတွက်ရတာတဲ့ဗျို့။ လူတွေ





အနေနဲ့ သူတို့ကို မမြင်နိုင်ဘူးဗျ။ သူတို့အချင်းချင်းပဲ မြင်ရတာလို့ ပြောတယ်။

"နေပါဦး ဆရာကြီးရဲ့၊ အခု ပန်ထွာဘုရင်မက ဘာအကြောင်းဖြစ်နေလို့ ဆရာကြီးက အရအမိ ကယ်ရမယ်လို့ ပြောတာတုံး"

ကျုပ်ကလည်း လွှတ်စပ်စုတဲ့ကောင်ပါဗျာ။

"ဒီအကြောင်းကို ပြောခွင့်မရှိသေးဘူး မောင်တာတေရဲ့၊ နောက်တော့ ဖြည်းဖြည်း ကျုပ်ပြောပါ့မယ်"

"ဟဲ့နွား၊ ဟာ ဒီနွားဟာ၊ ဟဲ့ ဖြူကြီး၊ တည့်တည့်ဆွဲလေ၊ ပေကပ်ကပ် မလုပ်နဲ့လေ၊ တောက်"

ကိုကြီးအုန်းညွှန့်ရဲ့ နွားငေါက်သံကို နားထောင်ရင်း နတ်သမီးလောက် လှတယ်ဆိုတဲ့ ပန်ထွာဘုရင်မအကြောင်းကို ကျုပ်တွေးနေမိတော့တာပေါ့ဗျာ။

မြို့ကိုရောက်တော့ ညနေ သုံးနာရီကျော်ပြီဗျ။

ကိုကြီးအုန်းညွှန့်ကို နှုတ်ဆက်ပြီး ထားခဲ့တယ်။ ဘိုးလူပေက ကျုပ်ကို လယ်တီကျောင်းတိုက်ကို ခေါ်လာခဲ့တယ်။ အဲဒီည ကျုပ်နဲ့ ဘိုးလူပေ လယ်တီကျောင်းမှာ ညအိပ်ကြတယ်။

နောက်တစ်နေ့မနက် အစောကြီးထွက်တဲ့ကားနဲ့ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်တယ်။ မန္တလေးမှာ ညမအိပ်တော့ဘဲ ကားပြောင်းစီးရတယ်။ ပိသနုိးမြို့ဟောင်းရောက်တော့ ဘိုးလူပေနဲ့ ကျုပ်နဲ့ ကားပေါ်က ဆင်းနေခဲ့ကြတယ်။ တောင်တွင်းကြီးကိုတောင် ကျုပ်တို့ မဝင်ဘူးဗျ။ ဘိုးလူပေက ရွှေရောင်တော်ဘုရားကို တန်းသွားတယ်။ ကျုပ်လည်း ဘိုးလူပေလိုပဲ သုတ်ခြေတင်သွားရတာဗျ။ ရွှေရောင်တော်ဘုရားကို ရှိခိုးပြီး အသံကျယ်ကျယ်နဲ့ ပြောတော့တာပဲဗျို့။

"နောင်တော် ပထမံဘုရား၊ ညီတော်မောင်လူပေ ရွှေရောင်တော်ကို ရောက်ပါပြီဘုရား၊ နောင်တော် အခေါ်တော်ရှိတဲ့ မောင်တာတေလည်း ပါလာပါပြီဘုရား"

ဘိုးလူပေက လူတစ်ယောက်ကို ကြားအောင် လှမ်းပြောနေတဲ့ပုံပဲဗျ။ ကျုပ်ကလည်း ဘုရားရှိခိုးရင်း ဘိုးလူပေ ပြောတာကို နားထောင်နေလိုက်တာပေါ့ဗျာ။

"မောင်လူပေ ကျုပ် ရောက်နေပါပြီကွဲ့"

ဟာ၊ ကျုပ်တို့နောက်က အသံတစ်သံ ပေါ်လာတာဗျ။ ဘိုးလူပေရော့ကျုပ်ရော နောက်ကို ချာကနဲ လှည့်ကြည့်လိုက်တယ်။

"ဟာ"

ကျုပ်ဖြင့် အံ့သြပြီး အော်လိုက်မိတဲ့အထိပါပဲဗျာ။





အသက်သုံးဆယ်လောက် ရှိပြီဗျ။ အရပ်က မနိမ့်မမြင့်၊ အသားက ဝင်းနေပြီး သွေျာင်တစောင်းလေးနဲ့ဗျ။ ပိုးသားကို ချုပ်ထားတဲ့ ရှမ်းဘောင်းဘီနဲ့ ရှမ်းတိုက်ပုံအနက်ကို ဝတ်ထားတယ်။ ရှမ်းတိုက်ပုံမှာက ရွှေချည်တွေ ထိုးထားတယ်။ ခေါင်းမှာလည်း ရွှေချည်ထိုးထားတဲ့ ပိုးပုဝါအနက်ကလေး ပေါင်းထားတယ်။ မျက်နှာက ကြည်လင်ပြီး မျက်လုံးတွေက အရောင်တောက်နေတယ်ဗျ။ ကျုပ်တို့ကို ပြုံးပြီး နှုတ်ဆက်တယ်။

"မောင်လူပေ၊ မောင်တာတေဆိုတာ ဒီသူငယ်လားကွဲ့"

"ဟုတ်ပါတယ် နောင်တော်ဘုရား"

ဘိုးလူပေက ရိုရိုသေသေကို ရှိခိုးတာဗျ။ ကျုပ်လည်း ရှိခိုးရတာပေါ့ဗျာ။ ဒါပေမဲ့ ဘိုးလူပေက အသက်ခြောက်ဆယ်လောက်ဗျ။ ဘိုးလူပေ နောင်တော်လို့ခေါ်ပြီး ရှိခိုးနေတဲ့သူက အသက် သုံးဆယ်လောက်ပဲ ရှိသေးတာ။ ကျုပ် တော်တော် အံ့သြသွားတာ ပေါ့ဗျာ။

"မောင်တာတေ၊ ဒါက ပထမံဆရာ ဦးစန္ဒာကွဲ့၊ မင်းက ဦးကြီးတော်ဘုရားလို့ ခေါ်နိုင်တယ်"

"မောင်တာတေက သတ္တိအလွန်ကောင်းတယ်လို့ ဦးကြီးတော် ကြားဖူးတယ်၊ ဟုတ်သလားကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း ကြောက်တာပါပဲ၊ ဦးကြီးတော်"

"ဟာ…မောင်တာတေ၊ ဦးကြီးတော်ကို ကျုပ်လို့ မပြောရဘူးကွဲ့၊ တူတော်လည်း ကြောက်တတ်ပါတယ်လို့ ပြောရတယ်"

"ခွင့်လွှတ်ပါ၊ နောင်တော်ဘုရား၊ မောင်တာတေလေးက တောသားလေးမို့ပါဘုရား"

"မောင်လူပေရယ်၊ ဘာထူးလို့တုံးကွယ်၊ ကျုပ်တို့လည်း တောသားတွေပဲ မဟုတ်လား"

"မောင်တာတေရဲ့ သတင်းတွေကို ကြားရတာ ဦးကြီးတော်ဖြင့် သဘောကျသကွယ်၊ မောင်တာတေက စွန့်စားရတာတွေကို သဘောကျတယ်ထင်တယ်"

"ဟုတ်ပါတယ် ဦးကြီးတော်ဘုရား၊ တူတော်က ထူးထူးဆန်းဆန်းတွေကို စိတ်ဝင်စားပြီး စွန့်စွန့်စားစား လုပ်ရတာကို သဘောကျပါတယ်ဘုရား"

ကျုပ်ပြောတာကို ဘိုးလူပေက ခေါင်းညိတ်ပြတယ်ဗျ။

"အေး…ဒါဆိုရင်တော့ ဟန်ကျတာပေါ့ကွယ်၊ အခုခရီးကလည်း ဘယ်လောက်စွန့်စားရမလဲ မပြောတတ်သေးဘူးကွဲ့ မောင်တာတေရဲ့"

"မှန်ပါ့ဘုရား၊ တူတော် စွန့်စားဖို့ အဆင်သင့်ပါပဲဘုရား"





"မောင်လူပေရေ၊ ကျုပ်လည်း အခုမှပဲ ပြည်တော်ဝင်ခွင့်ရတာကွဲ့၊ ထွက်ရပ်လမ်းမြန်းပြီးချိန်ကတည်းက တစ်ခါမှကို ပြည်တော်ဝင်ဖို့ အခွင့်မသာခဲ့ဘူးလေကွယ်၊ ဒီတစ်ခါမှပဲ အခွင့်သာတော့တာကွဲ့"

"မှန်ပါ့ နောင်တော်ဘုရား"

"မင်း ဒီသူငယ်လေးကို သွားခေါ်နေသခိုက်မှာ မဖူးရတာ ကြာနေတဲ့ ရွှေတိဂုံဘုရားကြီးတို့ မဟာမြတ်မုနိဘုရားကြီးတို့ကို ကျုပ် လိုက်ဖူးနေတာကွဲ့ မောင်လူပေရဲ့၊ ပြည်ရွှေဆံတော်ကိုတောင် ကျုပ်ရောက်သေးတယ်"

ပန်ထွာဘုရင်မ ရှိတဲ့နေရာကိုသိတာ ဦးကြီးတော်ပဲ ဖြစ်မယ်လို့ ကျုပ်တွေးလိုက်တယ်။ ကျုပ်တွေးတာကို ဦးကြီးတော်က ချက်ချင်းသိတာဗျ။

"မောင်လူပေ၊ လမ်းမှာ မောင်တာတေကို အနည်းအပါး ပြောခဲ့ပြီးပြီထင်တယ်"

"ဟုတ်ပါတယ် နောင်တော်၊ မောင်တာတေ သိသင့်သလောက် ပြောပြီးပါပြီဘုရား"

"အေး အေး…ကောင်းတယ်၊ ကောင်းတယ်၊ ဦးကြီးတော် ဘုရင်မ နေတဲ့နေရာကို သိပါတယ်ကွယ်၊ ဦးကြီးတော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အထက်က ပုဂ္ဂိုလ်မြတ်ကြီးတွေက ဦးကြီးတော်ကို သေသေချာချာ လမ်းညွှန်လိုက်ကြပါတယ်"

ဦးကြီးတော်က ကောင်းကင်ကို မော့ကြည့်တယ်။

"မောင်လူပေရေ၊ အချိန်မလင့်ခင် ခရီးစထွက်မှထင်တယ်ကွဲ့၊ ကဲ လာ၊ သွားကြစို့"

ဦးကြီးတော်ကပဲ ဦးဆောင်ပြီး ရှေ့က သွားတာဗျ။ ရွှေရောင်တော်ဘုရားကနေ တော်တော်သွားလိုက်တော့ တောစပ်ကို ရောက်တယ်ဗျ။

"ဟာ...မြင်းတွေပါလား"

ကျုပ် အံ့သြပြီး ပြောလိုက်မိတာဗျ။

"မောင်တာတေ မြင်းရော စီးတတ်ရဲ့လား"

ဦးကြီးတော်က ကျုပ်ကို မေးတာဗျ။

"မှန်ပါ့ ဦးကြီးတော်ဘုရား၊ တူတော် စီးတတ်ပါတယ်ဘုရား"

မြင်းကြီး သုံးကောင်ဗျ။ လှလိုက်တဲ့ မြင်းတွေဗျာ။ သုံးကောင်လုံး မြင်းဖြူကြီးတွေပဲဗျို့။ အလုံးရော ဒေါက်ရော မြင့်လိုက်တာဗျာ။ မြင်းသုံးကောင်စလုံးမှာ ကုံးတွေတပ်ပြီးသားဗျ။ ဦးကြီးတော် ပထမဦးစွာက မြင်းကြီးတစ်ကောင်ပေါ်ကို လွှားကနဲ ခုန်တက်လိုက်တယ်။ ဦးကြီးတော် စီးတဲ့မြင်းရဲ့ဘေးမှာ လှံတံတစ်ချောင်း စိုက်ထားတယ်။ လှံက အသွားသုံးခွနဲ့လှံဗျ။ ခရင်းခွလိုပုံစံပေါ့ဗျာ။ ဘိုးလူပေကလည်း မြင်းတစ်ကောင်ပေါ်ကို တက်လိုက်တယ်။ ကျုပ်က ကျန်တဲ့မြင်းတစ်ကောင်ပေါ်ကို တက်တယ်။ ကျုပ်က ငယ်တော့ ခြေနင်းကွင်းကိုနင်းပြီး လွှားကနဲ ခုန်တက်ရတာပေါ့ဗျာ။ ခင်ဗျား မှတ်မိမှာပါ။ ကျုပ်ရေးခဲ့တဲ့ **'ကျောက်တလားချောင်း'** ဝတ္ထုထဲမှာ တိမ်ညိုဆိုတဲ့ မြင်းကြီးကို စီးပြီး သွားခဲ့တာလေဗျာ။ ကျုပ်က မြင်းကောင်းကောင်းစီးတတ်ပါတယ်။ ကျုပ်တို့အညာမှာက လူချမ်းသာတွေ တော်တော်များများ မြင်းစီးကြတာပဲဗျ။ ကျုပ်မှာ မြင်းမရှိပေမယ့် သူများမြင်းတွေကို ကျုပ် အကုန်စီးဖူးတာချည်းပဲလေဗျာ။





ဒီမြင်းတွေကို ဦးကြီးတော် ယူလာတာလား။ ဒီမြင်းကောင်းကြီးတွေဟာ ဘယ်သူ့မြင်းတွေများတုံးလို့ ကျုပ်တွေးနေမိတာဗျ။

"လူကလေး မောင်တာတေ၊ မြင်းတွေကို ကိုးမြို့ရှင် ယူလာပေးတာကွဲ့၊ ကိုးမြို့ရှင်ကို မောင်တာတေက မမြင်ရဘူးလေကွယ်၊ ကျုပ်တို့ကိစ္စ ပြီးသွားတော့ သူ့မြင်းတွေ သူ့ကို ပြန်ပေးရမှာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ကျုပ်စိတ်က တွေးသမျှကို ရှေ့ဆုံးက မြင်းနဲ့သွားနေတဲ့ ဦးကြီးတော်က အကုန်သိနေပါရောလားဗျာ။ ဒီအတိုင်းဆိုရင်တော့ တာတေ ဘာမှမတွေးမှဖြစ်မယ်ထင်တယ်။

ပိသနိုးမြို့ဟောင်းကနေ ခရီးစခဲ့တာဗျ။ ဘိုးလူပေနဲ့ ကျုပ်စီးတဲ့ မြင်းနှစ်ကောင်မှာ ရိက္ခာအိတ်တွေ ချိတ်ထားတယ်ဗျ။ ဦးကြီးတော်စီးတဲ့ မြင်းမှာတော့ ရိက္ခာအိတ် မပါဘဲ လုံတံတစ်ချောင်းပဲ ပါလာတာဗျ။ ကျုပ်တို့ ရိက္ခာအိတ်ထဲမှာ ဦးကြီးတော်အတွက်ပါ ပါပုံရတယ်လို့ တွေးနေတာပေါ့ဗျာ။

"လူကလေး မောင်တာတေ၊ ဟိုတွေး ဒီတွေး မတွေးနဲ့ကွဲ့၊ စိတ်ဆိုတာ လွှတ်ထားရင် ဒီအတိုင်းပဲ၊ ဂုဏ်တော်ပွားနေ၊ ဂုဏ်တော်ပွားနေ"

ဦးကြီးတော်က ကျုပ်ကို လှမ်းပြောပြန်ရောဗျ။

"မှန်ပါ့ဘုရား"

လို့ ကျုပ်က ပြန်ပြောလိုက်ရတာပေါ့ဗျာ။ ဘိုးလူပေကတော့ ကျုပ်ကို တစ်ချက်လှမ်းကြည့်ပြီး ပြုံးတယ်ဗျ။ မြင်းတွေနှင်နေတဲ့ ရှေ့တူရှုကို ကျုပ်လှမ်းကြည့်လိုက်တော့ ရိုးမတောင်တန်းကြီးဗျ။ ဒါ အလယ်ရိုးမပဲ ဖြစ်မယ်လို့ ကျုပ်တွေးလိုက်မိတယ်။





"မောင်လူပေ၊ မောင့်တာတေကို ခရီးလမ်းပန်းကိစ္စ နည်းနည်းပါးပါး ပြောပါဦးကွယ်"

ဦးကြီးတော်က ရှေ့ကသွားရင်း ဘိုးလူပေကို လှမ်းပြောတာဗျ။ ကျုပ်မြင်းနဲ့ ဘိုးလူပေရဲ့မြင်းက ယှဉ်လျက်သား သွားနေကြတာလေဗျာ။

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ ပန်ထွာဘုရင်မက ထုံကူးတာ နှစ်တစ်ရာ ပြည့်ပြီကွဲ့၊ ဒီတစ်ခါ ထုံကူးပြီးရင် အနှစ်တစ်ထောင်တိတိ ဒီအတိုင်းနေသွားလို့ရပြီကွဲ့"

"ဟာ…ဟုတ်လား ဆရာကြီး"

"အေး…အဲဒီနေရာမှာ အနှောင့်အယှက်တွေ ပေါ်လာတော့တာပဲကွယ်၊ အသက်တစ်ထောင်ကျော်ရှိတဲ့ ကဝေမကြီးတစ်ယောက် ယောနယ်မှာ ရှိတယ်ကွဲ့၊ သူက မကြာခင် သက်တမ်းကုန်တော့မှာ၊ သူ့အသက်ကို နောက်ထပ် ဆွဲဆန့်လို့လည်း မရတော့ဘူး၊ ဒီတော့ ကဝေမကြီးက သေမှာ သိပ်ကြောက်နေတာ မောင်တာတေရေ"

"ဟင်…ဘာဖြစ်လို့တုံး ဆရာကြီးရဲ့၊ လူတိုင်း တစ်နေ့ သေမှာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ မောင်တာတေ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကဝေ သေရင် အစီစိုင်ရဲ့မှာ ခံရမှာလေကွယ်၊ သူက နှစ်ပေါင်းများစွာ မကောင်းတာတွေချည်း လုပ်ခဲ့တာမို့လား၊ ဒီတော့ အစီစိကို ဆင်းရတော့မှာလေ၊ ဒီမှာတင် ဒီကဝေမက မကြံစည်သင့်တာကို ကြံတော့တာပေါ့ကွယ်''

''ဟင်…ဘာတွေကြံလို့တုံး ဆရာကြီးရဲ့''

''ပန်ထွာဘုရင်မရဲ့ ဝိညာဉ်နဲ့ သူ့ရဲ့ဝိညာဉ်ကို နေရာချင်းလဲဖို့ပေါ့ကွယ်''

''ဗျာ…ဘယ်လိုများတုံး ဆရာကြီးရဲ့''

''ဒီလိုကွဲ့ မောင်တာတေရဲ့၊ ပန်ထွာဘုရင်မက ထုံကူးတဲ့အချိန်မှာ သူ့ရဲ့ ဝိညာဉ်ကို ဇမ္ဗူရစ်ရွှေစင်နဲ့ သွန်းလုပ်ထားတဲ့ ဝိညာဉ်ဘူးထဲမှာ ထည့်ထားတာ၊ ပြောရရင်တော့ ရုပ်က တစ်နေရာ၊ ဝိညာဉ်က တစ်နေရာပေါ့ကွယ်၊ အဲဒီဝိညာဉ်ကို ပိသနိုးက ထွက်လာကတည်းက ပါလာတဲ့ ကိုယ်ရံတော်တပ်မှူးနဲ့ တပ်သားကိုးယောက်က စောင့်ကြရတာ''

''ဗျာ၊ ပိသနိုးက ကိုယ်ရံတော်တွေ ဟုတ်လား ဆရာကြီး၊ ဒီလူတွေက အခုအထိ ရှိသေးလို့လား''

''ရှိတယ် မောင်တာတေ၊ လူ့ဘုံမှာမှ မဟုတ်တော့တာ၊ ကျုပ် မောင်တာတေကို ပြောခဲ့တယ်လေ၊ သူတို့ကို ဘုံစဉ် ရေရင်





တော့ နတ်ဘုံမှာ ထည့်ရေတွက်ရတယ် ဆိုတာလေ''

''ဪ…ဘုရင်မရဲ့ ကိုယ်ရံတော်တပ်က အခုထိ ရှိနေသေးတာကိုး''

ကျုပ်က အံ့သြပြီး ပြောလိုက်မိတာဗျ။

''ရှိတယ် မောင်တာတေ၊ ရှိတယ်၊ ဘုရင်မရဲ့ ဝိညာဉ်ထည့်တဲ့ ရတနာရွှေကြုတ်ကို သူ့ကိုယ်ရံတော်တွေကပဲ စောင့်နေကြတာပါကွယ်၊ အဲဒါကို ကဝေမကြီးက ဘုရင်မရဲ့ ဝိညာဉ်ကို ရအောင်လုယူပြီး ဘုရင်မ ထုံကပြန်ထမယ့်အချိန် အတိအကျကို စောင့်လိမ့်မယ်၊ အဲဒီအချိန်မှာ သူ့ရဲ့ ဝိညာဉ်ကို ဘုရင်မရဲ့ ကိုယ်ထဲကို ဝင်ပြီး ဘုရင်မရဲ့ ဝိညာဉ်ကို သူ့ကိုယ်ထဲ သွင်းလိမ့်မယ်ကွဲ့''

''ဟာ…ဒီကဝေမကြီးက တော်တော်ကို စွမ်းတာပါလား ဆရာကြီးရဲ့''

''စွမ်းတယ်ကွဲ့၊ မောင်တာတေရဲ့၊ ဘုရင်မရဲ့ ဝိညာဉ်တော်ကို ပထမံပုဂ္ဂိုလ်တွေကလွဲရင် ဘယ်သူမှ ကိုင်ခွင့်ရှိတာမဟုတ်ဘူးကွဲ့၊ ဒါပေမဲ့ ပထမံပုဂ္ဂိုလ်ရဲ့ ခွင့်ပြုချက်ရရင်တော့ ကိုင်ခွင့်ရှိတာပေါ့ကွယ်၊ ဘုရင်မ ဝိညာဉ်ခွာတုန်းကလည်း ပထမံပုဂ္ဂိုလ်ကြီးတစ်ယောက်လာပြီး ရတနာရွှေကြုတ်မှာထည့်ပြီး လုံခြုံတဲ့နေရာမှာ ထားပေးရတာ၊ ဒါကိုမှ သူ့ရဲ့ ကိုယ်ရံတော်တပ်က



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြတာပေါ့ကွယ်၊ ဘုရင်မ ထုံက နိုးမယ့်အချိန်မှာလည်း ပထမံပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး ဝိညာဉ်ကြုတ်ကို ထုတ်ယူရတယ်၊ ပြီးတော့မှ ဘုရင်မ နိုးချိန်မှာ ဝိညာဉ်ကြုတ်ကိုဖွင့်ပြီး ခန္ဓာကိုယ်ထဲကို ပြန်ထည့်ပေးရတာကွဲ့"

"ဩော်…ဒီလိုလား"

"အေး‥အခု ဘုရင်မ ထုံကနေနိုးမယ့်အချိန်မှာ ဒီကဝေမက ပထမံပုဂ္ဂိုလ်တွေထက် ဦးအောင်လာပြီး ယုတ်ယုတ်မာမာ ကြံစည်မလို့ပဲကွဲ့"

"အဲဒီလို လုပ်နိုင်ခဲ့ရင် သူ့ ဘာတွေဖြစ်မှာတုံး ဆရာကြီးရဲ့"

"ဟ…မောင်တာတေ၊ ဘုရင်မလို အသက်ထောင်နဲ့ချီပြီး သူနေတော့မှာပေါ့၊ ပြီးတော့ ရုပ်ကလည်း ဘုရင်မရဲ့ရုပ်လေ၊ နတ်မိမယ်လောက်လှတဲ့ ဘုရင်မလေကွယ်၊ အဲဒီရုပ်ကို ကဝေမကြီးက အပိုင်သိမ်းတော့မှာပေါ့ကွယ်၊ ဘုရင်မရဲ့ ဝိညာဉ်ကတော့ ကဝေမကြီးရဲ့ ကိုယ်ထဲကိုရောက်ပြီး ကဝေမကြီး ဖြစ်နေတော့မှာပေါ့၊ ဒီမှာတင် သူက ဘုရင်မကို နှစ်ပေါင်းများစွာ ချုပ်နှောင်ဖမ်းဆီးထားမှာပေါ့ကွယ်"

"ဟာ တော်တော်ယုတ်မာတဲ့ကဝေမကြီးပါလားဗျာ"





"ဩော်…မောင်တာတေရယ်၊ ကဝေပါဆိုမှကွယ်၊ ဘယ်မှာ အကောင်းကြံပါ့မတုံး"

ဦးကြီးတော်နဲ့ ကျုပ်တို့ စီးလာတဲ့ မြင်းတွေ တောင်ခြေကို ရောက်ပြီဗျ။ ကျုပ်က ညို့မှိုင်းနေတဲ့ ရိုးမတောင်ကြီးကို တစ်ချက်မော့ကြည့်တယ်။ ဒီတောင်တန်းကြီးရဲ့ ဘယ်နေရာမှာ ဘုရင်မတောင်တော် ရှိပါလိမ့်လို့ ကျုပ်တွေးလိုက်မိတယ်ဗျ။

ဦးကြီးတော်နဲ့ ဘိုးလူပေက ကောင်းကင်အနေအထားကို မော့ကြည့်တယ်။

"မောင်လူပေ ဟိုမှာ ကြည့်ကွဲ့"

ဦးကြီးတော် ကြည့်ခိုင်းတဲ့နေရာကို ဘိုးလူပေက မော့ကြည့်တယ်။ ကျုပ်လည်း လိုက်ကြည့်တာပေါ့ဗျာ။ လင်းတတွေဗျ။ အကောင်နှစ်ဆယ်လောက် ရှိမယ်ဗျ။ ကောင်းကင်မှာ ဝဲနေတာဗျို့။

"ကဝေမက ကျုပ်တို့ လိုက်လာမယ်ဆိုတာ တွက်ထားပြီးသားကွဲ့၊ ကျုပ်တို့ လွယ်လွယ်နဲ့ သူ့ဆီကို မရောက်လာအောင် တစ်လမ်းလုံး နှောင့်ယှက်ဖို့ သူ့ရဲ့ တပည့်တပမ်းတွေကို ချထားခဲ့ပြီးသားကွဲ့၊ သူ့ရဲ့ တပည့်တပမ်းတွေ ဆိုတာကလည်း ပညာအနုအရင့် အမျိုးမျိုးတော့ ရှိမှာပေါ့လေ၊ ဒါပေမဲ့ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ခရီးမှာ ပညာနုတဲ့သူတော့ ခေါ်လာမယ် မထင်ဘူးကွဲ့၊ ဒီတော့ သတိသာ ထားပေတော့၊ မောင်လူပေရေ”

“စိတ်ချပါ နောင်တော်ဘုရား၊ သူတို့လိုပဟာမျိုးတွေ အကောင်တစ်ထောင် လာပါစေ၊ တပည့်တော် မမှုပါဘူး နောင်တော်၊ တပည့်တော်ဟာ ကဝေပျံနဲ့ မောက်ကတော်က မွေးခဲ့တဲ့သူပါ၊ တပည့်တော်ရဲ့ ကိုယ်ထဲမှာ စီးနေတဲ့သွေးကို ပြောင်းပြန်ပြန်စီးအောင် နောင်တော်တို့ ပထမံတွေပဲ စီမံပေးခဲ့ကြတာမို့လား၊ တပည့်တော် လူပေဟာ တိုက်ပွဲတိုက်နေတဲ့အချိန်မှာ အဲဒီကဝေတွေရဲ့စိတ်ကို သိနေတဲ့သူပါဘုရား၊ ဒင်းတို့ ဘာလုပ်ဖို့ ကြံစည်တယ်ဆိုတာကို ကြိုသိနေတဲ့သူပါဘုရား၊ ဒါကြောင့် ဘယ်လောက်စွမ်းတဲ့ ကဝေဖြစ်ဖြစ် တပည့်တော် ယှဉ်ဝံ့ပါတယ်ဘုရား”

“အေး…သာဓု! သာဓု၊ သာဓု မောင်လူပေ”

ကျုပ်တို့မြင်းတွေ ရိုးမပေါ်ကို စပြီးတက်ပြီဗျို့။ ဦးကြီးတော် ပထမံဦးစန္ဒာကပဲ ဦးဆောင်ပြီး ရှေ့ကသွားတာဗျို့။

တောင်နှစ်တောင်လောက်ကို ဆင်းလိုက် တက်လိုက်လုပ်ပြီးတဲ့အချိန်မှာ လင်းတတွေ ဝဲနေတဲ့တောင်ကို ကျုပ်တို့စတက်ခဲ့ကြရောဗျို့။ တောင်က ခပ်နိမ့်နိမ့်ဗျ။ သစ်ခုတ်သမားတွေ၊ ဝါးခုတ်သမားတွေရဲ့ တဲလေးတွေကို ခပ်လှမ်းလှမ်းမှာ လှမ်းမြင်





နေရတယ်။ တဲတွေပေါ်မှာ မီးခိုးတွေ အူလို့ပေါ့ဗျာ။ ထမင်း၊ ဟင်းတွေ ချက်ပြုတ်နေကြတယ် ထင်ပါရဲ့ဗျာ။ ဩော် ပြောရဦးမယ်ဗျို့။ ကျုပ်တို့ ရွှေရောင်တော်က ထွက်လာတဲ့အချိန်က မနက်နေထွက်စအချိန်လေးဗျ။ ဒီတော့ ဒီတဲတွေက မနက်စာ ချက်နေကြတာရှိမှာပေါ့ဗျာ။

သိပ်မတက်ရဘူးဗျ။ ကျုပ်တို့ တောင်ထိပ်ကို ရောက်လာတယ်။

“နောင်တော်ဘုရား၊ ဘေးကို ခဏရှောင်နေပါဘုရား၊ စုန်းမတွေ ဒီလောက်များပုံထောက်ရင် ဒီတောင်ပေါ်မှာ ကဝေကြီးကြီးတစ်ယောက် ရှိနေပုံပဲဘုရား၊ တပည့်တော်တို့ ဒီတောင်ကို ဒီအတိုင်း ကျော်သွားခွင့်ပေးမှာ မဟုတ်ဘူးဘုရား”

ဦးကြီးတော်က လမ်းဘေး ခပ်လှမ်းလှမ်းကို ဖယ်ပေးလိုက်တယ်။

“မောင်တာတေ လာကွဲ့၊ ဒီအလုပ်တွေက ကျုပ်ရဲ့အလုပ်တွေပဲ၊ နောင်တော်တို့ လုပ်ရမယ့်အလုပ်တွေ မဟုတ်ဘူး”

ကျုပ်က ကျုပ် စလွယ်သိုင်းလွယ်လာတဲ့ ဘိုးလူပေရဲ့ ဆေးလွယ်အိတ်ကိုဖြုတ်ပြီး လှမ်းပေးလိုက်တယ်။ ဘိုးလူပေက သူ့ဆေးလွယ်အိတ်ကို လှမ်းယူပြီး အထဲက ‘ကဝေစက်ဖြုတ်’



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေးကို ထုတ်ယူလိုက်တယ်။

လက်ကို ဆန့်ထုတ်ပြီး မန္တန်ရွတ်တယ်။ ဘိုးလူပေ မန္တန်ရွတ်ရင် ကျုပ်က သိပ်သဘောကျတာဗျ။ လွတ်နားထောင်လို့ ကောင်းတာ။ သစ္စာဆိုတဲ့အပိုင်းမှာ အသံက ဂီတသံ ခပ်ပြေပြေ လွင်လွင်ကို နားထောင်ရသလိုပဲ။ အမိန့်ပြန်တဲ့အပိုင်းကို ရောက်လာရင်တော့ ဂီတသံအပြင်းစားတစ်ခုကို နားထောင်နေရသလိုပါပဲ ဗျာ။

ဟော 'ကဝေစက်ဖြတ်' အရုပ်ကလေး ဝင်းကနဲ ဝင်းကနဲ အလင်းရောင်တွေ ထွက်လာပြီဗျို့။ ဟော ပျံပြီ၊ ပျံပြီ။ ကဝေစက်ဖြတ်အရုပ်ကလေး ဘိုးလူပေရဲ့ လက်ထဲကနေ ဝီးကနဲမြည်ပြီး ပျံထွက်သွားပြီဗျို့။ တောင်ထိပ်မှာ ဝဲနေတဲ့ လင်းတတွေဆီကို တန်းပြီး ပျံသွားတာဗျို့။ ဟာ…ကဝေစက်ဖြတ်ရုပ်ကလေးကနေ ဝင်းကနဲ အလင်းတွေ ဖြာထွက်သွားပြီး လင်းတတွေကို ထိသွားပြီဗျို့။ သွားပြီဗျို့။ လင်းတတွေ အောက်ကို ဇောက်ထိုးကြီးတွေ ကျကုန်ပြီဗျို့။ ဟော အမြင့်ဆုံးမှာ ပျံနေတဲ့ လင်းတကြီး သုံးကောင်ပဲ ကျန်တော့တယ်ဗျို့။ ဟာ…ကျန်တဲ့ လင်းတသုံးကောင်က နောက်ကိုလှည့်ပြီး ပျံပြေးပြီဗျို့။

"မောင်တာတေ၊ အဲဒီလင်းတတွေကို လိုက်ကြည့်ထား"





ကျုပ်က မြင်းပေါ်ကနေ သေသေချာချာ လိုက်ကြည့်ထားလိုက်တယ်ဗျ။ ဘိုးလူပေက မန္တန်တစ်ခုကို ရွတ်ပြီး လက်ဝါးနှစ်ဖက်ကို ရှေ့ကို ထုတ်ထားလိုက်တယ်ဗျ။ ဟာ…ပျံလာပြီဗျို့။ ဝင်းကနဲ၊ ဝင်းကနဲ အလင်းရောင်တွေလက်ပြီး ကဝေရုပ်ကလေး ပျံလာပြီဗျ။ ဘိုးလူပေက ကဝေရုပ်ကလေးကို လက်နှစ်ဖက်နဲ့ ဖမ်းယူလိုက်တယ်။

"ကဲ..မောင်တာတေ၊ ဟိုစုန်းမသုံးယောက် ဘယ်နေရာကို ဆင်းသွားတာ တွေ့တုံးကွဲ့"

စုန်းမသုံးယောက်ဆိုတာ စောစောက လင်းတသုံးကောင်ကို ပြောတာဗျ။

"ဟိုမှာ မြင်နေရတဲ့ တောင်စွယ်လေးကို ဆင်းသွားတယ် ဆရာကြီး"

"ဒါဆိုရင် သူတို့ရဲ့ လ.ပ်တော်မောင် ကဝေက အဲဒီမှာ ရှိနေလို့ပေါ့ကွယ်၊ ကဲ..မြင်းပေါ်ကဆင်း၊ အဲဒီကို သွားရအောင်"

ကျုပ်ရော ဘိုးလူပေရော မြင်းပေါ်ကဆင်းပြီး မြင်းဖြူကြီးနှစ်ကောင်ကို ကျုပ်က ဆွဲသွားပြီး ဦးကြီးတော်ရဲ့ မြင်းကြီး ရပ်နေတဲ့နေရာနားက ဇောင်ချမ်းပင်ကြီးမှာ ချည်ထားလိုက်တယ်။

ပြီးတော့ ရှေ့ကသွားနှင့်နေတဲ့ ဘိုးလူပေနောက်ကို ပြေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရတာပေါ့ဗျာ။ တောင်စွယ်လေးက သိပ်မဝေးဘူးဗျ။ သစ်ပင်အုပ်အုပ်ကလေး ပေါက်နေတယ်။ ခပ်ဝေးဝေးက လှမ်းကြည့်ရင် တောအုပ်ကလေးလို ဖြစ်နေတာဗျ။

ဟာ…ထွက်လာကြပြီဗျို့။ စုန်းမသုံးယောက်က ဆားကရုံပြီး ကဝေက အလယ်ကဗျ။

"မောင်တာတေ၊ သစ်ပင်နောက်မှာ သွားနေ၊ မတော်ရင် စက်တွေ ဘာတွေ ထိသွားမယ်"

ကျုပ်က သစ်တိုပင်ကြီးနောက်ကို ပြေးကပ်လိုက်တယ်ဗျ။

"ဟိုမသာကောင် သေးသေးလေး ဘယ်ထွက်ပြေးသွားတာတုံး၊ ခုမှ သေမှာကြောက်မနေနဲ့၊ ငါတို့ မယ်တော်ကြီး မယ်ဝက်ရဲ့ကိစ္စမှာ ဝင်ရှုပ်ဖို့ လိုက်လာတဲ့ကောင်တွေကို ရှင်းပစ်ဖို့ ဒီနေရာကနေ စောင့်နေတာဟေ့၊ ဟဲ့ကောင်မတွေ ရှေ့ထွက်ပြီး စက်တွေ လွှတ်ကြစမ်း"

စုန်းမကြီးသုံးယောက်က ဆံပင်ဖားလျားကြီးတွေချပြီး ရှေ့ကို ခြေနှစ်လှမ်းလောက် တိုးလာရောဗျ။ သူတို့မျက်လုံးတွေ ပါးစပ်တွေကနေ စက်တွေ ဟလက်လက်နဲ့ထွက်ပြီး ဘိုးလူပေဆီကို ပြေးဝင်လာတယ်ဗျ။ ဘိုးလူပေက သူ့ခေါင်းမှာ ပတ်ထားတဲ့





ပုဝါလေးကိုဖြုတ်ပြီး ဆတ်ကနဲ ယမ်းလိုက်တယ်။ စုန်းမသုံးယောက်ရဲ့စက်တွေက အပိုင်းပိုင်း ပြတ်ထွက်ပြီး လွင့်သွားတယ်။

"သြော်…တော်တော်လာတဲ့ ကောင်ပါလား၊ ဟဲ့ စက်တွေပေါင်းပြီး လွှတ်စမ်း"

စုန်းမသုံးယောက်က လူချင်းပူးပြီး စက်တွေ ထုတ်ကြရောဗျို့။ ထွက်လာတဲ့စက်တွေက ကြိုးကျစ်သလို ပူးသွားတယ်။ ပါးစပ်တွေ၊ မျက်စိတွေက ထွက်လာတာဗျို့။ ပါးစပ်နဲ့ မျက်စိက စက်လွှတ်တဲ့ စုန်းမတွေက ပိုပြီးပညာအဆင့်မြင့်တယ်လို့ ကျုပ်ကြားဖူးတယ်။ ဘိုးလူပေကတော့ သူ့ပုဝါလေးကို ခေါင်းမှာ ပြန်ပေါင်းလိုက်ပြီး လက်ဝါးလေးနှစ်ဖက်ကို ပွတ်နေတယ်ဗျို့။ ဟော…စုန်းမသုံးယောက် ပေါင်းလွှတ်တဲ့စက်တွေက ဘိုးလူပေဆီကို ပြေးဝင်လာပြီဗျို့။ ဘိုးလူပေက ပွတ်နေတဲ့ လက်ဝါးနှစ်ဖက်ကို ဖြန့်ပြီး ရှေ့ထုတ်ကာလိုက်တယ်။ ပြီးတာနဲ့ လက်ဝါးနှစ်ဖက်ကို ကပ်ပြီး ရှေ့ကို ဆောင့်တွန်းသလို တွန်းပစ်လိုက်ရောဗျာ။ ဟာ…ဘိုးလူပေရဲ့ လက်ဝါးတွေထဲက ဝင်းကနဲ လက်သွားတာဗျို့။

"ဝုန်း"

ဟာ…စုန်းမတွေရဲ့စက်က အပိုင်းပိုင်း ပြတ်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး စုန်းမတွေပါ နောက်ကို လွင့်ထွက်သွားတာဗျို့။ ဟာ…စုန်းမ သုံးယောက် မြေကြီးပေါ်မှာ လဲကျသွားပြီး ဆန့်ငင် ဆန့်ငင် ဖြစ်နေကြပြီဗျ။

"တောက်၊ အသုံးမကျတဲ့ ဟာမတွေ၊ သေတာတောင် နည်းသေးတယ်၊ ဒီအကောင့်စက်လောက်ကိုတောင် မခံနိုင်တဲ့ ဟာမတွေ သေကြ၊ သေကြဟေ့"

ကဝေပြောတဲ့အတိုင်းပဲဗျ။ စုန်းမသုံးယောက်စလုံး ငြိမ် သွားပြီဗျို့။

"ဟေ့ကောင် အချိန်မရှိဘူး၊ လုပ်စမ်း၊ မင်းမှာ ဘာပညာ တွေ တတ်ထားတုံး၊ တတ်ထားတာတွေ အကုန်ထုတ်သုံးစမ်း ကဝေကောင်"

ဘိုးလူပေက တောင်တော်ကို အရောက်နောက်ကျမှာ စိုးရိမ်နေပုံပဲဗျ။ ကဝေကို ဒေါသထွက်အောင် လှမ်းစလိုက်တယ်။

"ဩော်…မင်းက တို့မယ်တော်ကြီး မယ်ဝက်ရဲ့ အကြံ အစည်တွေကို ပျက်အောင် ဖျက်ဆီးဖို့ အလျင်လိုနေတာလား ဆရာစုတ်ရဲ့၊ မင်းလို ပညာလောက်နဲ့များ ငါတို့မယ်တော်ကြီးရဲ့ ထဘီအနား တစ်ချက်ခတ်လောက်ပဲ ရှိတယ်ဟေ့၊ ရော့ မင်းအတွက် လူ့ဘဝနောက်ဆုံးအချိန်လို့ မှတ်ပေတော့"





ကဝေက ပြောပြောဆိုဆိုနဲ့ 'ဖျောင်း'ကနဲ မြည်အောင် လက်ခုပ်တီးလိုက်တာ၊ ကဝေလက်ထဲမှာ မြွေဟောက်ကြီး တစ်ကောင် ရောက်လာရောဗျို့။

"ရှီး၊ ရှီး၊ ရှီး"

မြွေဟောက်ကြီးက ပါးပျဉ်းကြီးထောင်ပြီး တရှီးရှီးနဲ့ မာန်ဖီနေလိုက်တာဗျာ။

"ရော့ ဟေ့ ဆရာစုတ်"

မြွေဟောက်ကြီးကို လက်နှစ်ဖက်နဲ့ကိုင်ပြီး ဘိုးလူပေဆီ ကို ပစ်လိုက်တာဗျို့။

"တောက်"

ဘိုးလူပေက 'တောက်' တစ်ချက် ထခေါက်လိုက်တာ။ မြွေက ကဝေရဲ့လက်ကို အမြီးနဲ့ ဆတ်ကနဲပတ်လိုက်ပြီး လှည့် ပေါက်လိုက်ရောဗျာ။ ချက်ကောင်းမှ တကယ့်ချက်ကောင်းဗျို့။ ကဝေရဲ့ ဂုတ်ကို ခဲထားတာ။

"ဟွဲ့…လွှတ်၊ လွှတ်၊ လွှတ်"

ကဝေက တိုက်မြွေ တန်ပြန်သွားပြီဆိုတာကို သိလိုက် တော့ အလန့်တကြားနဲ့ အော်တော့တာပဲဗျာ။ မြွေကိုလည်း အတင်း ဆွဲဖြုတ်တယ်ဗျ။ ဒါပေမဲ့ မြွေက ဂုတ်ကို ခဲထားတာ လုံးဝမလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ။ တိုက်မြွေ တန်ပြန်တာလေဗျာ။ လွှတ်ကြောက်စရာကောင်းတာဗျ။

ဟော··ကဝေကြီး မြွေဆိပ်တက်လာပြီဗျို့။ ဒယီးဒယိုင်နဲ့ ဖြစ်လာပြီး···

"ဟဲ့···လွှတ်၊ လွှတ်စမ်း၊ လွှတ်စမ်း"

လို့ ကယောင်ကတမ်းနဲ့ အော်တော့တာဗျို့။ ဟော ဒူးထောက်ရက်ကြီး ပြုတ်ကျသွားပြီဗျ။ ဟော လဲသွားပြီ။ ကဝေရှေ့ကို ထိုးပြီး လဲသွားပြီဗျ။ ဟာ···တစ်ကိုယ်လုံး ချက်ချင်းပြာနှမ်းသွားပါရောလားဗျာ။ ပြင်းလိုက်တဲ့ မြွေဆိပ်ဗျာ။

"တွေ့လား မောင်တာတေ၊ အဲဒါ ကဝေတိုက်မြွေ ခေါ်တယ်၊ အကိုက်ခံရရင် ဘယ်တော့မှ ဆေးမမီဘူးကွဲ့၊ ကဲ လာ၊ လာ၊ ခရီးဆက်ကြစို့"

ကျုပ်တို့နှစ်ယောက် မြင်းတွေပေါ်ကို ခုန်တက်လိုက်ကြတယ်။ ဦးကြီးတော်ကတော့ ဒီကိစ္စတွေကို တစ်ခွန်းတောင် မပြောဘူးဗျ။ ရှေ့ကနေ ဆက်သွားတယ်။ ဘိုးလူပေနဲ့ ကျုပ်က နောက်က လိုက်ရတာပေါ့ဗျာ။ နောက်တစ်တောင် တက်တော့မယ့်အလုပ်မှာ···

"ဝုန်း" "ဝုန်း"





"မောင်လူပေ ကျားသံ ကြားလားကွဲ့"

လို့ ဦးကြီးတော်က ဘိုးလူပေကို မေးတယ်။

"ကြားပါတယ် နောင်တော်"

"ကျားက အသံနားထောင်ကြည့်ရတာ တော်တော်လေးကြီးမယ့်ပုံပဲကွဲ့"

"ဟုတ်ပါတယ် နောင်တော်၊ ဒီတောင်ပေါ်မှာ ဒီလောက်ကြီးတဲ့ ကျားမျိုး မရှိနိုင်ပါဘူးဘုရား၊ ဒါ ကဝေကျားပါဘုရား"

"အင်း···ကျုပ်အထင်တော့ ကျုပ်တို့သွားမယ့်တစ်လမ်းလုံးမှာ အန္တရာယ်တွေ တောက်လျှောက်ရှိနေပုံပဲ မောင်လူပေ"

"ဟုတ်မယ်ထင်တယ်ဘုရား"

"မောင်လူပေ တစ်ယောက်တည်း ရင်ဆိုင်နိုင်ပါ့မလား၊ နောင်တော် ကူပေးရဦးမလား"

"ဟာ···ရပါတယ်ဘုရား၊ နောင်တော် စိတ်မပူပါနဲ့ဘုရား"

"ကဲ···ဒါဆိုရင် ဒီရှေ့ကို လာစမ်းကွယ်"

အသက်သုံးဆယ်လောက်ရှိတဲ့ ဦးကြီးတော်ကို အသက်ခြောက်ဆယ်လောက်ရှိတဲ့ ဘိုးလူပေက တော်တော်ကို ရိုသေပြီး ရိုကျိုးတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးတော်က မြင်းကို တို့ကနဲ ရပ်လိုက်တော့ ဘိုးလူပေရဲ့မြင်းက ရှေ့ကို တက်သွားပြီး မြင်းကို လက်ျာဘက် လှည့်လိုက်တယ်ဗျ။ ဘိုးလူပေက ဦးကြီးတော်ဘက်ကို မျက်နှာမူရက်သား ဖြစ်သွားတယ်။ ဦးကြီးတော်က မြင်းဘေးမှာ အိတ်နဲ့စိုက်ပြီး ယူလာတဲ့ လုံတံကို ယူလိုက်ပြီး လုံသွားနဲ့ ဘိုးလူပေရဲ့ခေါင်းကို တို့လိုက်တယ်။

ဟာ…လုံသွားကနေ အရောင်တွေ လက်ကနဲထွက်ပြီး ဘိုးလူပေရဲ့ ခေါင်းထဲကို ဝင်သွားရောဗျို့။ နောက်တစ်ခါ ပခုံးကို လုံသွားနဲ့ထိတယ်။ ဟော အရောင်တွေ လက်ကနဲဖြစ်ပြီး ကိုယ်ထဲကို ဝင်သွားပြန်ရောဗျ။ နောက်ပခုံးတစ်ဖက်ကိုလည်း ဒီအတိုင်း လုပ်ပေးလိုက်တယ်။

"ကဲ မောင်လူပေ၊ ကျုပ် မောင်လူပေကို ပထမံသိဒ္ဓိ တင်ပေးလိုက်ပြီ၊ ဘယ်လိုပညာသည်နဲ့တွေ့တွေ့ ရင်ဆိုင်ပေတော့ကွယ်"

လုံတံကို အိတ်ထဲမှာ ပြန်စိုက်ပြီးတာနဲ့ ဦးကြီးတော်ရဲ့ မြင်းက တောင်ပေါ်ကို စတက်ရောဗျို့။ ဘိုးလူပေနဲ့ ကျုပ်လည်း ဦးကြီးတော်ရဲ့နောက်က လိုက်ရတာပေါ့ဗျာ။

"ဝုန်း"





ဟာ…ကျားဟိန်းသံကြီး ကြားရပြန်ပြီဗျို့။ ကြည့်ရတာတော့ ကျားက ကျုပ်တို့ကို အဆင်သင့် စောင့်နေတဲ့ပုံပဲဗျ။ တောင်က ခပ်နိမ့်နိမ့်ဆိုတော့ တောင်ထိပ်ကို သိပ်မတက်လိုက်ရဘူးဗျ၊ ရောက်လာတယ်။

"ဝုန်း"

ဟာ…ကျားကြီးဗျာ။ ကိုးတောင် ဘယ်ကလိမ့်မတုံးဗျာ။ ဆယ့်ငါးတောင်လောက်ကို ရှိတာဗျ။ ဦးကြီးတော်က လုံတံကို ဆွဲထုတ်လိုက်တယ်။

ဘိုးလူပေက ကျုပ်ကို လှည့်ပြောတယ်။

"မောင်တာတေ၊ မြင်းအောက် မဆင်းနဲ့၊ ဦးကြီးတော်နားမှာပဲ ကပ်နေခဲ့"

ပြောပြောဆိုဆိုနဲ့ ဘိုးလူပေက မြင်းပေါ်ကဆင်းပြီး ခါးတောင်းမြှောင်အောင်ကျိုက်လိုက်ရောဗျို့။ ပြီးတော့ ခေါင်းပေါင်းပုဝါကို ဖြုတ်ယူပြီး ရင်ညွန့်တည့်တည့်မှာ ပုဝါကို စည်းလိုက်တယ်။

ဆေးလွယ်အိတ်ကို မြင်းကုန်းနှီးမှာ ချိတ်ထားခဲ့တယ်။ ဟာ…ဘိုးလူပေပါးစပ်က မန္တန်တွေ ရွတ်ပြီး ဂွမ်းပစ်လိုက်ပြီဗျို့။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟာ…မီးခိုးတွေ အလုံးလိုက်ကြီး ထသွားလိုက်တာဗျာ။ ဘာမှကို မမြင်တော့တာဗျ။ တဖြည်းဖြည်း မီးခိုးတွေ လွင့်သွားတော့မှ ဟာ…ဘိုးလူပေ ကျားကြီးဖြစ်သွားတာကိုး။

"ဝုန်း"

ဟာ…ဘိုးလူပေကျားက ဟိန်းလိုက်တာဗျာ။ စောစောက ကဝေကျားထက် အလုံးရော ဒေါက်ရော အပုံကြီး ကြီးတာဗျို့။

ကဝေကျားကလည်း အမြီးကြီး တဘုတ်ဘုတ်ရိုက်ပြီး ဘိုးလူပေကျားကို ကြည့်နေတာဗျ။

"ဝုန်း" "ဝုန်း"

ဟော…ကျားကြီးနှစ်ကောင်က ခါးကြီးတွေ ၼွဲၼွဲ၊ ၼွဲၼွဲနဲ့ လျှောက်ရင်း တစ်ကောင်နဲ့ တစ်ကောင် ကျားချောင်း ချောင်းနေကြတာဗျို့။

"ဂီး" "ဂီး" "ဂရား"

သွားကြီးတွေဖြဲပြီး တစ်ကောင်ကို တစ်ကောင် မာန်ဖီနေကြတာ ကြောက်စရာကြီးပါဗျာ။ ကျုပ်ဖြင့် ကြက်သီးတွေ တဖျန်းဖျန်းနဲ့တောင် ထလို့ဗျို့။

ဟော…ခုန်အုပ်ပြီဗျို့၊ ကဝေကျားက အပိုင်ထင်ပြီး





တော့ ခုန်အုပ်လိုက်တာဗျ။

"ဝုန်း"

ဘိုးလူပေကျားက လက်တုတ်တုတ်ကြီးနဲ့ လှမ်းပုတ်လိုက်တာ၊ တင်းပုတ်ကြီးနဲ့ လှမ်းထုလိုက်သလိုပါပဲဗျာ။ ကဝေကျားကြီး ခေါင်းကြီး ခါထွက်သွားပြီး မြေကြီးပေါ်ကို ဖင်ထိုင်ရက် ပြုတ်ကျသွားရောဗျ။

"ဝုန်း"

ဟော…ကဝေကျား ဒေါသတွေ ထွက်လာပြီဗျို့။ အသံကျယ်ကြီးနဲ့ တစ်ချက်ဟိန်းလိုက်ပြီး နောက်ဂျွမ်းတစ်ချက်ပစ်လိုက်တယ်ဗျို့။

ဟာ…နောက်ဂျွမ်းပစ်လိုက်တာ ကဝေကျားကြီးက အရွယ်ပိုကြီးသွားတယ်ဗျို့။ ဟော…တစ်ကောင်နဲ့ တစ်ကောင် ပတ်ပြီး ချောင်းနေကြပြန်ပြီဗျို့။

"ဂီး၊ ဂီး၊ ဂရား၊ ဂရား"

ကျားကြီးနှစ်ကောင် မာန်ဖီတဲ့အသံက တောင်တစ်တောင်လုံးကို ဟိန်းပြီး တုန်နေတာဗျို့။

ဟော…ခုန်အုပ်ပြန်ပြီဗျို့။ ဒီတစ်ခါ ကဝေကျားက အမြင့်ကြီး ခုန်အုပ်တာဗျ။ ကျုပ် သေသေချာချာ ကြည့်နေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလူပေကျားက ခြေနှစ်ချောင်းရော လက်နှစ်ချောင်းပါ စုရပ် လိုက်ပြီး ခြေရော လက်ရောအားနဲ့ ကဝေကျားရဲ့ ရင်ဘတ်ကို ဆီးပြီးကန်ထည့်လိုက်တာဗျို့။

"ဘုန်း"

ဟာ…ဒီတစ်ခါတော့ ကဝေကျားကြီးနောက်ကို နှစ်လံ လောက် လွင့်ထွက်ပြီးမှ မြေကြီးပေါ်ကို ပြုတ်ကျတာဗျာ။ မြေကြီး ပေါ်မှာ သုံးပတ်လောက်တောင် လိမ့်သွားတယ်။ ဟာ…မြေကြီး ပေါ်ကနေ ချက်ချင်းလူးပြီး ထလာပြီဗျို့။ ဟာ…မနားတမ်းကို ပြေးဝင်သွားတာဗျာ။ ဘိုးလူပေကျားကြီး အနေအထား ပုံမှန်မဖြစ် ခင်မှာကို ပြေးဝင်ပြီး ကိုက်တော့တာဗျို့။

"ဝုန်း၊ ဂရား၊ ဂရား"

ကိုက်ပြီဗျို့။ ကြောင်ကြီးနှစ်ကောင် လုံးပြီးကိုက်သလိုကို ကိုက်တာဗျို့။ ဖုန်တွေဆိုတာ ထလိုက်တာမှဗျာ။ ဘာမှကို မမြင်ရ တော့ဘူးဗျို့။

"ဂရား၊ ဂရား၊ ဂရား"

ရောမသတ္တဝါကြီးနှစ်ကောင်ရဲ့ တိုက်ပွဲကြီး အပြင်းအထန် ပဲဗျို့။

"ဘုရား၊ ဘုရား၊ ဘိုးလူပေ ဘာမှမဖြစ်ပါစေနဲ့"





ကျုပ်က မြင်းပေါ်ကနေ လက်အုပ်ချီပြီး ဘုရားမှာ ဆု တောင်းလိုက်တယ်။

"မောင်တာတေ မစိုးရိမ်နဲ့၊ မင်းဆရာ ဘာမှမဖြစ်ပါဘူး ကွဲ့"

"ဂရား၊ ဂရား၊ ဂရား"

တိုက်ပွဲကတော့ ပြင်းထန်နေတုန်းပဲဗျ။ ဆယ်မိနစ် လောက်ကြာတော့ ငြိမ်သွားပြီဗျို့။ ငြိမ်သွားပြီ။ ဖုန်လုံးကြီး တွေထဲက ကျားတစ်ကောင် နွဲ့နွဲ့၊ နွဲ့နွဲ့နဲ့ ထွက်လာပြီဗျို့။ ကျုပ်မှာ ကပျာကယာ ကြည့်လိုက်ရတာ ဗျာ။ ကျားကလည်း ဖုန်တွေ လူးနေတော့ ဘယ်ကျားမှန်းကို မသိတာဗျ။ ဦးကြီးတော်က လှံတံကိုယူပြီး ကျုပ်တို့ဘက်ကို လှမ်းကြည့်နေတဲ့ကျားကို လှံတံထောင်ပြီး ပြလိုက်တယ်။ ကျားက လှံတံကို မြင်တော့မှ သတိဝင်သွားပုံဗျ။

"ဝုန်း"

လို့ တစ်ချက်ဟိန်းပြီး နောက်ဂွမ်းထိုးလိုက်တယ်။ ဟော ဖုန်လုံးကြီးတွေထဲကို ပြန်ဝင်သွားပြီဗျို့။ ခဏနေတော့ ဖုန်လုံးကြီး ထဲက လူတစ်ယောက် ထွက်လာတယ်။ ဘိုးလူပေဗျ။ ဒီတော့မှ ကျုပ်မှာ ရင်ထဲက အလုံးကြီး ကျသွားတော့တာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလူပေက ရင်ဘတ်မှာ စည်းထားတဲ့ ပုဝါလေးကို ဖြုတ်ပြီး သူ့မျက်နှာကို ချွေးတွေသုတ်လိုက်တယ်။ ဘိုးလူပေနောက်က ဖုန်လုံးကြီးလည်း တဖြည်းဖြည်း ပျောက်သွားပြီဗျ။ ကျုပ်က ကျားသေကြီးတစ်ကောင်ကို တွေ့ရမယ်ထင်ပြီး ကြည့်တာပေါ့ဗျာ။ ဟာ…ကျား မဟုတ်ဘူးဗျ။ သေနေတာ. လူကြီးဗျ။ မူလရုပ် ပြန်တယ်ဆိုတာ ဒါပဲလို့ ကျုပ်က တွေးလိုက်မိတယ်။

"ဟိုတစ်ခါ မိတ္ထီလာမှာ တပည့်တော်နဲ့ ရင်ဆိုင်ဖူးတဲ့ ကဝေမိုးညိုဆိုတဲ့ကောင်ပါဘုရား၊ အဲဒီတုန်းက ဒီကောင် လွတ်သွားတာ၊ ဒီတစ်ခါမှပဲ မိတော့တယ်"

လို့ ပြောရင်း ဘိုးလူပေက ခါးတောင်းကျိုက်ထားတဲ့ ပုဆိုးကို ဖြည်ချလိုက်တယ်။ ပြီးတော့ ကျုပ်ကမ်းပေးတဲ့ ရေဘူးထဲကရေကို တစ်ကျိုက်ကလေးပဲသောက်ပြီး မြင်းပေါ် ပြန်တက်တယ်။

ဦးကြီးတော်ကတော့ ခေါင်းလေးညိတ်ပြီး ပြုံးနေတယ်။ ကျုပ်က ဘိုးလူပေမှာ သွေးတွေသံတွေထွက်ပြီး ဖုန်တွေသံတွေ ကပ်နေလိမ့်မယ် ထင်တာဗျ။ ဘိုးလူပေက ဘာမှမရှိဘဲ ချွေးကလေး စို့ရုံပဲ ရှိတာဗျို့။ ဘိုးလူပေတို့ ပညာစွမ်းတွေကို ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ဦးကြီးတော်က အချိန်နောက်ကျမှာစိုးလို့ ထင်တယ်





ဗျာ။ မြင်းကို ချက်ချင်းမောင်းပြီး ရှေ့ကထွက်သွားတယ်။ ဘိုးလူပေနဲ့ ကျုပ်လည်း မြင်းတွေကို ဖနောင့်နဲ့တို့ပြီး လိုက်ရတာပေါ့ဗျာ။

ကျုပ်တို့ တောင်ပေါ်က အဆင်းလမ်းတစ်လျှောက် တော်တော်လေးကြာအောင် ဆင်းလာပြီးတဲ့အချိန်မှာ ဦးကြီးတော်ရဲ့ မြင်းက တုံ့ကနဲ ရပ်သွားတယ်။ ဘိုးလူပေရော ကျုပ်ရော အရှေ့ကို လှမ်းကြည့်လိုက်တော့ ကျုပ်တို့ရှေ့ ဝါးနှစ်ရိုက်လောက်အကွာမှာ မည်းမည်းကြီးဗျာ။ ထန်းပင်ငုတ်ကြီးလို့ထင်လို့ ကျုပ်က ကြည့်နေတာ၊ လှုပ်လိုက်တော့မှ မြွေကြီးမှန်း သိလိုက်တာဗျို့။

"ငန်းမြွေကြီး မောင်တာတေရဲ့၊ အကိုက်ခံလိုက်ရလို့ကတော့ ချက်ချင်းမီးသွေးတုံး ဖြစ်သွားမှာပေါ့ကွယ်၊ ဒါပေမဲ့ ဒါ မြွေအစစ် မဟုတ်ဘူး မောင်တာတေ၊ ကဝေတစ်ကောင် မြွေပုံစံ ဖန်ဆင်းထားတာကွ၊ မယ်ဝက်ကြီးက တစ်လမ်းလုံးမှာ သူ့ရဲ့ လက်ရွေးစင် တပည့်တွေ ခေါ်လာပြီး ချထားခဲ့တာပေါ့ကွယ်။ ကဲ မောင်တာတေ၊ ဒီမြွေကို ရင်ဆိုင်ရဲပါ့မလား"

"ဟာ…ဆရာကြီး၊ ကျုပ်က စောစောကတွေ့တဲ့ ကျားကြီးကတည်းက တွယ်ချင်လွန်းလို့ လက်ယားနေတာဗျ"

"ကဲ‥ဒါဆိုရင် မြင်းပေါ်က ဆင်းလိုက်၊ ရော့‥ဒီအင်းကိုယူ၊ အဲဒါ ဂဠုန်စက်အင်းပဲကွဲ့၊ အဲဒါနဲ့ ပြေးပြီးပစ်ပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



အနားအထိတော့ မကပ်နဲ့နော်၊ ဘာမှမကြောက်နဲ့၊ နောင်တော်ဘုရားရော၊ ကျုပ်ရော ရှိတာပဲ၊ ဖြစ်မယ်မို့လား"

"ဟာ...ဖြစ်တာပေါ့ ဆရာကြီးရဲ့"

ကျုပ်က ဘိုးလူပေရဲ့ လက်ထဲက အင်းချပ်ကို ယူလိုက်တယ်။ ကျုပ်ရဲ့ ဆေးလွယ်အိတ်ကို မြင်းကုန်းနှီးမှာ ချိတ်လိုက်ပြီး ထန်းပင်လုံးလောက်ရှိတဲ့ ငန်းမြွေအနက်ကြီးကို လှမ်းကြည့်လိုက်တယ်။ ငန်းမြွေကြီးက ခေါင်းကြီးထောင်ပြီး ကျုပ်တို့သွားမယ့် လမ်းတည့်တည့်မှာကို ပိတ်ထားတာဗျ။

ကျုပ်က လက်ထဲက အင်းကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး လှစ်ကနဲ ပြေးထွက်လိုက်တယ်။ ကျုပ် ပြေးဝင်လာတာကို တွေ့တော့ ငန်းမြွေကြီးက ခေါင်းကြီး ဟိုဘက် ဒီဘက် ယမ်းပြီး လျှာနီနီကြီး တစ်လစ် တစ်လစ် လုပ်နေတယ်ဗျ။ ကျုပ်က အင်းပစ်ဖို့ အကောင်းဆုံးနေရာကိုရောက်တော့ လက်ထဲက အင်းနဲ့ ငန်းမြွေကြီးတည့်တည့်ကို ပစ်ပေါက်လိုက်တယ်။

"ဝုန်း"

အသံအကျယ်ကြီး မြည်ပြီး မီးခိုးလုံးကြီး ထသွားတယ်ဗျ။ ကျုပ်လည်း နောက်ကို ချက်ချင်းလှည့်ပြေးလာခဲ့တယ်။ မြင်းသေးကို ရောက်လို့ လှည့်ကြည့်လိုက်တော့ အခိုးအငွေ့တွေက





တဖြည်းဖြည်း ပြယ်လာပြီဗျ။ ဟာ...မြွေ မဟုတ်တော့ဘူးဗျ။ လူကြီး။ လူကြီးတစ်ယောက်။ ဒါ ကဝေကြီးပဲကိုး။

"အဲဒါ နဂါးနိုင် ဘလှိုင် ဆိုတဲ့ အကောင်ကွဲ့၊ မောင်တာတေရဲ့၊ ဒီကောင်က မြွေအားကြီးနိုင်တဲ့ကောင်၊ သူကိုယ်တိုင်လည်း မြွေအမျိုးမျိုးဖြစ်အောင် ရုပ်ပြောင်းနိုင်တယ်၊ နာနာရုပ် အတတ် အင်မတန် ကျွမ်းကျင်တဲ့ အကောင်ကွ၊ ပထမ်ဆရာကြီးတွေကိုယ်တိုင် ချထားတဲ့ ဂဠုန်စက်အင်းနဲ့တွေ့တော့ နဂါးနိုင် ဘလှိုင်လည်း ဇာတ်သိမ်းသွားပြီပေါ့ကွယ်။ ဒီကဝေဆိုတဲ့အကောင်တွေက လူ့လောကမှာ ဒုက္ခပေးဖို့ လူဖြစ်နေတဲ့ကောင်တွေကွဲ့ မောင်တာတေရဲ့၊ သူတို့ရှိနေလို့ လူ့လောကမှာ ဘာအကျိုးမှ မရှိဘူး၊ သာသနာတော်အတွက်လည်း အနှောင့်အယှက်ဖြစ်စေတဲ့ ကောင်တွေကွဲ့၊ ကျုပ်ကတော့ ဒီအကောင်တွေကို တွေ့ရာသင်္ချိုင်းဓားမဆိုင်းပဲကွဲ့"

"ကျုပ်လည်း ဒါမျိုးတွေကို အပြတ်တွယ်ချင်တာပဲ ဆရာကြီးရဲ့"

နဂါးနိုင် ဘလှိုင်ကတော့ ဆန့်ဆန့်ကြီးဗျ။ ကျုပ် သေသေချာချာကြည့်တော့ ခေါင်းမှာ ထဘီနီနီကြီးတစ်ထည် ပေါင်းထားတာဗျ။ သေချာတယ်ဗျ။ ဒီလူရဲ့ ခြေဖဝါးမှာ ဘုရားပုံတွေ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ခုလောက်ဆိုရင်တော့ အဝီစိရောက်သွားရောပေါ့ဗျာ။

ကျုပ်တို့ တောင်ဆင်းလမ်းအတိုင်း ဆင်းလာတယ်။ ဘာ အနှောင့်အယှက်မှ မရှိဘူးဗျ။ နောက်တစ်တောင် မတက်ခင် မြေပြန့်လေးမှာ မြင်းကို အသားကျစီးလာကြတယ်။

"နောင်တော် ဟိုရှေ့မှာ ရွာလေးတစ်ရွာပါလား"

ဘိုးလူပေ ပြောတော့ ကျုပ်လည်း မြင်းပေါ်ကနေ ရှေ့ကို လှမ်းကြည့်လိုက်တယ်။ ဟုတ်တယ်ဗျ။ ရွာကလေးက အိမ်ခြေ နှစ်ဆယ် သုံးဆယ်လောက် ရှိမယ်။

"မောင်လူပေ ဒါ စုန်းရွာကွဲ့၊ ရွာထိပ်မှာ ထဘီခြုံ ဆရာကြီးတစ်ယောက် ရှိတယ်၊ သူတို့လည်း ကျုပ်တို့ကို စောင့်နေ တာပဲကွဲ့"

ဦးကြီးတော်က ပြောတာဗျ။

ဘိုးလူပေကတော့ ခေါင်းလေးညိတ်ပြီး စဉ်းစားနေ တယ်။

"နောင်တော်၊ ဒီပုံစံအတိုင်းဆိုရင်တော့ ကဝေမကြီး မဝင်ကက တစ်လမ်းလုံး နှောင့်ယှက်တော့မှာပဲ နောင်တော်၊ တပည့်တော်တို့ ဘုရင်မဆီကို အချိန်မီရောက်ပါ့မလားဘုရား"

"ရောက်ပါတယ် မောင်လူပေရဲ့၊ လပြည့်ဖို့က သုံးရက်





တောင် လိုသေးတာပဲ၊ တောင်ပေါ်မှာ အလုပ်လုပ်ရမှာက လပြည့် ညသန်းခေါင်ယံမှာ လုပ်ရမှာကွဲ့၊ မီပါတယ်"

ဘိုးလူပေက ဘာမှပြန်မပြောတော့ဘဲ စုန်းရွာကို ဘာ လုပ်ရမှန်းမသိအောင် ဖြစ်နေပုံပဲဗျ။

"မောင်တာတေ၊ ဟိုရှေ့က မြက်ပင်တွေ လက်တစ်ဆုပ် လောက် မြန်မြန်ဖြတ်ယူခဲ့စမ်းကွယ်"

ဦးကြီးတော်ကိုယ်တိုင် ကျုပ်ကို ခိုင်းတာဗျ။

ကျုပ်က မြင်းပေါ်က ခုန်ဆင်းပြီး ဆင်ငိုမြက်ပင်တွေကို ခပ်မြန်မြန် လိုက်ဖြတ်ယူလိုက်တယ်။ လက်တစ်ဆုပ်လည်းရရော ဦးကြီးတော်ဆီကို ခပ်သုတ်သုတ်သွားပြီး ပေးလိုက်တယ်။ ဦးကြီး တော်က အပင်တစ်ရာလောက်ရှိတဲ့ ဆင်ငိုမြက်တွေကို လက်ထဲမှာ ဆုပ်ပြီး ပါးစပ်က တိုးတိုး တိုးတိုးနဲ့ ပြောတယ်ဗျ။ ပြီးတာနဲ့ မြက်ပင်တွေကို မြင်းပေါ်ကနေ လှမ်းပစ်လိုက်တယ်။ မြက်ပင်တွေ က မြက်ရိုင်းတောကြီးထဲကို ကျသွားတာပေါ့ဗျာ။

ဟာ…မြက်ပင်တွေကြားထဲမှာ လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ဗျ။ ဘာတွေလဲလို့ ကျုပ်က လှမ်းကြည့်တယ်။ လူခါးစောင်းလောက်ရှိ တဲ့ မြက်ပင်တွေကြားထဲက ထလာတာ လူတွေဗျ။ လူတွေမှ အရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့။ ပုဆိုးကို ခါးထောင်းတွေကျိုက်လို့။ ခေါင်းမှာလည်း ပုဝါတွေ ပေါင်းထားတယ်။ သူတို့မျက်နှာတွေတော့ မမြင်ရဘူးဗျ။ အပေါ် ပိုင်း ဗလာကျင်းပြီး ကြွက်သားကြီးတွေ အထစ်ထစ် ထနေ လို့ဗျာ။ ရှေ့ဘက်ရွာကို လှမ်းကြည့်ပြီး မြက်ပင်တွေကြားကနေ တရွေ့ရွေ့ သွားနေကြတာဗျ။ အားလုံးပေါင်း လူတစ်ရာလောက် ရှိမယ်။ ရှေ့ကို သွားနေကြတာဆိုတော့ ကျုပ်တို့က သူတို့ရဲ့ ကျောကုန်းတွေကိုပဲ မြင်ရတာပေါ့ဗျာ။

မြက်ပင်ရှည်ကြီးတွေကနေ တရွေ့ရွေ့သွားပြီး ရွာနားကို ကပ်နေကြတာဗျ။ သြော်…ပြောဖို့ မေ့နေလို့ဗျို့။ အသားအရောင် တွေက အစိမ်းတွေဗျ။ မြက်ပင်ရဲ့ အရောင်မျိုးပဲဗျို့။ ဒီတော့မှ ကျုပ် သဘောပေါက်တာပေါ့ဗျာ။ ဦးကြီးတော်လက်ထဲမှာ ကိုင်ပြီး မန်းမှုတ်လိုက်တဲ့ မြက်ပင်တွေက လူတွေ ဖြစ်သွားတာပဲဗျ။

ဟော…ရွာနားရောက်သွားပြီ။ ပြေးပြီဗျို့။ လူအစိမ်းကြီး တွေ ရွာထဲကို ပြေးဝင်သွားကြပြီဗျို့။

“အောင်မယ်လေးတော့၊ ကြောက်ပါပြီတော့”

“အောင်မယ်လေးဗျ၊ ကြောက်ပါပြီဗျ”

“သေပါပြီဗျ၊ လွှတ်ပါဗျ၊ နာလှပါပြီဗျ”

ရွာထဲကလူတွေရဲ့ အော်သံတွေဗျ။ ကျွက်ကျွက်ကိုညံနေ





တော့တာပါပဲဗျာ။ ဟော…ပြေးပြီဗျို့။ ပြေးကြပြီ။ ရွာထဲက လူတွေ ထွက်ပြေးကြပြီဗျို့။ လူစိမ်းကြီးတွေက မနားတမ်းရိုက် တော့ မခံနိုင်တော့ ပြေးကြပေါ့ဗျာ။ ပြေးတာမှ တစ်ဖက်တည်း ပြေးတာမဟုတ်ဘူးဗျို့။ တောင်ပြေး မြောက်ပြေးနဲ့ ခြေဦးတည့်ရာ ကို စွတ်ပြေးတော့တာဗျို့။

ဟော…လူတစ်ယောက်ကို လူစိမ်းကြီးတွေက ဖမ်းပြီး ဝိုင်းရိုက်နေကြပြီဗျာ။

“ဟေ့ကောင်တွေ၊ မင်းတို့ သေချင်လို့လား၊ မင်းတို့က ဘာကောင်တွေတုံး၊ ငါ့ရွာကို ဝင်စီးပြီး လူတွေကို ရိုက်လား၊ နှက်လားနဲ့ ငါ့အကြောင်း သိသွားချင်သလား၊ ငါ့နာမည် ထဘီခြုံ ဆရာအုံတဲ့ကွ၊ မဝက်ရဲ့ တပည့်ရင်းကွ၊ မင်းတို့ကို ငါသတ်မယ်”

ထဘီခြုံဆရာအုံရဲ့ အသံက ကျယ်ရာကနေ တဖြည်း ဖြည်း တိုးတိုးသွားပြီး နောက်ဆုံး ပျောက်သွားရောဗျို့။ ဒီတော့မှ လူစိမ်းကြီးတွေက ရွာထဲက ပြန်ပြေးထွက်လာပြီး မြက်ပင်ရှည် ကြီးတွေကြားကို ပြန်ဝင်သွားကြတယ်။ ဦးကြီးတော်က မြက်တော ကြီးဘက်ကို လက်နဲ့ယမ်းပြီး တစ်ခုခုပြောလိုက်တယ်ဗျ။ မြက်တော ကြီးတစ်ခုလုံး ငြိမ်သွားရောဗျ။

“ကဲ မောင်လူပေရေ၊ ကျုပ်တို့ ရွာထဲက ဖြတ်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



ရပြီကွဲ့''

ပြောပြောဆိုဆိုနဲ့ ဦးကြီးတော်က ရှေ့ကထွက်သွားတယ်။ ကျုပ်တို့မြင်းတွေလည်း နောက်က လိုက်ရတာပေါ့ဗျာ။ ဒီတော့မှ ကျုပ်လည်း ပထမပညာဆိုတာကို လက်တွေ့ကြုံလိုက်ရတော့တာ ပေါ့ဗျာ။ ကျုပ်ဖြင့် အံ့သြလွန်းလို့ ဦးကြီးတော်ကို ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ။

ဦးကြီးတော်က ဦးဆောင်ပြီး စုန်းရွာကို ဖြတ်ခဲ့ကြတယ်။ ရွာထဲကိုဖြတ်ရင်း အိမ်တွေထဲကို လှမ်းကြည့်လိုက်တယ်ဗျ။ အံ့သြစရာပဲဗျို့။ တချို့အိမ်တွေမှာ လူ့ခေါင်းခွံတွေ၊ တချို့အိမ်တွေမှာကျတော့ လူ့လက်ဖျံရိုးတွေဗျ။ တချို့အိမ်တွေမှာကျတော့ ကြောက်စရာမျက်နှာကြီးတွေနဲ့ ရုပ်ထုကြီးတွေလည်း ရှိတယ်ဗျ။ ရွာသူရွာသားတွေကတော့ အားလုံး စုန်းတွေချည်းပဲလို့ ဦးကြီးတော် အမိန့်ရှိတယ်ဗျ။

ကျုပ်တို့ဖြတ်လာတဲ့ အချိန်မှာတော့ ရွာထဲမှာ လူတစ်ယောက်တောင်မှ မတွေ့တော့ဘူးဗျို့။ အားလုံး ထွက်ပြေးကုန်ကြပြီ။ မြက်လူကြီးတွေရဲ့ အထုအထောင်းကို မခံနိုင်လို့ ပြေးကြတာပေါ့ဗျာ။ စုန်းရွာကို ကျော်လာတော့ စမ်းချောင်းလေးတစ်ခုကို ရောက်ခဲ့ကြတယ်ဗျ။





စမ်းချောင်းက ရေလေးတွေက ကြည်လင်ပြီး ရေထဲမှာ ငါးတွေ ကူးနေတာကိုတောင် တွေ့နေရတယ်ဗျ။ ဦးကြီးတော်က စမ်းချောင်းနားမှာ တံ့ကနဲရပ်လိုက်တယ်ဗျ။ ဦးကြီးတော်က စမ်းရေတွေကို ငုံ့ကြည့်နေတယ်။ ခဏနေတော့ ဘိုးလူပေကို ပြောတယ်ဗျ။

''မောင်လူပေ၊ အင်းပစ်တော့၊ ဒါ စမ်းချောင်းမဟုတ်ဘူး၊ သွေးချောင်းကွဲ့၊ သွေးချောင်းကို စမ်းချောင်း လုပ်ထားတာ''

ဘိုးလူပေက သူ့လွယ်အိတ်ကိုဖြတ်ပြီး အထဲက အင်းတစ်ချပ်ကို ရှာတယ်ဗျ။

''မောင်တာတေ၊ ဒါ 'ရေပြန်အင်း' လို့ ခေါ်တယ်ကွဲ့၊ ရေနဲ့လုပ်ထားတဲ့ အတိုက်အခိုက်အားလုံးကို ဖယ်ရှင်းနိုင်တယ်၊ ကဲ မောင်တာတေ၊ ဘေးနည်းနည်းကပ်လိုက်''

ဘိုးလူပေက အင်းနှီးဂါထာ ရွတ်လိုက်ပြီး စမ်းချောင်းအစပ်ကိုရောက်အောင် မြင်းကို စီးသွားတယ်။ ဟော…ပစ်ပြီဗျို့။ ပစ်လိုက်ပြီ။ ဘိုးလူပေ စမ်းချောင်းထဲကို အင်းပစ်လိုက်ပြီ။

''အုန်း၊ ဝုန်း'' ''ဝုန်း'' ''ဝုန်း'' ''ဝုန်း''

ဟာ…စမ်းချောင်းထဲကရေတွေ အုန်းကနဲမြည်ပြီး အပေါ်ကို မြောက်တက်သွားတာဗျို့။ ဟာ…စမ်းချောင်းရဲ့ ရေ



www.burmeseclassic.com

www.burmeseclassic.com



အထက်ဘက်တွေရော၊ ဟိုးအောက်ဘက်တွေရော၊ တဝုန်းဝုန်း မြည်သွားတာဗျို့။ ကျုပ်ဖြင့် ကြက်သီးတွေတောင် ထသွားရော ဗျာ။ ဝုန်းဒိုင်းကြဲ လှုပ်ရှားနေတဲ့ စမ်းချောင်းထဲက ရေတွေ တဖြည်းဖြည်း ငြိမ်သွားတော့ ရေတွေက သွေးတွေလို စီးနေတာ ဗျို့။ စောစောက ကြည်နေတဲ့ ရေတွေ ချက်ချင်းပျောက်ပြီး သွေးတွေစီးနေတာဗျ။

ဦးကြီးတော်ရော ဘိုးလူပေပါ သွေးတွေကို သေသေ ချာချာ ကြည့်နေကြတယ်ဗျ။ ခဏနေတော့ ဦးကြီးတော်က သွေး ချောင်းအစပ်ထိ မြင်းကို စီးသွားပြီး…

"ထွီ"

သွေးစမ်းချောင်းထဲကို တံတွေးတစ်ချက် ထွေးလိုက် တယ်။ ဟာ…ရေတွေ တဖြည်းဖြည်း ကြည်လာပြီဗျို့။ ဟော… သွေးရောင်တွေပျောက်ပြီး ရေစပ်ကျဉ်းလေးပဲရှိတဲ့ စမ်းချောင်းလေး ဖြစ်သွားပြီဗျာ။

"ရပါပြီ မောင်လူပေ"

ပြောပြောဆိုဆိုနဲ့ ဦးကြီးတော်က သူ့မြင်းကိုမောင်းပြီး စမ်းချောင်းကို စဖြတ်တယ်။ ဘိုးလူပေနဲ့ ကျုပ်လည်း နောက်က လိုက်ဖြတ်ကြတာပေါ့ဗျာ။ စမ်းချောင်းကိုကျော်ပြီး ခဏသွားလိုက်





တော့ ခပ်လှမ်းလှမ်းမှာ တောင်နိမ့်နိမ့်လေးတွေကို တွေ့ရတယ်။

"ကဲ မောင်လူပေ၊ မြင်းတွေရော၊ လူရော ခဏနားကြ ကွယ်၊ မြောက်ဘက်ကို နည်းနည်းသွားလိုက်ရင် စောစောက စမ်းချောင်းရဲ့ ချောင်းဖျားကို တွေ့လိမ့်မယ်၊ အဲဒီရေက အန္တရာယ် ကင်းပါတယ်၊ မြင်းတွေလည်း ရေတိုက်၊ လူလည်း သောက်လို့ရ တယ်"

ဘိုးလူပေနဲ့ ကျုပ်နဲ့ မြင်းတွေဆွဲပြီး စမ်းချောင်းလေးရဲ့ ချောင်းဖျားကို လိုက်ရှာကြတယ်။ ဟော…တွေ့ပြီဗျို့၊ ရေမှ ကြည်လင်ပြီး သန့်နေတာဗျ။

"မောင်တာတေ၊ ခဏနေဦးကွဲ့"

လို့ ပြောပြီး စမ်းချောင်းထဲကို လက်နှိုက်ပြီး အာရုံခံ ကြည့်တယ်ဗျ။

"အင်း…နောင်တော်ပြောတဲ့အတိုင်း သန့်ပါတယ်၊ မြင်း တွေ ရေတိုက်ပေတော့"

ကျုပ်က မြင်းတွေကို စမ်းချောင်းအောက်ဘက်မှာ ရေ တိုက်လိုက်တယ်။ ဘိုးလူပေနဲ့ ကျုပ်နဲ့က စမ်းချောင်းအထက်ပိုင်း က ရေကိုသောက်တယ်။ မြင်းမှာချိတ်ထားတဲ့ ရိက္ခာအိတ်ထဲကို နှိုက်ကြည့်တော့ ကောက်ညှင်းကျည်တောက်ကိုခွဲပြီး ငှက်ပျောဖက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ထုပ်ထားတာ တွေ့တယ်။ ဘိုးလူပေနဲ့ ကျုပ်နဲ့ နည်းနည်းစီ ယူစားလိုက်ကြတယ်။

“ဆရာကြီး ဦးကြီးတော်ကို ကပ်ရဦးမလား”

ကျုပ်စကားကို ကြားတော့ ဘိုးလူပေက လက်ကာပြတယ်။

“ကပ်စရာမလိုဘူး မောင်တာတေ၊ နောင်တော်တို့က အာဟာရသိဒ္ဓိ ပြီးပြီးသားတွေကွဲ့၊ တစ်ခါတလေ အရသာခံစားချင်မှ နည်းနည်းပါးပါးလေး စားတတ်ကြတာ”

“ဟင် ဟုတ်လား၊ ဆရာကြီး”

ဘိုးလူပေက ခေါင်းညိတ်ပြတယ်။ မြင်းတွေကိုလည်း မြင်းရိက္ခာအိတ်ထဲက မြင်းစာ ပဲနည်းနည်းစီ ကျွေးလိုက်တယ်။ ကိစ္စပြီးတာနဲ့ ကျုပ်တို့အားလုံး မြင်းတွေပေါ်ကို ပြန်တက်လိုက်ကြတယ်။

“မောင်လူပေရေ၊ ဟိုရှေ့မှာ မြင်နေရတဲ့ တောင်ကုန်းလေးတွေက ဇော်ဂနီကုန်းလို့ခေါ်တဲ့ နေရာပဲကွဲ့၊ ဒီကောင်တွေလည်း ကျုပ်တို့ကို နှောင့်ယှက်လိမ့်ဦးမယ် ထင်တယ်ကွဲ့”

“နှောင့်ယှက်ပါစေ နောင်တော်၊ ကျွန်တော်မျိုး ရင်ဆိုင်ပါ့မယ်”





ဦးကြီးတော်က ဘာမှမပြောဘဲ မြင်းကိုပဲ ဆက်စီးနေတာဗျို့။ တဖြည်းဖြည်းနဲ့ ဦးကြီးတော်ပြောတဲ့ ဇော်ဂနီကုန်းတွေဘက်ကို ကျုပ်တို့ ရောက်လာတော့တာပေါ့ဗျာ။

“အီး” “အူး” “အား” “အီး”

အို…အသံကြီးတွေမှ ကြောက်စရာကြီးတွေပါဗျာ။

ဟာ…တောင်ကုန်းတွေပေါ်ကို တက်လာပြီဗျို့။ ဟာ… နည်းတဲ့အကောင်ကြီးတွေမှ မဟုတ်တာဗျာ။ အားလုံး သုံးကောင်ဗျ။

သုံးကောင်ဆိုပေမယ့် နှစ်ကောင်က ရှေ့တိုးပြီး ရပ်လို့ဗျ။ တစ်ကောင်က နောက်ဘက်မှာ ရပ်နေတာ။ အဲဒီနောက်က အကောင်က အရွယ်ပိုကြီးတာဗျ။ တစ်ကိုယ်လုံး အမွေးတွေပေါက်နေတာဗျ။ အရပ်ကြီးတွေက ဆယ့်နှစ်ပေလောက်ရှိမယ်။ ပါးစပ်ကြီးတွေကလည်း အကြီးကြီးတွေပဲဗျို့။ အစွယ်ကြီးတွေက ရှေ့ကို ငေါထွက်နေတာဗျာ။ လျှာနီရဲရဲကြီးတွေက တွဲလောင်းကြီးတွေ ကျလို့ဗျာ။

ကျုပ်ဖြင့် သေသေချာချာ ကြည့်ပေမယ့် ဒီအကောင်ကြီးတွေဟာ မျောက်ကြီးတွေလား၊ လူတွေလားဆိုတာ ဘယ်လိုမှ ခွဲမရအောင်ပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



“မောင်တာတေ၊ ဒီကောင်တွေက ခေါင်ထိမှ ပြိုတာကွဲ့၊ ဟိုနောက်ကကောင်က ခေါင်ပဲ၊ အဲဒီကောင်ကို အင်းနဲ့ပစ်နိုင်မှ၊ အဲဒီကောင် ပြိုမှဖြစ်မှာ”

“ဒါဆိုရင် အင်း ကျုပ်ကိုပေး ဆရာကြီး၊ ကျုပ် နောက်ကပတ်ဝင်ပြီး အဲဒီကောင်ကို ပစ်မယ်”

“နေဦးကွဲ့၊ ကျုပ်က ရှေ့ကနှစ်ကောင်ကို အာရုံပြောင်းထားမှဖြစ်မယ်၊ ရှေ့ ဇော်ဂနီအင်း၊ အဲဒီအင်းနဲ့ ပစ်ရမှာ၊ အင်းတွေက ကျုပ် အကုန်လုံး နှိုးပြီးသားတွေကွဲ့၊ ကဲ ကျုပ် သွားပြီး ရှေ့ကကောင်တွေကို မျှားထုတ်သွားမယ်”

ဘိုးလူပေရော ကျုပ်ရော မြင်းပေါ်က ဆင်းလိုက်ကြတယ်ဗျ။ ဘိုးလူပေက မြင်းပေါ်က ဆင်းပြီးတာနဲ့ ပြေးဝင်သွားတာဗျို့။

ဇော်ဂနီကြီးတွေက ဘိုးလူပေ အနားကပ်လာတာနဲ့ လက်ဝါးအကြီးကြီးတွေနဲ့ လွှဲရိုက်တော့တာဗျို့။

“အီး” “ဘုန်း”

ဘိုးလူပေကို မထိဘူးဗျ။ မြေကြီးကိုပဲ ရိုက်မိတာ။

“အီး” “ဘုန်း” “အုး” “ဘုန်း” “အီး”

ဇော်ဂနီကြီးနှစ်ကောင်က စိတ်ဆိုးပြီး ဘိုးလူပေကို လိုက်





တော့တာဗျို့။ ဘိုးလူပေကလည်း ကျုပ်လိုပဲဗျ။ လက်ထဲမှာ အင်းတစ်ချပ် အသင့်ကိုင်ထားပြီး ဇော်ဂနီတွေကို တစ်ဖက်ကို ခေါ်သွားနေတာဗျ။

“အုး၊ ဝူး၊ ဝူး”

ဟာ…နောက်က ဇော်ဂနီကြီးက သူ့ကောင်နှစ်ကောင်ကို ဒါတောင် ထိအောင် မရိုက်နိုင်ကောင်းလားဆိုပြီး အော်နေတာဗျ။

ဒါဟာ ကျုပ်အတွက်တော့ အခွင့်အရေးပေါ့ဗျာ။ ကျုပ်ကို ဇော်ဂနီကြီး သတိမထားမိခင် ကျုပ်က နောက်ဘက် ခပ်လှမ်းလှမ်း ပတ်ပြီး သူ့နောက်ကိုရောက်အောင် ပြေးရတာဗျို့။ ဟော…ကျုပ် ရောက်ပြီ၊ ဇော်ဂနီကောင်ကြီးရဲ့ နောက်ကျောဘက်ကို ကျုပ် ရောက်ပြီဗျ။

ဘိုးလူပေက ဇော်ဂနီကြီးနှစ်ကောင်ကို ရန်စရင်း ကျုပ်ကို အရိပ်အကဲကြည့်နေတယ်။ ကျုပ်က ဇော်ဂနီကောင်ကြီးရဲ့ ဘေးဘက်ကို ပန်းပြီးတက်လိုက်တယ်။

“ဟေး”

ကျုပ်နဲ့ ဒီကောင်ကြီးနဲ့ သိပ်မဝေးတော့ဘူးဗျ။ အင်း တစ်ပစ်ပဲ ရှိတော့တာ။ ကျုပ်က ‘ဟေး’ လို့ အော်လိုက်တော့ ဇော်ဂနီကြီးက ကျုပ်ကို မြင်သွားပြီး ကျုပ်ဘက်ကို လှည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပါးစပ်နီနီကြီးကို တအားဖြဲပြီး ခါးကြီးကုန်းလာတယ်ဗျ။ တာတေပဲဗျာ၊ ဒီအခွင့်အရေးမျိုးကို ဘယ်မှာလက်လွှတ်မတုံးဗျာ။

"ကဲကွာ"

"ဝုန်း"

ဖော်ဂနီကြီးရဲ့ ပါးစပ်ပြဲပြဲကြီးထဲကို အင်းချပ် ပစ်သွင်းလိုက်တာဗျို့။ 'ဝုန်း' ဆိုတဲ့ အသံကြီးနဲ့အတူတူ မီးခိုးတွေထွက်လာပြီး ဖော်ဂနီကြီး နောက်ဆုတ် နောက်ဆုတ်နဲ့ ထွက်သွားတယ်ဗျို့။ ဟော···ဒယီးဒယိုင်နဲ့ နောက်ကိုဆုတ်သွားပြီး လဲကျသွားပြီဗျို့။

"ဘုန်း"

ဟာ··မြေကြီးတောင် တုန်သွားရောဗျို့။ ကျုပ် ဘိုးလူပေကို လှည့်ကြည့်လိုက်တော့ ဘိုးလူပေက လက်ထဲက အင်းတစ်ချပ်စီကို ဖော်ဂနီနှစ်ကောင်ဆီကို နှစ်ချက်ဆက်ပြီးပစ်လိုက်တယ်။

"ဝုန်း" "ဝုန်း"

"အား" "အား"

"ဘုန်း" "ဘုန်း"

ဟာ···ဘိုးလူပေ ပစ်လိုက်တဲ့ ဖော်ဂနီကြီးတွေလည်း မြေကြီးပေါ်ကို လဲကျကုန်ကြပြီဗျို့။ ကျုပ်လည်း မြင်းတွေရှိတဲ့ဆီ





ကို ဖြတ်ပြေးခဲ့ရတာပေါ့ဗျာ။

ကျုပ် မြင်းတွေဆီကိုရောက်တော့ ဦးကြီးတော်က ပြုံးပြီး ကျုပ်ကို ကြည့်နေတယ်ဗျ။

"မောင်တာတေက တော်တော်သတ္တိကောင်းတဲ့ လူကလေးပဲ"

လို့ ကျုပ်ကို ချီးမွမ်းတယ်။ ဘိုးလူပေလည်း မြင်းတွေဆီကို ပြန်ရောက်လာပြီဗျ။

"ဟား၊ ဟား၊ မောင်တာတေ၊ မင်းကတော့ တကယ့်ကောင်ပါပဲကွာ၊ အင်းကို ဖော်ဂနီရဲ့ ပါးစပ်ထဲကို ဝင်အောင်ပစ်ရတယ်လို့ကွာ"

"သူက ပါးစပ်ကြီး ဟထားတာကို ဆရာကြီးရဲ့"

ဘိုးလူပေနဲ့ ကျုပ်နဲ့ မြင်းပေါ်တက်ပြီးတာနဲ့ ဦးကြီးတော်က ခရီးဆက်ပြန်ရောဗျို့။ ဒီလိုနဲ့ ကျုပ်တို့တွေ ဖော်ဂနီတောင်ကုန်းကို ကျော်ခဲ့ပြန်ရောပေါ့ဗျာ။

တောင်ကုန်းလေးတွေ ကျော်လာတော့ မြေပြန့်လေးတစ်ခု တွေ့ပြန်ရောဗျ။ မြေပြန့်မှ ညီညာနေတာဗျို့။ မြေပြင်လေးကလည်း ပြောင်ရှင်းနေတာဗျ။ ကျုပ်စိတ်ထဲမှာ ဒီမြေပြင်လေးပေါ်မှာ မြင်းစီးသွားရမှာကို တွေးပြီးပျော်နေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးတော်က မြင်းကို တုံ့ကနဲရပ်လိုက်တယ်ဗျ။ မြေပြင်ကို သေသေချာချာ ကြည့်နေပြီးမှ…

“မောင်လူပေ၊ ဒီမြေပြင်က သေမင်းကွဲ့၊ ဒါ ‘တစုန့်’ လို့ ခေါ်တယ်။ သူ့အပေါ်ကို လူမပြောနဲ့၊ တစ်ခုခုကျတာနဲ့ မြေကြီးက ဆင်ရေခွဲလှုပ်သလို လှုပ်လာပြီး ဆွဲစုတ်တော့တာကွဲ့၊ ဒီအပေါ်ကို ဘယ်သတ္တဝါမှ မဖြတ်ဘူးကွဲ့၊ ငှက်တောင် မနားဘူး၊ သဘာဝမွေ့ရဲ့ သဘောကြောင့် သတ္တဝါတွေကလည်း ဒီမြေပြင်ဟာ ‘တစုန့်’ မှန်း သိကြတယ်။ အနားကိုတောင် မသီကြဘူး။

“မောင်လူပေ၊ မောင်တာတေ ဗဟုသုတရအောင် တစ်ခုခု ပစ်ပြလိုက်ပါကွယ်”

ဘိုးလူပေက မြင်းပေါ်ကဆင်းပြီး သစ်ရွက်ကြီးတစ်ရွက်ကို ယူလိုက်တယ်။ သစ်ရွက်ကြီးထဲမှာ မြေစိုင်ခဲတစ်လုံး ထည့်ပတ်လိုက်တယ်။ ပြီးတာနဲ့ ပြောင်လက်ပြီး တင်းနေတဲ့ မြေပြင်ပေါ်ကို လှမ်းပစ်လိုက်တယ်။

“ဘုတ်”

ဘိုးလူပေ ပစ်လိုက်တဲ့ သစ်ရွက်နဲ့ မြေကြီးခဲက မြေမာပေါ်ကို ကျသွားသလိုပဲဗျ။ ရှေ့ကို လိမ့်တောင်သွားလိုက်သေးတယ်။





ဟာ…လှုပ်ပြီဗျို့။ လှုပ်ပြီ။ မြေကြီးတွေ လှုပ်လာလိုက်တာဗျာ၊ ဆင်ကြီးတစ်ကောင်ရဲ့ ကျောကုန်းကြီး တွန့်သလိုကို လှုပ်တာဗျို့။ ကျုပ်စိတ်ထဲမှာ ဒီမြေထဲများ အကောင်ကြီး တစ်ကောင် ရှိနေသလားလို့တောင် တွေးမိတာဗျ။

ဟော…စုပ်ပြီဗျို့၊ စုပ်ပြီ။ သစ်ရွက်နဲ့ ထုပ်ထားတဲ့ မြေကြီးခဲကို အောက်က တလှုပ်လှုပ်နဲ့ ဆွဲနေတာဗျို့။

“မောင်တာတေ တွေ့လား၊ မောင်လူပေ ပစ်လိုက်တဲ့ သစ်ရွက်ကို တစုန့်က ဆွဲနေတာ၊ အဲဒီဆွဲအားကို နည်းတယ် မထင်နဲ့ မောင်တာတေ၊ ဆင်တွေ မြင်းတွေတောင် ရုန်းလို့မလွတ်ဘူးကွဲ့”

ဟာ…ဟုတ်တယ်ဗျို့။ ဘိုးလူပေ ပစ်လိုက်တဲ့ သစ်ရွက်ကြီး မရှိတော့ဘူးဗျို့။ မြေကြီးအောက်ကို ဝင်သွားပြီဗျို့။ ဒါပေမဲ့ မြေကြီးတွေက စောစောကငြိမ်ပဲ လှုပ်နေတုန်းပဲဗျ။

“မြေကြီးတွေလှုပ်တာ မရပ်သေးဘူးနော် ဆရာကြီး” ကျုပ်က ဘိုးလူပေကို ပြောလိုက်တာဗျ။

“မောင်တာတေ၊ တစုန့်က အောက်မှာ အနက်ကြီးကွဲ့၊ ဟိုးအောက်ခြေရောက်အောင် ဆက်ပြီးစုပ်နေတာ၊ စောစောက ဖက်ရွက် အောက်ကိုရောက်သွားမှ ရပ်မှာကွဲ့”



www.burmeseclassic.com

www.burmeseclassic.com



“ဟာ...ကြောက်စရာကြီးပါလား ဆရာကြီးရယ်”

“ဟုတ်တယ် လူလေး၊ သဘာဝတရားကြီးမှာ ထူးဆန်းတာတွေ အများကြီး ရှိတယ်ကွဲ့၊ ရေစုန်းဖြစ်နေတဲ့ သဘာဝကန်ကြီးတွေလည်း ရှိတယ်။ ဒါကြောင့် တောထဲတောင်ထဲမှာ ရေကန်တွေ့တိုင်းလည်း ရေဆင်းမချိုးရဘူး။ လူဆင်းတာနဲ့ တစ်ပြိုင်နက် ရေတွေ ချက်ချင်းဝဲလှည့်ပြီး အောက်ကို စုပ်ယူတော့တာကွဲ့၊ ဘယ်လိုအားနဲ့ရုန်းလို့မှ မလွတ်ဘူး၊ အဲဒီဝဲက ဘယ်လောက်အနက်အထိ ဆွဲချသွားမှန်း ဘယ်သူမှ မသိဘူး၊ ရေစုန်း စုပ်သွားလို့ကတော့ ဘယ်တော့မှ အလောင်းပြန်ရတယ်လို့ မရှိဘူးကွဲ့”

“ကြားရုံနဲ့တင် ကြောက်လိုက်တာ ဦးကြီးတော်ရယ်”

ဦးကြီးတော်က ခေါင်းညိတ်ပြီး ပြုံးနေတယ်။ ခဏနေတော့ တစုန့်မြေလွတ်တဲ့နေရာအထိ သွားပြီးတော့ အဝေးကြီးက ပတ်သွားကြရတာပေါ့ဗျာ။ တစုန့်မြေကျော်တော့ တောင်တစ်လုံးကို စပြီးတက်ကြရပြီဗျို့။ အခုအချိန်အထိ တွေ့ရတဲ့တောင်တွေက အားလုံး ခပ်ပြေပြေချည်းပါပဲဗျာ။ မြင်းတက်လို့တောင် သိပ်မပန်းဘူးဗျ။ တဖြည်းဖြည်း မှုန်းတိမ်းသွားပြီဗျ။ တောတွေကတော့ နေပျောက်တောင် သိပ်မထိုးတော့ ခရီးသွားရတာ မပူဘူးပေါ့ဗျာ။

ကျုပ်တို့မြင်းတွေ တက်လာလို့ တောင်ထိပ်ရောက်တဲ့





အခါ ကျုပ်တို့သွားမယ့်လမ်းလယ်မှာ ထူးထူးဆန်းဆန်းတစ်ခု တွေ့လိုက်ရတယ်ဗျို့။ ထောင့်လေးထောင့်မှာ ငှက်ပျောပင်တွေစိုက်ပြီး ရာဇမတ်ကာထားတဲ့ နေရာတစ်ခုဗျ။ ရာဇမတ်အလယ်မှာ ငှက်ပျောပင်တစ်ပင် စိုက်ထားတယ်။ တခြားတော့ ဘာမှမတွေ့ရဘူးဗျ။ လမ်းကိုပိတ်ပြီး ဆောက်ထားတာဗျို့။ ကျုပ်တို့လမ်းကို ပိတ်ထားတာပေါ့ဗျာ။

ဘိုးလူပေလည်း အံ့သြသွားပုံပဲဗျ။ ဒါမျိုးကို တစ်ခါမှ မမြင်ဘူးတော့ ထူးဆန်းပြီး တအံ့တသြ ကြည့်နေတယ်။ ဦးကြီးတော်က ရာဇမတ်ကာထားတဲ့နေရာ မရောက်ခင်ပဲ မြင်းကို တုံ့ကနဲ ရပ်လိုက်တယ်။ ရာဇမတ်ကာထားတဲ့ပုံစံကို သေသေချာချာ ကြည့်နေတယ်ဗျ။ ခဏကြာတော့မှ...

“မောင်လူပေ၊ မင်းမှာ ကဝေအုပ်တဲ့ပိုက် ပါလာသလား”

ဦးကြီးတော်က ဘိုးလူပေကို မေးလိုက်တယ်။

“ပါတယ်၊ နောင်တော်ဘုရား”

“ဒါဖြင့် အဲဒီကဝေပိုက် ထုတ်စမ်းကွယ်၊ ဒီကောင်ကို မောင်လူပေ မမြင်ရဘူးကွဲ့၊ ဒါ ရာဇမတ်က ရွှေထီးဆောင်း ကဝေပဲကွဲ့၊ အလယ်ကောင်က ငှက်ပျောပင်အရွက်ထဲမှာ ဝင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ အရွယ်အစားကို လက်သန်းလောက်အထိ ငယ်အောင် လုပ်လို့ရတယ်၊ သူ့လက်မှာ ရွှေထီးတစ်လက် အမြဲကိုင်ထားတယ်၊ အဲဒီရွှေထီးကလည်း သူကြီးရင် လိုက်ကြီးပြီး သူသေးရင် လိုက်သေးတာကွဲ့၊ သူ့ကို အင်းနဲ့ပစ်လို့ ဘယ်တော့မှ မထိဘူး၊ သူ့ရွှေထီးနဲ့ ကာထားရင် အင်းမတိုးဘူးကွဲ့၊ ဒီတော့ ဒီကောင် သေးသေးလေးလုပ်တဲ့အချိန်မှာ ပိုက်ကွန်နဲ့ မိအောင်အုပ်လိုက်၊ ပြီးရင် ဟောဒီလုံးတံနဲ့ နှိပ်ကွပ်ပေတော့။ ရှေ့··မောင်တာတေက ဒီလုံးကို ယူထား၊ မင်းဆရာ ခိုင်းသလိုသာ လုပ်ပေတော့”

ဦးကြီးတော်က သူ့ရဲ့ လက်သုံးတော်လုံးတံကို ကျုပ်ကို လှမ်းပေးတယ်။ ကျုပ်က ဦးကြီးတော် ပေးတဲ့ လုံးကို ရိုရိုသေသေ ယူလိုက်တယ်ဗျ။

ဘိုးလူပေက မြင်းပေါ်ကဆင်းတော့ ကျုပ်လည်း ဆင်းလိုက်တယ်။ ဘိုးလူပေက သူ့ဆေးလွယ်အိတ်ထဲက ကဝေပိုက်ကွန်ကို ထုတ်တယ်။ ကဝေပိုက်ကွန်ကို ကျုပ် မြင်ဖူးပြီးသားလေဗျာ။ ဆရာကြီး ဦးမင်းအောင်တို့၊ ဆရာနွံဖတ်တို့နဲ့ ကဝေတွေ လိုက်တုန်းက မြင်ဖူးတာပေါ့ဗျာ။ ခင်ဗျား ဖတ်ကြည့်ချင်ရင်တော့ ကျုပ်ရေးခဲ့တဲ့ **'ကဝေဆယ့်နှစ်ကြိုး'** မှာ ရှာပြီးတော့ ဖတ်ကြည့်ဗျာ။

ပိုက်ကွန်က ခေါက်ထားရင် သေးသေးလေးဗျ။ ဖြန့်လိုက်





ရင်တော့ ဝါးဖျာကြမ်း နှစ်ချပ်စာလောက် ရှိမယ်။ ဘိုးလူပေက ကဝေပိုက်ကွန်ကို သေသေချာချာဖြင်ပြီးတော့ မန္တန်ရွတ်ပြီး နှိုးလိုက်တယ်ဗျ။ ပြီးတာနဲ့ ဘိုးလူပေက ကျုပ်ကို အင်းတစ်ချပ်ပေးတယ်။ ငှက်ပျောဖက်ထဲမှာ ပုန်းနေတဲ့ ရွှေထီးဆောင်းကဝေကို အပြင်ထွက်လာအောင် အင်းနဲ့ပေါက်ခိုင်းတာဗျ။

ကျုပ်က ဦးကြီးတော်ပေးတဲ့ လုံးကို ဘယ်လက်မှာကိုင်ပြီး ညာဘက်လက်က အင်းချပ်နဲ့ ရာဇမတ်ကာနားကို ဖျတ်ကနဲ ပြေးကပ်သွားပြီး အလယ်ကောင်က ငှက်ပျောပင်ကို အင်းနဲ့ပစ်ပေါက်လိုက်တယ်။

“ဝုန်း”

ဟာ···မီးခိုးလုံးကြီး ထသွားပြီဗျို့။ ကျုပ်က နောက်ကို ကပျာကယာ ပြန်ပြေးလိုက်တယ်ဗျ။

“ဟာ···ငါလုပ်ရရင် အကုန်သေတော့မှာပဲ”

အသံနက်ကြီးနဲ့ အော်ပြောတာဗျို့။ မီးခိုးလုံးကြီး မှောင်နေတော့ လူကို မမြင်ရဘူး၊ အသံပဲ ကြားရတာ။

ဟော···ခုန်ထွက်လာပြီဗျို့။ မီးခိုးတွေကြားကနေ ခုန်ထွက်လာတာဗျ။ အရွယ်ကတော့ လူတစ်ယောက်အရွယ်ပါပဲ။

“ဘယ်လိုတုံး၊ ကြောက်လို့ ပုန်းနေတာလား ရွှေထီး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း"

ဘိုးလူပေက စပေးလိုက်တယ်။ ရွှေထီးဆောင်းက လက်ထဲမှာ ကိုင်ထားတဲ့ ရွှေထီးကို ချက်ချင်းဖွင့်လိုက်တယ်။ ရွှေထီးက ဘုန်းကြီးကျောင်းတွေက ရွှေထီးမျိုးဗျ။

"ကြောက်လို့ ပုန်းနေတာ မဟုတ်ပါဘူး၊ အားလုံးကို သတ်ပစ်ဖို့ စောင့်နေတာပါ၊ မယ်တော်ကြီး မယ်ဝက်ရဲ့ အကြံအစည် အောင်မြင်ဖို့ ကူညီရတာပါ"

ပြောပြောဆိုဆိုနဲ့ ရွှေထီးဆောင်းက သူ့ရှေ့မှာ ရွှေထီးကြီး ကာပြီး လှည့်နေတယ်ဗျ။

"မကြည့်ကြနဲ့၊ မူးလဲသွားမယ်"

ဦးကြီးတော်က ကျုပ်တို့ကို လှမ်းပြီးသတိပေးတယ်။ ခဏကြာအောင် ထီးကြီးလှည့်ပြီးတော့မှ လှည့်နေတာကို ရပ်လိုက်တယ်။ ရှေ့မှာ ကာထားတဲ့ ထီးကြီးကိုလည်း ဖယ်လိုက်တယ်။

"ဟာ"

ကျုပ် အံ့သြပြီး အော်လိုက်မိတယ်ဗျို့။ ရွှေထီးဆောင်းရဲ့ အရွယ်က စောစောကထက် သုံးဆလောက် ကြီးနေတာဗျ။ ဟာ အံ့သြစရာပါဗျာ။ သူကိုင်ထားတဲ့ ထီးကြီးကလည်း စောစောက





အရွယ်ထက် သုံးဆလောက်ကို ကြီးလာတာဗျို့။ ဦးကြီးတော် ပြောတာ ဟုတ်လိုက်တာဗျာ။

"ကဲ…မင်းစွမ်းရင် ငါ့ကို သတ်တော့လေကွာ၊ ဆရာကောင်၊ မင်းနာမည် လူပေမို့လား၊ မင်းက ငါ့ကို မသိပေမယ့် ငါက မင်းကို သိတယ်ကွ၊ ငါတို့မျိုးရိုးတွေကို သတ်တဲ့နေရာမှာ မင်းက လက်မရွံ့လူသတ်သမားဆိုပဲ။ ကဲ…အခု ငါ့ကို သတ်စမ်းကွာ၊ မင်းမသတ်နိုင်ရင် ငါကတော့ မင်းကို ရက်ရက်စက်စက် သတ်မှာနော်၊ ငါက ဘွင်းဘွင်းသမားပဲကွ၊ လူပေရဲ့၊ ဟား၊ ဟား၊ ဟား"

ပြောရင်းနဲ့ ရွှေထီးဆောင်းကဝေက သူ့အစွမ်းကို ပြနေတာဗျ။ သူအော်ရယ်လိုက်တိုင်း အရွယ်က သေးသေးသွားတာဗျ။ ရွှေထီးဆောင်းကဝေက တစ်ကိုယ်လုံး ပုဆိုးအနက် အင်္ကျီအနက်တွေ ဝတ်ထားတာ၊ ခေါင်းမှာလည်း ပုဝါအနက်ကိုပဲ ပေါင်းထားတာဗျ။ ဒါပေမဲ့ ဒီလူက ရှမ်းလူမျိုးထင်တယ်၊ အသားက ဖြူနေတာဗျို့၊ အနက်ရောင် ဝတ်ထားတော့ ပိုပြီးဖြူနေတော့တာပေါ့ဗျာ။

ထူးဆန်းတယ်ဗျို့။ ခေါင်းကြီး နောက်လှန်ပြီး မော့ပြီး ရယ်နေတာဗျ။ သူရယ်လိုက်တိုင်း သူ့အရွယ်က သေးသေးလာ



www.burmeseclassic.com

www.burmeseclassic.com



သလို သူ့လက်ထဲက ကိုင်ထားတဲ့ ရွှေထီးကလည်း သေးသေးလာတာဗျို့။ ဘိုးလူပေက ရွှေထီးဆောင်းကို မျက်တောင်မခတ်ကိုကြည့်နေတာဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရွှေထီးဆောင်းက အဆက်မပြတ် ရယ်နေတော့ အရွယ်က တဖြည်းဖြည်း သေးသွားတာ၊ ဆယ်နှစ်သားကလေးတစ်ယောက်ရဲ့ အရွယ်ကို ရောက်သွားပြီဗျို့။ သူ့လက်ထဲက ရွှေထီးကလည်း သေးသေးလေး ဖြစ်သွားပြီဗျာ။ ဒီအခွင့်အရေးကို ဘိုးလူပေက စောင့်နေပုံပဲဗျ။ အဆင်သင့်ကိုင်ထားတဲ့ ကဝေပိုက်ကွန်နဲ့ ပြေးပြီး ပစ်လိုက်ရောဗျို့။ ဘိုးလူပေ ပစ်လိုက်တဲ့ 'ကဝေကွန်' က လေထဲမှာ ဝိုင်းသွားပြီး ရေထဲက ငါးကို ဖမ်းသလို ကဝေကို အုပ်သွားတယ်။ ဘိုးလူပေက ချက်ချင်းကို ကဝေပိုက်ကွန်ရဲ့ ပိုက်ခေါင်းကြိုးကို ဆောင့်ဆွဲလိုက်တယ်။

မိပြီဗျို့။ မိပြီ။ ရွှေထီးဆောင်းကဝေ ပိုက်ထဲမှာ မိသွားပြီဗျို့။ ဟာ၊ ရုန်းပြီဗျို့။ ကဝေက သူ့လက်ထဲက ရွှေထီးနဲ့ ပိုက်ကို ထိုးဖြတ်တယ်။ ဒါပေမဲ့ ပိုက်ကွက်က စိပ်စိပ်ကလေးတွေက ဘယ်လိုဖြတ်လို့မှလည်း မပြတ်ဘူး။ ပိုက်ကွန်ထဲမှာ တုံးလုံးလဲကျသွားတဲ့ ရွှေထီးဆောင်းက ဒယီးဒယိုင်နဲ့ ထလာတယ်။





"လူပေ၊ မင်းကို ငါ အခု သတ်မယ်၊ အခု သတ်မယ်"

လို့ အော်ပြီး သူ့ပါးစပ်တွေ မျက်လုံးတွေ လက်တွေကနေ စက်တွေ လွှတ်တာဗျ။ ဒါပေမဲ့ သူလွှတ်တဲ့စက်တွေက ပိုက်ကွန်အပြင်ကို လုံးဝထွက်မလာဘူးဗျ။

"တောက်၊ မင်းက လက်ဦးသွားပြီပေါ့ လူပေရာ"

ပြောပြောဆိုဆိုနဲ့ ရွှေထီးဆောင်းက ပိုက်ကွန်ထဲမှာတင် သူ့ထီးကို လှည့်နေတယ်ဗျ။ ထီးက ကောင်းကောင်းမလည်ဘူး။ လည်လိုက် ရပ်လိုက် ဖြစ်နေတယ်။

"မောင်တာတေ၊ ဒီထီးဖယ်လိုက်တဲ့အချိန်မှာ မင်းလက်ထဲမှာ ကိုင်ထားတဲ့ နောင်တော်ဘုရားရဲ့ လှံပုံနဲ့ဝင်ထိုးပေတော့ကွယ်၊ ဒီကောင်ကို အင်းနဲ့ ဓိဝိနိချုပ်နိုင်မှာ မဟုတ်ဘူးကွဲ့၊ ဘယ့်နှယ်လဲ၊ မင်း လုပ်ရဲပါ့မလား"

ဘိုးလူပေက ပိုက်ကွန်ရဲ့ ခေါင်းကြိုးကို ဆွဲထားရတာလေဗျာ။ ဒီကဝေကို ကျုပ်ပဲ လှံနဲ့ထိုးရမှာပေါ့ဗျ။

"ဟာ...ဘာလို့ မထိုးရဲရမှာတုံး ဆရာကြီးရဲ့"

ကျုပ်က ပြောပြောဆိုဆိုနဲ့ ပိုက်ကွန်မှာ မိနေတဲ့ ရွှေထီးဆောင်း ကဝေကြီးအနားကို မသိမသာ ကပ်သွားလိုက်တယ်။ လက်ထဲက လှံကိုလည်း အသင့်ပြင်ပြီး ကိုင်ထားတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကဝေက ကျုပ် ကပ်လာတာကို သိပုံမပေါ်ဘူးဗျ။ သူ့ရဲ့ လွတ်မြောက်ရေးပဲ ကြိုးပမ်းနေတာ။ ထီးကိုပဲ ကြိုးစားပြီး လှည့်နေတာဗျို့။

ဟော…ထီးလှည့်တာ ရပ်သွားပြီ။ ကဝေက အကြံအိုက်နေတဲ့ပုံပဲဗျ။ ဆတ်ကနဲ ထီးကို ပိတ်လိုက်တယ်။ ကဝေရဲ့ ဆယ်နှစ်သားအရွယ် ကိုယ်လုံးလေးက အကာအကွယ်မဲ့သွားရောဗျို့။

ဒီအခွင့်အရေးကို ကျုပ်လိုကောင်က လက်လွတ်ခံမတဲ့လားဗျာ။

"ဝှစ်"

ကျုပ်လက်ထဲမှာ ကျစ်ကျစ်ပါအောင် ကိုင်ထားတဲ့ ဦးကြီးတော်ရဲ့ လှံပျံနဲ့ ကျုပ် ပစ်ထိုးလိုက်တယ်။

"အား"

အော်လိုက်တဲ့ ကဝေဗျာ။ အသံနက်ကြီးနဲ့ကိုအော်တာဗျို့။ ဒီတော့မှ ကျုပ်ပစ်လိုက်တဲ့ လှံတံဟာ ကဝေကို ချက်ကောင်း ထိသွားပြီဆိုတာ ကျုပ် သိတော့တာဗျ။ ဟာ…လှံတစ်ချောင်းလုံးမှာ အရောင်တွေ တဝင်းဝင်း လက်နေတာဗျ။ ကဝေက ခြေကားယား လက်ကားယားနဲ့ကို ပစ်လဲသွားတာဗျို့။ ကျုပ် ဒီတော့မှ သေသေချာချာ ကြည့်လိုက်မိတာဗျ။ ကျုပ်ပစ်တဲ့ လှံတံက ကဝေ





ရဲ့ ရင်ညွန့်တည့်တည့်ကို စိုက်သွားတာဗျို့။ ဟော..ရွှေထီးဆောင်းရဲ့ ရွှေထီးက လက်ထဲကနေ လွတ်ကျသွားပြီဗျို့။ ရွှေထီးဆောင်း တစ်ကိုယ်လုံးမှာ အရောင်တွေ တဝင်းဝင်း ဖြစ်နေတာဗျို့။ ဟော တဖြည်းဖြည်းနဲ့ အရောင်တွေ ပျောက်သွားပြီး ကဝေလည်း လူးလွန့်နေရာကနေ တဖြည်းဖြည်း ငြိမ်ကျသွားပြီဗျို့။

"မောင်တာတေ လှံကို ပြေးနှုတ်လိုက်"

ကျုပ်က လှံတံကို ပြေးပြီးနှုတ်ယူလိုက်တယ်။ သွေးတွေတော့ ရွှဲနေမှာပဲလို့တွေးပြီး ခရင်းခွပုံ လှံသွားကို ကြည့်လိုက်တော့ ဘာသွေးမှကို မတွေ့တာဗျ။ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ဒါ ဘာသဘောလဲဆိုတာကို ကျုပ် ဘိုးလူပေကို နောက်မှ မေးမယ်လို့ စိတ်ထဲမှာ တွေးလိုက်မိတယ်။

ဘိုးလူပေက သူ့ရဲ့ ကဝေပိုက်ကွန်ကို ဆွဲယူပြီး သိမ်းလိုက်တယ်ဗျ။

"နောက်ဆုတ် မောင်တာတေ၊ ငရဲမီးတောက်လိမ့်မယ်ကွဲ့"

"ဝုန်း"

ဘိုးလူပေ စကားဆုံးတာနဲ့ မြေကြီးထဲက မီးတောက်ကြီး ဝုန်းကနဲ ထလာပြီး ရွှေထီးဆောင်းကဝေရော သူ့ရဲ့ ရွှေထီးတွေပါ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လောင်တော့တာဗျို့။ ကျုပ်သိတာပေါ့ဗျာ။ အင်မတန် အကုသိုလ်ကြီးတဲ့ ကဝေကြီးတွေ သေရင် အခုလို ငရဲမီးတောက်ကြီး ထတောက်တယ်ဆိုတာ ဆရာကြီး ဒေါက်တာမင်းအောင်တို့၊ ဆရာစိုင်းနွံဖတို့နဲ့ လိုက်တုန်းကလည်း ကြုံဖူးပြီးသားလေဗျာ။

ဆရာကြီး ဒေါက်တာမင်းအောင်က ကျုပ်ကို ပြောဖူးတယ်။ ဒီမီးတောက်က အဝီစိကနေ တက်လောင်တာဆိုပဲဗျ။ ဘယ်သူငြိမ်းလို့မှ မငြိမ်းဘူးဆိုပဲ။

ပူလိုက်တဲ့ မီးတောက်ကြီးဗျာ။ အနားကို ကပ်လို့မရဘူးဗျို့။ ဘိုးလူပေရော၊ ကျုပ်ရော နောက်ကို တော်တော်ဝေးဝေးအထိ သွားနေကြရတာဗျ။ မီးတောက်ကြီး ငြိမ်းသွားတော့ မီးလောင်တဲ့နေရာမှာ ပြာတောင်မရှိဘူးဗျ။

"ကဲ…မောင်တာတေရေ၊ ရွှေထီးဆောင်းတော့ အဝီစိရောက်သွားလောက်ပြီကွဲ့၊ ကဲ လာ၊ တို့ဆရာတပည့်နှစ်ယောက် လမ်းရှင်းကြရအောင်ကွယ်၊ ကျုပ်စီးတဲ့မြင်းမှာ ဓားတစ်ချောင်းပါတယ်ဗျ။ ရိက္ခာအိတ်ဘေးမှာ ချိတ်ထားတာ။ ကျုပ်က မြင်းက ဓားကို ပြေးဖြုတ်ပြီး လမ်းပိတ်ဆောက်ထားတဲ့ ရာဇမတ်နဲ့ ငှက်ပျောပင်တွေကို ခုတ်ဖြတ်ပြီး လမ်းဘေးကို ဆွဲချလိုက်တယ်။ လမ်းရှင်းသွားပြီဆိုတော့မှ ဘိုးလူပေရော ကျုပ်ရော မြင်းပေါ်





ပြန်တက်လိုက်ကြတယ်။ ကျုပ်က ဓားလာယူကတည်းက ဦးကြီးတော်ရဲ့ လှံတံကို ပြန်ပေးလိုက်တယ်ဗျ။ ဓားကို ဓားအိမ်ထဲမှာ ပြန်ပြီး စိုက်လိုက်တယ်။

ဦးကြီးတော်ရဲ့မြင်းက ရှေ့က သွားတယ်။ ကျုပ်တို့မြင်းတွေက နောက်က လိုက်ကြတယ်။

တော်တော်လေး သွားမိတော့ တောင်ပေါ်က ဆင်းပြီး နောက်ထပ်တစ်တောင် မတက်ခင် မြေပြန့်ကလေးကို ရောက်လာကြတယ်။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

အသံတွေကြားလို့ ကျုပ် မော့ကြည့်လိုက်တာဗျ။ ကောင်းကင်မှာ မည်းနေတာပါပဲဗျာ။ မိုးအုံ့သလိုကို ဖြစ်သွားတာဗျို့။

"ဟာ…ဘာကောင်တွေတုံး မသိဘူး ဆရာကြီး"

ဘိုးလူပေက ကောင်းကင်ကို မော့ကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။

"ပျားတွေကွ မောင်တာတေရ၊ ဒီပျားတွေ တုပ်လို့တတော့ ချက်ချင်းတုံးကနဲ လဲသေသွားမှာကွ၊ ဒါဟာ မိပျားလို့ခေါ်တဲ့ ကဝေမကြီး လွှတ်လိုက်တဲ့ ပျားတွေပေါ့ကွယ်၊ ရှေ့ကတောင်မှာ မိပျားကြီး ကျုပ်တို့ကို အဆင်သင့် စောင့်နေပြီပေါ့ကွယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟုတ်လား၊ ဆရာကြီး"

"မောင်လူပေရေ၊ ပျားဆိုတာ မီးသိပ်ကြောက်တာကွဲ့"

"မှန်ပါ့ နောင်တော်ဘုရား"

ဘိုးလူပေက ဦးကြီးတော်စကား ဆုံးတာနဲ့ သူ့လွယ်အိတ်ထဲက အရုပ်ကလေးတစ်ရုပ်ကို ထုတ်ယူလိုက်တယ်ဗျ။ အရုပ်ကလေးက ဆေးသားနဲ့ လုပ်ထားတာဗျ။ ရွှေပိန်းချထားတယ်။

"ဒါ မီးကဝေရုပ်ကလေးကွဲ့၊ မောင်တာတေရဲ့ အားကြီးစွမ်းတာ"

ဘိုးလူပေက ကျုပ်တို့ဘက်ကို တဖြည်းဖြည်း နိမ့်ဆင်းလာနေတဲ့ ပျားအုပ်ကြီးကို သေသေချာချာ ကြည့်လိုက်တယ်။ ကျုပ်စိတ်ထင်တော့ ပျားကောင်ရေ ငါးထောင်တော့ အနည်းဆုံးပဲဗျ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ပျားတွေရဲ့အသံက ကြောက်စရာကြီးပါဗျာ။ ကျုပ်ဖြင့် ကြက်သီးတွေ တဖျန်းဖျန်း ထလို့ဗျာ။ ဘိုးလူပေက မီးကဝေရုပ်ကလေးကို မန္တန်သွင်းလိုက်တယ်ဗျ။

"ဗိုး"

ဟော…အသက်ဝင်သွားပြီဗျို့။ ဘိုးလူပေရဲ့ လက်ဝါးထဲ





က မီးကဝေရုပ်ကလေး အရောင်တွေ တဝင်းဝင်း ထပြီးတော့ လေထဲကို ပျံသွားရောဗျာ။

ဟာ…မီးကဝေရဲ့ကိုယ်က မီးတောက်ကြီးထွက်လာတာဗျို့။ ကျုပ်စိတ်ထင်တော့ စကောနှစ်ချပ်စာလောက်ကို ရှိမယ်ထင်တယ်။ မီးကဝေရုပ်ကလေးရဲ့ဘေးမှာ မီးပိုင်းကြီး ဖြစ်နေတာပေါ့ဗျာ။

ဟာ…ဝင်သွားပြီဗျို့။ ဝင်သွားပြီ။ မီးကဝေက ပျားအုပ်ကြီးထဲကို ထိုးဝင်သွားတာဗျို့။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ…ပျားတွေရဲ့ အသံရော၊ မီးကဝေရဲ့ အသံရော တဝီဝီနဲ့ကို ဖြစ်နေတာဗျို့။

ဟာ…ပျားတွေ မီးလောင်ပြီး အောက်ကို ပြုတ်ကျကုန်ပြီဗျို့။ အို…တရစပ်ကို ကျကုန်တာဗျာ။ မီးကဝေကလည်း ပျားတွေထဲမှာ လှည့်ပတ်ပြီး ပျံနေတာဗျို့။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟော…ပျားတွေ တဖြည်းဖြည်း နည်းလာပြီဗျို့။ နည်းလာပြီ။ ကျုပ်စိတ်ထင်တော့ အကောင် သုံးထောင်လောက်ပဲ ရှိတော့မယ်ထင်တယ်။ မီးကဝေကလည်း ပျံတုန်းပဲဗျ။ ပျားတွေက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း မီးတွေလောင်ပြီး ပြုတ်ကျနေတုန်းပဲ။

တဖြည်းဖြည်းနဲ့ ကုန်ပြီဗျို့။ ကောင်းကင်မှာ ပျားတစ်ကောင်မှကို မရှိတော့တာဗျာ။ ဒီတော့မှ ဘိုးလူပေက အမိန့်ပြန်ပြီး မီးကဝေကို ပြန်ခေါ်လိုက်တယ်။ မီးကဝေရုပ်ကလေးက မီးတောက်တွေ ငြိမ်းသွားပြီး ဘိုးလူပေဆီကို တည့်တည့်မတ်မတ် ပြန်လာတယ်ဗျို့။ ဘိုးလူပေက မီးကဝေလေးကို လက်နှစ်ဖက်နဲ့ ဖမ်းယူပြီး စစ်ဆေးလိုက်တယ်။ ပြီးတော့မှ သူ့လွယ်အိတ်ထဲကို ထည့်လိုက်တယ်။

ပျားတွေ ပျောက်သွားတာနဲ့ ဦးကြီးတော်က သူ့မြင်းကို စပြီးနှင်တော့တာဗျို့။ နေတောင် အတော်လေးစောင်းနေပြီ။ ကျုပ်တို့မြင်းတွေ တောင်ပေါ်ကို တန်းတက်လာခဲ့ကြတယ်။

ထင်တဲ့အတိုင်းပေါ့ဗျာ။ တောင်ထိပ်ရောက်တော့ မယ်ပျားလို့ခေါ်တဲ့ ကဝေမကြီးက ထဘီအနီကြီးကို ဖောက်ထိုးကြီးဝတ်ပြီး ကျုပ်တို့သွားမယ့်လမ်းမှာ အဆင်သင့် စောင့်လို့ဗျို့။ လက်ထဲမှာလည်း ပျားရည်စက်လက်နဲ့ ပျားသလက်ကြီးကို ဖဲ့ရွဲ့ပြီး စားနေတယ်ဗျ။ သူ့ပါးစပ်မှာ ပျားရည်တွေ ရွှဲလို့ဗျို့။

“မယ်ပျားကြီး၊ လမ်းဖယ်ပေးပါ၊ ငါ နင်နဲ့ မတိုက်ချင်မခိုက်ချင်ဘူး”





ဘိုးလူပေက ပြောလိုက်တာဲဗျ။

“ဟား၊ ဟား၊ ဟား၊ ဟား၊ လူပေ၊ လူပေ၊ ဘာလဲနင် တစ်လမ်းလုံး တိုက်လာခဲ့ရလို့ မတိုက်နိုင်တော့လို့လား၊ ဒါဆိုရင် ဒီည ဒီတောင်မှာပဲ အိပ်ကြလေ၊ မနက်မိုးလင်းတော့မှ အေးအေးဆေးဆေး တိုက်ကြတာပေါ့ လူပေရယ်၊ ငါကတော့ မတိုက်လို့ မဖြစ်ဘူးဟဲ့။ ဒီတောင်ပေါ်ကို ရောက်လာရင် သတ်ပစ်ရမယ်လို့ မယ်ဝက်ကြီး မှာထားတာကို မပယ်လှန်ဝံ့ဘူးဟေ့၊ ကဲ ဒီတော့ ဘာလုပ်ချင်တုံး နင်ကြိုက်တာရွေး”

ဦးကြီးတော်က သူ့ရဲ့လှံတံကို ဆွဲယူလိုက်ပြီး မယ်ပျားကြီး အားရပါးရ စားနေတဲ့ ပျားသလက်ကြီးဆီကို လှံတံထိပ်က အလင်းတန်းလေးတွေ လက်ကနဲ လွှတ်လိုက်တယ်။ ဦးကြီးတော် လွှတ်လိုက်တဲ့ အလင်းရောင်လေးတွေဟာ မြန်လွန်းလို့ မယ်ပျားတောင် သတိမထားမိလိုက်ဘူးဗျ။ မယ်ပျားက ပျားသလက်ကြီးကို အားရပါးရ ဆက်စားနေတယ်။

ခဏနေတော့ မယ်ပျားကြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး ဒူးထောက်ရက်ကြီး ကျသွားရောဗျို့။ မျက်လုံးကြီး နှစ်ဖက်ကလည်း မျက်ဖြူကြီးတွေ လန်နေတယ်။ ပါးစပ်ထဲက အမြှုပ်တွေ စီးကျလို့ဗျာ။ ဘိုးလူပေက မြင်းပေါ်က ဖျတ်ကနဲ ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး လက်ထဲမှာ အသင့်ဆုပ်ထားတဲ့ အင်းတစ်ချပ်နဲ့ တစ်ရှိန်ထိုး ပြေးဝင်သွားပြီး မယ်ပျားကြီးကို ပစ်လိုက်ရောဗျို့။

"ဝုန်း"

"အဲဒါ ကဝေသက်ဖြတ်အင်းပဲ မယ်ပျားရေ၊ နင် အရေးကြီးတာထက် ငါတို့က ပိုပြီးအရေးကြီးတယ်၊ အချိန်ပေးပြီး နင်နဲ့ တိုက်ခိုက်မနေနိုင်ဘူး"

အခိုးအငွေ့တွေ ပျယ်သွားချိန်မှာ ကျုပ်ကြည့်လိုက်တော့ မယ်ပျားကြီး စန့်စန့်ကြီး ဖြစ်နေပြီဗျို့။

မယ်ပျားကိစ္စပြီးတော့ နေဝင်တော့မယ်ဗျ။

"မောင်လူပေ၊ ဒီတောင်မှာပဲ ကျုပ်တို့ တစ်ည အိပ်ကြတာပေါ့ကွယ်"

ဦးကြီးတော် အမိန့်အတိုင်း ကျုပ်တို့ နေရာကောင်းလေး ရှာပြီး စခန်းချလိုက်ကြတယ်။ ကျုပ်တို့ စခန်းချတဲ့နေရာနားမှာ စမ်းချောင်းလေး စီးလို့ဗျ။ မြင်းတွေလည်း အစာစားပြီး ရေဝဝ လင်လင် သောက်ရတာပေါ့ဗျာ။ ကျုပ်က ထင်းရှာပြီး မီးဖိုလိုက်တယ်။ မီးကျရင် ထပ်ထည့်ဖို့ ထင်းတုံးတွေလည်း ခပ်မြန်မြန် လိုက်ကောက်ပြီး ပုံထားလိုက်တယ်။

စမ်းချောင်းမှာ မျက်နှာသစ်ပြီးတော့ ရေတစ်ဝသောက်





လိုက်တယ်။ ဦးကြီးတော်က ကျုပ်တို့ရဲ့ ရိက္ခာအိတ်ထဲက ရေဘူးလေး ကိုထုတ်ပြီး တစ်ငုံသောက်တယ်။ ဒါပဲဗျ။ နောက်ထပ်လည်း ဘာမှ မစားမသောက်တော့ဘူး။ ဘိုးလူပေ ပြောပြထားလို့ ကျုပ်ကသိနေပါပြီ။ ပထမံပုဂ္ဂိုလ်တွေဟာ အာဟာရသိဒ္ဓိ မြောက်ပြီးသားဆိုတော့ ကျုပ်တို့ သာမန်လူတွေလို ဆာလောင်မွတ်သိပ်တာမရှိဘူးပေါ့ဗျာ။

ကျုပ်နဲ့ ဘိုးလူပေကတော့ ပါလာတဲ့ ရိက္ခာခြောက်တွေကို ထုတ်စားပြီး မီးဖိုဘေးမှာ ထိုင်လိုက်ကြတယ်။ ဦးကြီးတော်ကတော့ မီးဖိုနဲ့ မနီးမဝေးမှာ ထိုင်ပြီး မျက်စိမှိတ်ထားတယ်ဗျ။ တစ်ခုခုကို စူးစိုက်ပြီး အာရုံပြုနေတဲ့ပုံပဲဗျ။ ဦးကြီးတော်ကို ကြည့်ရတာ တစ်နေကုန် ခရီးသွားထားရပေမယ့် နည်းနည်းမှ ပင်ပန်းပုံ မရှိဘူးဗျ။

ကျုပ်ကတော့ ဗိုက်ကလေး တင်းသွားတာနဲ့ကို မျက်စိတွေ စင်းလာတာဗျို့။

"မောင်တာတေ စိတ်ချလက်ချ အိပ်ကွဲ့၊ ကျုပ်ကတရားမှတ်နေမှာ၊ သိပ်အိပ်မှာ မဟုတ်ဘူး"

ဘိုးလူပေကလည်း တင်ပလ္လင်လေးခွေပြီး ငြိမ်သွားရောဗျို့။ ကျုပ်လည်း မြေကြီးပေါ်ကို လှဲချလိုက်ပြီး ကျုပ်ရဲ့ ဆေးလွယ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို ခေါင်းအုံးလိုက်တယ်။ ခဏပါပဲဗျာ။ ကျုပ် အိပ်ပျော်သွားတာဗျို့။

"မောင်တာတေ၊ ထတော့ လူလေး၊ ဦးကြီးတော်တို့ ခရီးဆက်ကြဦးစို့"

ကျုပ်ကို ဦးကြီးတော် နှိုးမှ နိုးလာတာဗျ။ တောင်ပေါ်မှာ မြူတွေဆိုင်းလို့။ ဘိုးလူပေက စမ်းချောင်းကရေကို ငှက်ပျောရွက် ကန့်တော့လုပ်ခပ်ပြီး မီးဖိုကြီးကို ငြိမ်းနေတယ်။ ကျုပ်လည်း လူးလဲထပြီး စမ်းချောင်းမှာ မျက်နှာသစ်တယ်။ မြင်းတွေကိုလည်း အစာကျွေးပြီး ကျုပ် ရေတိုက်လိုက်တယ်။ ဘိုးလူပေနဲ့ ကျုပ် ကောက်ညှင်းကျည်တောက်ကို နည်းနည်းစီ စားလိုက်ပြီး ရေသောက် ကြတယ်။ ပြီးတာနဲ့ ခရီးဆက်တော့တာဗျို့။ ကဝေမ မယ်ပျားကြီး စခန်းချတဲ့ တောင်ပေါ်ကနေ ကျုပ်တို့ ဆင်းလာခဲ့ကြတယ်။ မနက်ခင်း နေရောင်ဖျော့ဖျော့လေးက ဖြာကျနေတယ်။ အအေး ဓာတ်ကလေးကလည်း ရှိတုန်းဗျ။ သဘာဝတရားရဲ့ အလှကို ကျုပ်ရင်ထဲမှာ ခံစားမိတယ်။

ဒီလောက်လှပ သာယာတဲ့ လောကကြီးကို သာယာမှု ကင်းအောင် လုပ်နေကြတဲ့ လူတွေရဲ့ လောဘ၊ ဒေါသ၊ အဃာတ တွေကို တွေးမိပြီး ကျုပ်ရင်ထဲမှာ စိတ်မကောင်းဖြစ်မိတယ်။





တောင်ဆင်းလမ်းကလေးကနေ အောက်ကို လှမ်းမြင်နေရတဲ့ မြင်ကွင်းက တော်တော်လေးကို လှတာဗျ။

တောင်ခြေမှာ လွင်ပြင်လေးတစ်ခု။ လွင်ပြင်လေးအဆုံးက တောင်ခြေမှာ ရွာကလေးတစ်ရွာဗျ။ ရွာဆိုပေမယ့် အိမ်စုလေး တစ်စုလောက် ရှိတာပါ။ အားလုံး အိမ်ဆယ်လုံးလောက်ပဲ ရှိတာဗျ။

ဝါးခုတ်သမားတွေရဲ့ အိမ်စုလေးတွေပဲလို့ ကျုပ်တွေး လိုက်မိတယ်ဗျ။ ဒါပေမဲ့ စိတ်ထဲမှာတော့ သံသယရှိသားဗျ။ အိမ်တွေက ဝါးနဲ့ဆောက်ထားတာ သိပ်မကြာသေးတဲ့ပုံပဲ။ အိမ် ဆောက်ပုံကလည်း ထူးတော့ ထူးသားဗျ။ အိမ်တစ်လုံးက အလယ်မှာ ဘေးကအိမ်ကိုးလုံးက အလယ်ကအိမ်ကို ဝိုင်းပြီး ဆောက်ထားတာဗျ။

"မောင်လူပေရေ၊ လောကမှာ တချို့လူတွေ တော်တော် ဟန်ကျတာကွဲ့၊ ကြည့်စမ်းကွယ်၊ မိန်းမကိုးယောက်နဲ့ စည်းစိမ် ခံစားနေတဲ့ လူပဲကွယ်၊ တယ်လည်း နိပ်ပါလား မောင်လူပေရေ"

ဦးကြီးတော်က ဘိုးလူပေကို ပြောတာဗျ။

"အလယ်တဲမှာ စံမြန်းနေတာက ကဝေပျံကြီးကွဲ့၊ ဘေးက တဲကိုးလုံးမှာ နေတာက သူ့မိန်းမ စုန်းမတွေကွဲ့၊ တချို့က



www.burmeseclassic.com

www.burmeseclassic.com



မောက်ကတော်တွေတောင် ပါသေး၊ မောင်လူပေတော့ ဆယ်ယောက်နဲ့ ရင်ဆိုင်ရတော့မှာနော်”

ဦးကြီးတော်က စကားကို ဆက်ပြောတယ်ဗျ။

“ဒါတွေလည်း မယ်ဝက်ကြီးရဲ့ အစီအစဉ်ပဲ ဖြစ်မှာပဲ နောင်တော်”

“ဟာ…သေချာတာပေါ့ မောင်လူပေရယ်၊ မိဝက်ကြီးက ကျုပ်တို့ကို စောင့်ပြီး ရှင်းခိုင်းတာပေါ့”

ဘိုးလူပေနဲ့ ဦးကြီးတော် စကားပြောနေတုန်းမှာပဲ တဲတွေထဲက မိန်းမတွေ ထွက်လာကြသဗျို့။ တဲတစ်လုံး တစ်ယောက်ထွက်လာတာ၊ အားလုံး ကိုးယောက်ဗျ။ ကျုပ်တို့လည်း တောင်ခြေက လွင်ပြင်၊ မြေကွက်လပ်ကိုလည်း ရောက်ရော စုန်းမကိုးယောက်က စပြီးပြောကြတော့တာဗျို့။ သူတို့ထဲက ပညာအတတ်ဆုံးဖြစ်တဲ့ မိန်းမက ရှေ့ကို ခြေနှစ်လှမ်းလောက် ထွက်လာပြီး…

“ဘယ်လိုတုံး ဆရာစုတ်တွေ၊ ဒီအထိ ရောက်လာကြပြီလား၊ လာကြ၊ လာကြ၊ ကိုယ့်မသာကိုယ် ထမ်းလာတဲ့ကောင်တွေပဲ၊ ဟား၊ ဟား၊ ဟား၊ ဟား၊ မောက်ကတော်မယ်ကျုတ်ဆိုတာငါပဲ၊ မကြာသေးခင်ကမှ မယ်တော်ကြီး မယ်ဝက် ပညာတက်ပေးထားလို့ ပညာတွေ တိုးနေတာ၊ ဘယ်သွားစမ်းရမှန်း မသိလို့





ခက်နေတုန်း နင်တို့ ရောက်လာတော့ အတော်ပေါ့လေ”

ကျုပ်ဖြင့် တော်တော်ဒေါသဖြစ်သွားတာဗျို့။ ဦးကြီးတော်လို ပုဂ္ဂိုလ်ကိုတောင် နင်တွေ ငါတွေနဲ့ ယုတ်ယုတ်ကြမ်းကြမ်း ပြောသွားတဲ့ စုန်းမတွေကို ကျုပ်လက်နဲ့ကို သတ်ပစ်ချင်တာဗျာ။

“ရှေ့…မောင်တာတေ၊ ဒီအင်းကို ယူထား၊ ဒါ ‘စုန်းမသက်ဖြတ်’ လို့ ခေါ်တဲ့ အင်းကွဲ့၊ အလွန်ပြင်းထန်တာ၊ ကျုပ်တို့မှာက အချိန်သိပ်မရှိဘူး၊ ဒါတွေကို မြန်မြန်ကိစ္စတုံးပစ်မှဖြစ်မှာ။ ပထမတော့ သူတို့ရဲ့စက်တွေ အားပျော့အောင် လုပ်ရဦးမယ်၊ အဲဒါက ကျုပ်လုပ်မှာ၊ ကျုပ်က ပစ်ဆိုရင် ဘာမှတွေးမနေနဲ့၊ ဝင်ပြီးတော့သာ ပစ်ပေတော့ကွယ်”

“ဟုတ်ကဲ့ ဆရာကြီး၊ စိတ်ချပါ”

“အလယ်တဲက ကဝေက ထွက်မလာသေးဘူးကွဲ့၊ ကျုပ်တို့ကို အလစ်ဝင်တွယ်မှာတော့ ကြောက်ရတယ်၊ ဒါပေမဲ့ ဒီကောင် တဲထဲက ထွက်လာပြီး အလစ်ဝင်တွယ်ရင် နောင်တော့် လက်ချက်မိသွားမှာပေါ့ကွယ်၊ နောင်တော်ကိုင်တဲ့ လှံပျံကထွက်တဲ့ စက်ကို ဘယ်လိုပညာသယ်မှ မခံနိုင်ဘူးကွဲ့”

“ဟာ ဟုတ်လား ဆရာကြီး”

“ဟုတ်တယ်ကွဲ့ မောင်တာတေရဲ့၊ ကဲ လာ၊ လာ



www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်က ဆင်းပော့၊ အခြေအနေကိုကြည့်ပြီး နေပေတော့”

ဘိုးလူပေက ပြောပြောဆိုဆိုနဲ့ ရှေ့ကို ထွက်သွားတယ်။ စုန်းမတွေကလည်း ချက်ချင်းပြင်ဆင်လိုက်ကြတယ်။

“အေး..လာ၊ လာ၊ မသာကောင်ရေ၊ နှင့်ပညာလောက်နဲ့ ငါတို့ကိုးယောက်ကို ယှဉ်နိုင်လိမ့်မယ် ထင်နေလို့လား၊ ‘ကျုံးကိုးကျုံး၊ စုန်းကိုးစုန်း’ ဆိုတာ ငါတို့ပဲဟဲ့။ အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ သရေခေတ္တရာ၊ အမရပူရ၊ ရတနာပုံ၊ မြင်စိုင်း၊ ရွှေဘို၊ ကျုံးဟောင်းတွေထဲမှာနေတဲ့ စုန်းမတွေဟဲ့၊ ငါတို့ကိုးယောက်ပေါင်းထားတဲ့ စက်ကိုးစက်ပေါင်းကို နင် ခံနိုင်ရင် ခံကြည့်လေ”

စုန်းမတွေက နှစ်ယောက်တစ်တွဲ တွဲလိုက်တယ်။ ရှေ့ဆုံးမှာ ရပ်နေတာက မောက်ကတော် မယ်ကျုတ်ဆိုတဲ့ မိန်းမကြီးဗျ။ တစ်ယောက်နဲ့ တစ်ယောက် ကျောပေါ်ကို လက်တင်ပြီး ထိထားလိုက်ကြတယ်။ ကျုပ်စိတ်ထင်တော့ ဓာတ်ကြိုးသွယ်ထားသလိုပေါ့ဗျာ။

ဟော…စုန်းမတွေ စက်တွေ စထုတ်ပြီဗျို့။ ဟာ..ဟုတ်ပါ့ဗျာ။ အားလုံးရဲ့စက်တွေက ပေါင်းပြီး ရှေ့ဆုံးကနေ စက်တွေထွက်လာတာဗျို့။ ကျုပ်မြင်ခဲ့ဖူးသမျှ စုန်းမတွေလွှတ်တဲ့စက်ထဲမှာ





ဒီတစ်ခါတွေ့ရတဲ့စက်က အရောင်အတောက်ဆုံးပဲဗျ။ စိမ်းပြာပြာအရောင်နဲ့ တောက်နေတာဗျာ။ ဘိုးလူပေက အင်းတစ်ချပ်ကို လက်ထဲမှာ မိမိရရကိုင်ပြီး အဆင်သင့် စောင့်နေတာဗျ။ ဟော လွှတ်ပြီဗျို့။ စက်တွေ ဘိုးလူပေဆီကိုပြေးဝင်လာပြီဗျို့။

ဟော…ပစ်ပြီ၊ ပစ်ပြီ။ ဘိုးလူပေ လက်ထဲကအင်းနဲ့ ပစ်လိုက်ပြီ။

“ဝုန်း”

စက်တွေ ဝင်းကနဲ ဖြာထွက်သွားပြီး တန့်သွားတယ်ဗျ။ ဒါပေမဲ့ ခဏပဲဗျို့။ စက်တွေက ပြန်ပေါင်းပြီး ဘိုးလူပေဆီကို ဝင်လာပြန်ရောဗျို့။ ဒီတစ်ခါတော့ ဘိုးလူပေက ပိုပြင်းထန်တဲ့ အင်းကို သုံးတော့မယ်ဆိုတာ ကျုပ် တွေးလိုက်မိတယ်။ ဘိုးလူပေက ရှေ့ကို ခြေတစ်လှမ်းတက်ပြီး ပြေးဝင်လာတဲ့ စက်တည့်တည့်ကို အင်းနဲ့ ပစ်လိုက်တယ်။

“ဗိုး”

ဟာ…ဘိုးလူပေ ပစ်တဲ့အင်းက ‘စက်အင်း’ဗျို့။ အလင်းရောင်တွေထွက်ပြီး လေထဲမှာ ပျံနေတာဗျ။ ‘စက်အင်း’ ကထွက်တဲ့ အလင်းရောင်နဲ့ ထိသွားတဲ့ စုန်းမတွေရဲ့စက်က အပိုင်းပိုင်းပြတ် ထွက်ကုန်ရောဗျို့။ စုန်းမတွေ နောက်ကို ခြေတစ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်သွား ကြတယ်။ စက်အင်းက တဝီဝီနဲ့ မြည်ပြီး စုန်းမတွေရဲ့ ခေါင်းပေါ်မှာ ဝဲနေတယ်ဗျို့။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ…စက်အင်းက အလင်းရောင်တွေ ဖြာကနဲ ကျလာပြီဗျို့။ ဒါ စက်အင်းကလွှတ်တဲ့ စက်တွေပဲဗျ။ ဟာ…စုန်းမတွေ ယိုင်လဲကုန်ပြီဗျို့။

"မောင်တာတေ၊ အင်းပစ်တော့"

ကျုပ် ရှေ့ကို ချက်ချင်းပြေးထွက်ပြီး ကျုပ်လက်ထဲက 'စုန်းမသက်ဖြတ်' အင်းနဲ့ စုန်းမတွေဆီကို ပစ်သွင်းလိုက်တယ်။

"ဝုန်း"

ဟာ…မီးတောက်ကြီးပါ ထသွားတာဗျို့။ မီးခိုးတွေဆိုတာ မှောင်ပိတ်သွားရောဗျာ။ မီးခိုးတွေ ပျယ်တော့ စုန်းမကိုးယောက် ဆန့်ငင် ဆန့်ငင်နဲ့ဖြစ်ပြီး လဲနေကြပြီဗျို့။

မီးခိုးတွေ ပျယ်သွားတော့ မီးခိုးကြားထဲမှာ မားမားကြီး ရပ်နေတဲ့ ယောကျာ်းကြီးတစ်ယောက်ကို တွေ့ရတယ်ဗျ။

"ကဝေပျံဘဇံ ဆိုတာ ငါပဲဟေ့၊ ရတနာပုံနေပြည်တော်မှာ နေခဲ့တဲ့ကောင်ကွ၊ အသက် ရာကျော်ပြီ၊ မင်းတို့လို ကောင်မျိုးတွေကတော့ ကလေးလေးတွေပဲ ရှိသေးတာ၊ ငါ ပညာစမ်းတာ





တောင် ခံနိုင်မှာ မဟုတ်ဘူး"

ပြောပြောဆိုဆိုနဲ့ ဘိုးလူပေအလစ်မှာ သူ့လက်ထဲက တစ်ခုခုနဲ့ လှမ်းပစ်လိုက်တာဗျို့။ ဟာ…ကွမ်းသီးလုံးလောက်ရှိတဲ့ ကဝေစက်ကလေးဗျ။ ကဝေစက်က ဝင်းကနဲ၊ ဝင်းကနဲနဲ့ ပျံလာတာဗျ။ ကျုပ်ရင်ထဲမှာ ဘိုးလူပေအတွက် တော်တော်စိတ်ပူသွားတယ်ဗျာ။

ဒါပေမဲ့ ကျုပ် မထင်မှတ်တာတစ်ခု ချက်ချင်းဖြစ်သွားတာဗျို့။ ကျုပ်နောက်ဘက်က ဝုစ်ကနဲ ပျံထွက်လာတဲ့ အစိမ်းရောင် အတန်းလေး သုံးတန်းက ပျံထွက်လာတဲ့ ကဝေစက်ကို ကြားက ဖြတ်ခံလိုက်တာဗျ။

"ဝုန်း"

အောင်မယ်လေး၊ ပြင်းလိုက်တဲ့ စက်တွေဗျာ။ အစိမ်းတန်းလေးသုံးတန်းက မြင်းပေါ်က ဦးကြီးတော် လွှတ်လိုက်တဲ့ လှံတံကထွက်တဲ့ စက်တွေဗျ။ ပထမံစက်ပဲဗျာ။ ဘယ်မှာ ကဝေ ခံနိုင်မှာတုံး။

'ဝုန်း'ကနဲမြည်ပြီး ကဝေပျံဘဇံ နောက်ကိုတစ်လံလောက် လွင့်သွားတယ်။ ကျုပ်က ဘေးကိုဖယ်ပြီး ကြည့်နေလိုက်တယ်။ ဒီတစ်ခါ ဦးကြီးတော်ကိုယ်တိုင် ဝင်ပါနေရပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီကဝေက ပေါ့သေးသေး မဟုတ်ဘူးဆိုတာ ကျုပ်တွေးမိတယ်ဗျ။ ဘိုးလူပေက ဆေးအိတ်ထဲက တစ်ခုခုကို နှိုက်ယူလိုက်တာ တွေ့လိုက်တယ်။

ကဝေပျံက ဒီတစ်ခါ ဦးကြီးတော်ဆီကို စက်ထပ်လွှတ်တယ်။ ဟာ…တော်တော်ကို ထူးဆန်းတာဗျို့။ မီးတောက်ကလေးဗျ။ လေထဲမှာ တောက်နေတဲ့ မီးတောက်ကလေးက ဦးကြီးတော်ဆီကို ပြေးဝင်သွားတာဗျ။ ဦးကြီးတော်က မြင်းပေါ်ကတောင် မဆင်းပါဘူးဗျာ။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ လှံတံကပဲ အနီရောင် စက်ကလေးသုံးတန်း လက်ကနဲ လွှတ်လိုက်တယ်။ အနီတန်းလေး သုံးခုက ပျံပြီးဝင်လာတဲ့ မီးတောက်ကလေးဆီကို ပြေးဝင်သွားပြီး…

"အုန်း"

ဟာ၊ တော်တော်ကို ကျယ်တဲ့အသံပဲဗျို့။ ကဝေစက်နဲ့ ဦးကြီးတော်ရဲ့ ပထမံစက်တွေ့ပြီး မီးတောက်ကြီး ထတောက်သွားပြီဗျို့။ ဟာ…မီးတောက်ကြီးက ကဝေပျံကြီးဆီကို ပြေးဝင်သွားပြီး လောင်တော့တာဗျို့။ ဟော ပြေးပြီဗျို့၊ ပြေးပြီ။ ကဝေပျံဘဖိကြီး လေထဲကို ပျံတက်သွားပြီဗျို့။ လေထဲရောက်တော့ သူ့ကို လောင်နေတဲ့ မီးတွေ ငြိမ်းသွားတယ်ဗျ။ ဟော…ဘိုးလူပေ





လွှတ်ပြီ၊ လက်ထဲက ကိုင်ထားတာလေးကို လွှတ်ပြီဗျို့။ ဘိုးလူပေ မန္တန်ကို အသံကျယ်ကျယ်နဲ့ ရွတ်လိုက်တာ။ လက်ထဲက အရုပ်ကလေးက အရောင်တွေ တဝင်းဝင်းနဲ့ ထွက်လာပြီး လေထဲကို ပျံတက်သွားတယ်ဗျ။

"မောင်တာတေ၊ ဒါ ကဝေလည်ပြတ်ဆေးရုပ်ကွ၊ ကြည့်ထား၊ မင်းကောင် ပြေးလို့ လွတ်မလားဆိုတာ"

ဟုတ်တယ်ဗျို့။ အရောင်တွေ ဝင်းကနဲ၊ ဝင်းကနဲ လက်ပြီး လေထဲကို ပျံပြေးသွားတဲ့ ကဝေပျံဘဖိကို မီသွားရောဗျ။ ဟာ…သွားပြီဗျာ။ ကဝေလည်ပြတ်ရုပ်ကလေးက ထွက်နေတဲ့ အလင်းတန်းတွေက ကဝေပျံကြီးရဲ့ လည်ပင်းကိုဖြတ်ချလိုက်ပြီဗျို့။ ဘဖိရဲ့ ခေါင်းပြတ်ကြီးက မြေကြီးပေါ်ကို ကျလာပြီး အသက်မရှိတဲ့ ကိုယ်လုံးကြီးပါ မြေကြီးပေါ်ကို ကျလာပြီဗျို့။

"ဘုန်း" "ဝုန်း"

ကဝေပျံဘဖိရဲ့ ကိုယ်လုံးကြီး ဘုန်းကနဲ မြေကြီးပေါ်ကို ကျတာနဲ့ ဝုန်းကနဲ မီးထတောက်တာဗျို့။ ငရဲမီးတောက်ကြီးပေါ့ဗျာ။ အဝီစိက တက်လာတဲ့မီးဗျ။ ကဝေခေါင်းပြတ်ကြီးရော ကိုယ်ကြီးကို လောင်တော့တာဗျို့။

ငရဲမီးတောက်ကြီး လုံးလုံးငြိမ်းသွားတော့မှ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



တွေ ခရီးဆက်ခဲ့ကြတယ်။ တောင်ပေါ်ကို တက်လာတယ်။ ဒီတောင်မှာတော့ ဘာမှမရှိဘူးဗျ။ ကျုပ်တို့တွေ အေးအေးဆေးဆေးပဲ ဖြတ်ခဲ့ကြတယ်။ တောင်ပေါ်က ဆင်းလာတဲ့လမ်းလေးကလည်း သာသာယာယာလေးပါဗျာ။ ကျုပ်တို့ တောင်ခြေကို ရောက်လာတယ်။ ဟာ…တောင်ခြေမှာ တောအုပ်ကလေးဗျ။ အဝေးက လှမ်းမြင်ရတာနဲ့တင် တော်တော်စိတ်ဝင်စားစရာကောင်းနေပါပြီဗျာ။

တောအုပ်ကလေးထဲမှာ ပန်းတွေလည်း ပွင့်လို့ဗျ။ ငှက်ပျောပင်တွေကလည်း ငှက်ပျောသီး အကြီးကြီးတွေ သီးနေလိုက်တာ၊ ငှက်ပျောခိုင် အကြီးကြီးတွေဗျ။ တချို့ငှက်ပျောသီးတွေကလည်း မှည့်ဝင်းနေတာဗျ။ သခွားပင်ကြီးတွေကလည်း သခွားသီးမှည့်တွေပြည့်အောင် သီးနေတာဗျ။ ပန်းတွေကလည်း ဘာပန်းလို့ မပြောတတ်အောင် ပန်းမျိုးစုံ ပွင့်နေတာ အရောင်ကို စုံလို့ပါဗျာ။ တောအုပ်ကလေးရဲ့ တစ်နေရာမှာ ရေအိုင်ကြီးဗျ။ သဘာဝရေအိုင်ကြီးပဲဖြစ်မယ်။ ဒီလိုတောင်တွေကြားမှာ ဒီတောအုပ်ကလေးဟာ ဘုရင့်နန်းတော်က ဥယျာဉ်တော်တစ်ခုများလားလို့တောင် ထင်မိတယ်ဗျာ။ တောထဲဝင်မိရင်တော့ သစ်သီးတွေခူးပြီး စားလိုက်ဦးမယ်လို့ ကျုပ် တွေးနေတာဗျ။





ဟော…ယုန်ဖြူကြီးတစ်ကောင်ဗျို့။ တောအုပ်ထဲမှာ မြူးတူးပြီး ပြေးနေတာဗျို့။ သူ့ကိုကြည့်ပြီး ကျုပ်စိတ်ထဲမှာ ပျော်လာလိုက်တာဗျာ။

ဦးကြီးတော်က မြင်းကို ဇက်သတ်လိုက်တယ်။

“မောင်တာတေ၊ သစ်သီးတွေမှ စုံနေတာပါလားကွဲ့၊ မစားချင်ဘူးလား”

“မှန်လှပါ ဦးကြီးတော်၊ တူတော်စိတ်ထဲမှာ စားချင်နေတာဘုရား”

“ဒါ ဥယျာဉ်တစ်ခု မဟုတ်ဘူးကွဲ့၊ မှော်ဆရာကြီးတစ်ယောက်က ကျုပ်တို့ကို လှည့်စားဖို့ ဖန်တီးထားတာကွဲ့၊ သူ့ရဲ့ မှော်အတတ်က တော်တော်ကို အစွမ်းထက်ပေတာပဲ။ ဒီတောထဲ ဝင်မိတာနဲ့ ပန်းတွေခူးပြီး နမ်းမိမယ်၊ သစ်သီးတွေခူးပြီး စားမိမယ်၊ ကြည်လှဲ့နေတဲ့ ရေပေဟွကို သောက်မိမယ်၊ အဲဒီလူဟာ ဥယျာဉ်ထဲကနေ မထွက်နိုင်တော့ဘဲ မူးလဲသွားလိမ့်မယ်၊ သတိရတဲ့အခါကျတော့ ဘာဥယျာဉ်မှ တွေ့မှာမဟုတ်ဘူး၊ ဖုန်းဆိုးတောကြီးပဲ တွေ့ရလိမ့်မယ်။ ဘာမှတော့ မဖြစ်ပါဘူး၊ အချိန်ဘယ်လောက်ကြာလို့ ကြာသွားမှန်း မသိအောင် အိပ်ပျော်နေလိမ့်မယ်၊ ကျုပ်တို့သွားမယ့်ခရီးကို အချိန်မီမရောက်အောင် မှော်အတတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တော်ကြီး ဖန်တီးပြီး ထောင်ချောက်ဆင်တာပေါ့ကွယ်၊ ဥယျာဉ်တော်ထဲမှာ ပြေးလွှားနေတဲ့ ယုန်ဖြူကြီးရော မြင်လိုက်လားကွဲ့"

"မြင်လိုက်တယ် ဦးကြီးတော်၊ သူ့ကိုကြည့်ပြီး တူတော်တောင် စိတ်ထဲမှာ ပျော်သလို ဖြစ်သွားတယ်"

"အေး…အဲဒါ ဒီဥယျာဉ်တော်ကို ဖန်တီးတဲ့ မှော်ဆရာပဲကွဲ့၊ သူ့ကိုယ်သူ ယုန်ဖြူကြီး ပုံသဏ္ဍာန် ဖန်တီးပြီး ဥယျာဉ်တော်ထဲ ဝင်အောင် မြူဆွယ်နေတာပေါ့ကွယ်၊ ကဲ အချိန်ဆွဲလို့ မဖြစ်ဘူးကွဲ့"

ဦးကြီးတော်က မြင်းပေါ်က ဆင်းလိုက်တယ်။ ဘိုးလူပေရော ကျုပ်ရော မြင်းပေါ်က လိုက်ပြီးဆင်းကြတာပေါ့ဗျာ။

ဦးကြီးတော်က ရှေ့ကို ခြေလှမ်းဆယ်လှမ်းလောက် လျှောက်သွားတယ်။ ပြီးတာနဲ့ အင်မတန်မှ လှပတဲ့ ဥယျာဉ်တော်တောအုပ်ကလေးကို လက်နဲ့ ဖယ်ပစ်သလို လုပ်လိုက်တယ်ဗျ။ ပြီးတာနဲ့ မြေကြီးကို ဖနောင့်နဲ့ ပေါက်လိုက်တယ်။

"ဖုန်း"

ဟာ…ဦးကြီးတော် ဖနောင့်တစ်ချက် ပေါက်လိုက်တာနဲ့ ဥယျာဉ်ကြီး ပျောက်သွားရောဗျာ။ ဟာ…ဥယျာဉ်နေရာမှာ မြက်





ရိုင်းပင်တွေ ကျိုးတိုးကျဲတဲ ပေါက်နေတဲ့ ဖုန်းဆိုးတောရိုင်းကြီးဗျ။

ဟော…စောစောက ဥယျာဉ်ထဲမှာ ပြေးနေတဲ့ ယုန်ကြီးက လူကြီးဖြစ်ပြီး မားမားကြီး ရပ်နေတယ်ဗျ။ ခေါင်းမှာ သျှောင်ထုံးကြီး ထုံးလို့။ နှုတ်ခမ်းမွေးကားကားကြီးလည်း ရှိတယ်။ ခေါင်းမှာ ပုဝါအဝါလေးလည်း ပေါင်းလို့ဗျ။

သူ့ရဲ့ လက်နှစ်ဖက်ကို ရှေ့ထုတ်လိုက်ပြီး လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်၊ ထောင်လိုက်နဲ့ ကျုပ်တို့ကို ညို့သလို လုပ်နေတာဗျို့။

"သြော်…ဒီကောင်တော့ ငါလုပ်ရရင် သေတော့မှာပဲ"

လို့ ပြောပြီး ဦးကြီးတော်က သူ့ရဲ့ လုံတံကို ဆွဲထုတ်လိုက်တယ်။ လှံသွားကို မှော်ဆရာကြီးဘက် လှည့်ထားပြီး အစိမ်းရောင် ပထမံစက်တွေကို လှံသွားကနေ လွှတ်ထုတ်လိုက်တယ်ဗျို့။ အစိမ်းရောင် တောက်နေတဲ့ ပယာမံစက်တွေက ကျုပ်တို့ကို ညို့နေတဲ့ မှော်ဆရာကြီးဆီကို ပြေးဝင်သွားပြီး မှော်ဆရာကြီး ချက်ချင်း ဆိတ်ကြီး ဖြစ်သွားရောဗျို့။ ဆိတ်မှ တောင်ဆိတ်ကြီးဗျ။ မုတ်ဆိတ် ဖားဖားကြီးနဲ့ဗျာ။

"ပဲ၊ ဟဲ၊ ဟဲ၊ ဟဲ"

"ပဲ၊ ဟဲ၊ ဟဲ၊ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆိတ်ကြီးက အော်ရင်းနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေတယ်ဗျို့။

"တွေ့လား မောင်လူပေ၊ ဒီကောင် ကျုပ်တို့သုံးယောက်ကို ဆိတ်တွေဖြစ်အောင် လုပ်နေတာကွဲ့၊ ဒါကြောင့် သူဆိတ်ဖြစ်သွားတာ၊ ကျုပ်က သူ့ကို ဘာမှလုပ်တာမဟုတ်ဘူး၊ တန်ပြန်စက်လွှတ်ပေးလိုက်တာ"

ဦးကြီးတော်က ပြောပြောဆိုဆိုနဲ့ လှံသွားကို ဆိတ်ကြီးဘက် ချိန်လိုက်ပြန်ရောဗျာ။ ဒါကို တွေ့သွားတဲ့ တောင်ဆိတ်ကြီးက ပြေးရောဗျို့။

တောင်ဆိတ်ကြီး ပြေးလိုက်တာမှဗျာ နောက်ကို တစ်ချက်မှ လှည့်မကြည့်တော့ဘူးဗျို့။ တောင်ပေါ်ကို တက်ပြေးသွားတာ။

"ဒီကောင် တစ်ရက်လောက်တော့ ဆိတ်ဖြစ်နေမှာကွဲ့၊ တစ်ရက်ကျော်မှ လူပြန်ဖြစ်မှာ"

ဦးကြီးတော်က ရယ်ပြီးပြောလိုက်တယ်။ ကျုပ်ဖြင့် ပထမံအစွမ်းတွေကို အခုမှ မျက်ဝါးထင်ထင် မြင်ဖူးတာဗျ။ ဘိုးလူပေ ကျုပ်ကို ပြောတာကတော့ ဦးကြီးတော် ဦးစန္ဒာဟာ ထွက်ရပ်ကြွသွားတာ နှစ်ပေါင်းငါးဆယ် ရှိပြီတဲ့ဗျ။ အခုမှ လူ့လောကကို တစ်ကြိမ်ပဲ ပြန်ဝင်လာသေးတာတဲ့။ ဒါကို ပြည်တော်ဝင်တယ်လို့





ပြောတာဆိုပဲ။ ဦးကြီးတော်တို့လို ပထမံပုဂ္ဂိုလ်တွေဟာ အကြောင်းကိစ္စရှိမှ ပြည်တော်ဝင်ကြရတာတဲ့ဗျို့။ လာချင်တိုင်း လာလို့မရဘူးတဲ့ဗျ။

ကျုပ်ဖြင့် ပြည်တော်ဝင်လာတဲ့ ပထမံဝိဇ္ဇာဓိုရ်ကတစ်ပါးနဲ့ အခုလို ခရီးအတူသွားရတာမျိုးကို အရင်တုန်းက အိပ်မက်တောင် မမက်ဖူးပါဘူးဗျာ။ ပထမံဝိဇ္ဇာဓိုရ်တွေရဲ့ အစွမ်းကိုလည်း အခုမှ ကျုပ် မြင်ဖူး၊ တွေ့ဖူးတာဗျ။ အံ့သြစရာ အစွမ်းတွေပါဗျာ။

ကျုပ်တို့တွေ ဖုန်းဆိုးတောကိုဖြတ်ပြီး ခရီးထွက်ခဲ့ကြတယ်။ ဒီနေရာက မြေပြန့်ကြီးဗျ။ တောင်တွေက တော်တော်လှမ်းလှမ်းမှာပဲ တွေ့ရတာ။ ကျုပ်တို့လည်း မြေပြန့်ခရီးကို သက်သက်သာသာ မြင်းစီးခဲ့ကြတာပေါ့ဗျာ။ ခုမှပဲ မြင်းတွေလည်း သက်သက်သာသာ သွားခွင့်ရကြတာဗျ။ တော်တော်လေး ခရီးပေါက်တော့ဟာ ရှေ့မှာ ချောင်းတစ်ချောင်း ခံနေတာဗျို့။ ချောင်းက ရေစီးလည်းသန်တယ်ဗျို့။ ချောင်းထဲမှာ သစ်ကိုင်း၊ သစ်ပင်တွေတောင်မျောလို့ဗျ။ ရေစီးသန်တဲ့ချောင်းပဲ၊ ဒါတောင်ကျချောင်းတစ်ခုဗျ။ ရေစီးသံကိုတောင် ကြားနေရတယ်။

"ချောင်းက ရေစီးတော်တော်သန်တာပဲ ဆရာကြီး" လို့ ကျုပ်က ဘိုးလူပေကို ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်တာတေ၊ တောင်ကျချောင်းဆိုတာ ရေစီးကြမ်းတာပေါ့ကွယ်"

ကျုပ်နဲ့ ဘိုးလူပေ ပြောနေတာကို ဦးကြီးတော်က ရယ်နေတယ်ဗျ။

"မောင်လူပေ၊ စောစောက တွေ့ခဲ့တဲ့ သစ်သီးဥယျာဉ်ကြီးထဲမှာ ငှက်ကျေးတွေ မြင်ရလားကွဲ့"

"မမြင်ရဘူး နောင်တော်"

"အေး၊ ဒီလောက် သစ်သီးဝလံတွေ မှည့်ဝင်းနေတဲ့ တောကြီးမှာ ငှက်ကျေးတစ်ကောင်မှ မရှိတာ သဘာဝကျသလားကွဲ့"

"မကျပါဘူး နောင်တော်"

"အေး…အခုလည်း ကြည့်လေ၊ ဒီလောက်ရေစီးသန်တဲ့ချောင်းမှာ ဂယက်ကလေးတစ်ချက်ထတာ တွေ့လို့လားကွဲ့"

"ဟာ..ဟုတ်ပါရဲ့၊ ဂယက် လုံးဝမထဘူး နောင်တော်"

"ဒါလည်း ချောင်းမဟုတ်ဘူးကွဲ့၊ ကျုပ်တို့ ခရီးကိုတားဖို့လုပ်ထားတဲ့ ရေစုန်းတစ်ကောင်ရဲ့ အစွမ်းပဲကွဲ့"

"ဟာ…ရေစုန်း ဟုတ်လား၊ ဦးကြီးတော်"

"ဟုတ်တယ် လူလေး မောင်တာတေ၊ ရေစုန်းတွေက





မြစ်၊ ချောင်း၊ အင်းအိုင်တွေကို ဖန်ဆင်းနိုင်ကြတယ်။ မီးစုန်းတွေက မီးပုံ၊ မီးတောက်၊ မီးကျည်ခဲတွေကို ဖန်ဆင်းနိုင်ကြတယ်ကွဲ့။ အခုဖြစ်နေတာ တကယ့်သဘာဝချောင်းတစ်ခု မဟုတ်ဘူး၊ ရေစုန်း လုပ်ထားတဲ့ ချောင်းကွဲ့၊ အင်း..တော်တော်လည်း စွမ်းကြပေတာကိုး"

ဦးကြီးတော်က မြင်းပေါ်က ဆင်းတယ်။ ကျုပ်နဲ့ ဘိုးလူပေလည်း လိုက်ပြီးဆင်းကြတယ်။ ဦးကြီးတော်က ချောင်းဘက်ကို ခြေလှမ်းဆယ်လှမ်းလောက် လှမ်းသွားတယ်။ ကျုပ်တို့လည်း ဦးကြီးတော်ရဲ့နောက်က ကပ်ပြီးလိုက်လာကြတယ်။ ဦးကြီးတော်က မန္တန်တစ်ခုကိုရွတ်ပြီး လက်နှစ်ဖက်က ချောင်းကြီးကို ဖယ်ပစ်သလိုလုပ်တယ်။ ကျုပ်ကြည့်နေတာတော့ ဘာမှမထူးသလိုပဲဗျ။ ဦးကြီးတော်က မန္တန်ကို တိုးတိုးလေး ရွတ်နေတာဗျ။

ဟာ…ထူးတယ်ဗျို့၊ ထူးတယ်။ ကျုပ် သတိမထားမိလို့ဗျ။ ချောင်းထဲက စီးနေတဲ့ရေတွေ တန့်သွားပြီး ရေတွေ တဖြည်းဖြည်း နည်းနည်းလာတာဗျို့။ ဟော ကြည့်နေရင်းကနေ ရေတွေ ပျောက်သွားပြီဗျို့။ ဟာ…မြေပြင်ကြီးပဲဗျ။ ရိုးရိုးမြေပြင်ကြီးကို ချောင်းဖြစ်အောင် ဖန်ဆင်းထားတာဗျ။ တော်တော်စွမ်းတဲ့ ရေစုန်းကြီးပဲလို့ ကျုပ်တွေးလိုက်မိတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ငါ့ချောင်းကို ချောက်အောင် လုပ်နိုင်တယ်ဆိုတော့ မင်းတို့အစွမ်း မသေးဘူးပေါ့ကွာ၊ မှတ်ထား၊ ရေစုန်းဘုရင် ဘိုးသာဒင်ဆိုကာ ငါပဲကွ။ မင်းတို့အားလုံးကို မြင်းရော လူရော ရေမျှောပစ်လိုက်လို့ရတယ်၊ ငါ့ကို ပေါ့သေးသေး ကောင်လို့ ထင်နေကြသလား။ ဦးကြီးတော် သူ့ရဲ့လုံတံကို ယူလိုက်ပြီဗျို့။

လုံတံထိပ်ကနေ ဖြူဖွေးပြီး လက်နေတဲ့ စက်ကလေးတွေ ထွက်သွားတယ်ဗျ။ ဦးကြီးတော်ရဲ့ လုံတံက လွှတ်လိုက်တဲ့ ပထမ စက်တွေက ရေစုန်းဘုရင် ဘိုးသာဒင်ဆီကို ပြေးဝင်သွားတာဗျို့။ ရေစုန်းကြီးက စောစောက သူဖန်ဆင်းထားတဲ့ ချောင်းတစ်ဖက် ကမ်းမှာ ရပ်နေတာဗျ။ ပုဆိုးကလည်း စိမ်းစိမ်း၊ အင်္ကျီကလည်း ခပ်စိမ်းစိမ်းကြီး ဝတ်လို့ဗျ။ အမှတ်တမဲ့ကြည့်ရင် သစ်ပင်တွေနဲ့ တူနေတာဗျို့။

ဦးကြီးတော်ရဲ့ စက်တွေက 'ဂွစ်'ကနဲ ပြေးဝင်သွားတော့ ရေစုန်းကြီး ကာကွယ်ချိန်တောင် မရလိုက်ပါဘူးဗျာ။ ချက်ချင်းကို တောင့်တောင့်ကြီး ဖြစ်သွားတာဗျို့။ ခဏနေတော့ သစ်ပင်ကြီး တစ်ပင်လို တောင့်တောင့်ကြီး ငြိမ်လို့ဗျ။

ဦးကြီးတော်က မြင်းပေါ်ပြန်တက်တယ်။ ကျုပ်တို့လည်း





တက်ကြတာပေါ့လေ။

"မောင်လူပေ၊ သူ့လက်နက်နဲ့ သူ့ကို ပြန်တိုက်လိုက်တာ ပဲကွဲ့၊ ရေစုန်းကို ရေခဲစုန်းဖြစ်အောင် အအေးဓာတ်စက်တွေ လွှတ်ပေးလိုက်တာ၊ ရေခဲတုံးကြီး ဖြစ်သွားပြီလေကွယ်၊ အနည်းဆုံး နှစ်ရက်တော့ ရေခဲဖြစ်နေမှာကွဲ့၊ သူက မီးမထုတ်နိုင်တော့ ရေခဲအရည်ပျော်အောင် သူ မလုပ်နိုင်ဘူးကွဲ့၊ ဒီတော့ ရေခဲတွေ တဖြည်းဖြည်း အရည်ပျော်အောင် စောင့်ရမှာပေါ့ကွယ်၊ ကဲ ခရီး ဆက်ကြစို့"

ဦးကြီးတော်က ပြောပြောဆိုဆိုနဲ့ မြင်းကို မောင်းပြီး ထွက်သွားတယ်။ ကျုပ်တို့လည်း နောက်ကလိုက်ရတာပေါ့ဗျာ။ ရေစုန်းဘုရင် ဘိုးသာဒင်ကတော့ ရေခဲတုံးကြီးဖြစ်ပြီး တောထဲမှာ ကျန်ခဲ့လေရဲ့ဗျာ။

တော်တော်လေးကြာတော့မှ တောင်တစ်တောင်ရဲ့ အခြေကို ရောက်လာတာဗျို့။ ဦးကြီးတော်က တောင်ပေါ်တက်တဲ့လမ်း ကလေးကိုရှာပြီး တက်လာတယ်။ တောင်တွေက ခပ်ပြေပြေတွေ ချည်းပါပဲဗျာ။ မြင်းတွေ သက်သက်သာသာ တက်နိုင်ကြပါတယ်။

တဖြည်းဖြည်းနဲ့ ကျုပ်တို့ တောင်ထိပ်ကို ရောက်လာ တယ်။ တောင်က သိပ်မြင့်တာ မဟုတ်ဘူးလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ကျုပ်ဖြင့် လန့်ပြီးတောင် အော်မိတာဗျ။ ကျုပ်တို့သွားမယ့်လမ်းမှာ သရက်ပင်ကြီးတစ်ပင်ရဲ့ ကိုင်းကြီးက ညွတ်ကျပြီး ပိနေတယ်ဗျ။ ဒါပေမဲ့ မြင်းပေါ်ကလူတစ်ထိုင်တော့ ကောင်းကောင်း လွတ်ပါတယ်။ အဲဒီသရက်ကိုင်းကြီးမှာ လိပ်ပြာကြီးတစ်ကောင် နားနေတာဗျ။ လှလိုက်တဲ့ လိပ်ပြာကြီးဗျာ။ အရောင်ကို စုံနေတာဗျို့။ အကောင်ကြီးက အတောင်နှစ်ဖက်ဖြန့်ပြီး နားနေတာ။ ကျုပ်စိတ်ထင် အတောင်တစ်ဖက်ကို ဆယ်ပေပတ်လည်လောက် ရှိမယ်ထင်တယ်ဗျာ။ အတောင်နှစ်ဖက် ဖြန့်ထားတော့ ပေနှစ်ဆယ်လောက် ရှိမယ်ဗျ။ လမ်းကို လုံးဝပိတ်နေတော့တာပေါ့ဗျာ။

"မောင်လူပေတို့ အနားမကပ်ကြနဲ့"

ဦးကြီးတော်က ခပ်လှမ်းလှမ်းကနေပဲ ကြည့်နေတာဗျ။

"မောင်လူပေ၊ ဒါ လိပ်ပြာမယ်လို့ ခေါ်တဲ့ ကဝေမကြီးကွဲ့၊ ကျုပ်တို့ကို လမ်းပိတ်ထားတာ"

"နောင်တော်၊ တပည့်တော် အင်းပစ်လိုက်ရမလား"

"မပစ်ပါနဲ့ မောင်လူပေရယ်၊ သူက ကဝေမကြီး မယ်ဝက် အတင်းခိုင်းလို့ လုပ်ပေးကြရတာပါ၊ ဟိုကဝေတွေလို လူသတ်ချင်ပုံ မပေါ်ပါဘူး၊ ကဲ မောင်လူပေတို့ ဘေးကို နည်းနည်း





ဖယ်ကြ"

ဦးကြီးတော် ပြောတာနဲ့ ကျုပ်နဲ့ ဘိုးလူပေက မြင်းတွေကို နောက်ဘက် နည်းနည်းလှည့်ပြီး ဆုတ်လိုက်ကြတယ်ဗျ။ ဦးကြီးတော်က လှံတံကိုယူပြီး သရက်ပင်ရဲ့ ကိုင်းတွေကြားမှာ ပင့်ကူအိမ်ကြီးတစ်ခု လုပ်လိုက်တယ်။ လှံတံအသွားက ထွက်သွားတဲ့ အမျှင်လေးတွေနဲ့ ပင့်ကူအိမ် လုပ်လိုက်တာဗျ။ ပြီးတာနဲ့ လှံဖျားက ထွက်တဲ့ စက်မျှင်မျှင်လေးနဲ့ လိပ်ပြာကြီးဆီကို လွှတ်လိုက်တယ်။

ဟာ…သေးသွားပြီဗျို့၊ လိပ်ပြာကြီးက တဖြည်းဖြည်း သေးသွားပြီဗျို့။ သေးသေးသွားလိုက်တာ၊ နောက်ဆုံး ရိုးရိုးလိပ်ပြာလေးတစ်ကောင်လောက်ပဲ ရှိတော့တာဗျို့။

ဒီတော့မှ ဦးကြီးတော်က ပါးစပ်ကလေနဲ့ လိပ်ပြာဆီကို လှမ်းပြီး မှုတ်လိုက်တယ်။ ဟာ…လိပ်ပြာ လန့်ပြီး ပျံပြီဗျို့။

"ဖျတ်၊ ဖျတ်၊ ဖျတ်၊ ဖျတ်"

အတောင်တွေကို တဖျတ်ဖျတ်ခတ်ပြီး ပျံတက်လိုက်တာ အပေါ်သစ်ကိုင်းမှာ လုပ်ထားတဲ့ ပင့်ကူအိမ်မှာ ဝင်ငြိတော့တာပေါ့ဗျာ။ လိပ်ပြာက အတောင်တဖျတ်ဖျတ်ခတ်ပြီး ရုန်းပေမယ့် မလွတ်တော့ဘူးဗျ။ ပင့်ကူအိမ်ပဲဗျာ၊ ရုန်းလေ မိလေပေါ့။ နောက်ဆုံးတော့ လိပ်ပြာဟာ အတောင်တောင်ခတ်လို့ မရတော့ဘဲ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သွားရောဗျို့။

"ကဲ…နှစ်ရက်လောက်တော့ မိနေမှာပဲ၊ နောက်တော့ ပင့်ကူမျှင်တွေက ဖမ်းအားလျော့လာလိမ့်မယ်၊ ဒီတော့မှ လိပ်ပြာမယ် လွှတ်သွားမှာ၊ ကဲ အေးအေးဆေးဆေး အိပ်နေလိမ့်မယ်၊ ကျုပ်တို့ သွားကြစို့"

လမ်းကြောင်းပေါ်ကို ကိုင်းကျနေတဲ့ သရက်ကိုင်းကြီးအောက်ကနေ ကျုပ်တို့ မြင်းတွေကိုစီးပြီး ခရီးဆက်ခဲ့ကြတယ်။ တစ်တောင်လုံး ငြိမ်ပြီး တစ်တောလုံး တိတ်နေတာဗျ။

"မောင်လူပေ၊ တောကြီး တိတ်နေတာ သတိထားမိလားကွဲ့"

"မှန်ပါ့ နောင်တော်၊ တပည့်တော် သတိထားမိပါတယ်ဘုရား"

"အေး၊ တောမှာလည်း တောအသံ၊ တောင်မှာလည်း တောင်အသံ ရှိရတယ်ကွဲ့၊ မြို့တွေ ရွာတွေမှာလည်း မြို့သံ ရွာသံတွေ ရှိရတယ်။ အခုလို တောတောင်တိတ်သွားတယ်ဆိုတာ အန္တရာယ်တစ်ခုခု ရှိနေလို့ကွဲ့၊ သတိထားပြီး သွားပေတော့"

"ဟိုမှာ ဦးကြီးတော်၊ ဟိုမှာ"

ကျုပ်က လက်ညှိုးညွှန်ပြလိုက်တယ်။ ကျုပ်လက်ညှိုး





ညွှန်ပြတာကို ဘိုးလူပေရော၊ ဦးကြီးတော်ပါ ကြည့်လိုက်ကြတယ်။

"သြော်‥လက်စသတ်တော့ လိပ်ပြာမယ်က တစ်ယောက်တည်း လာတာမှ မဟုတ်ဘဲ၊ သူ့တပည့် သဘက်ကြီး ပါလာတာကိုး၊ သူ့သခင်မ ပင့်ကူအိမ်မှာ မိသွားတာကို ဒီကောင်ကြီး မသိဘဲကိုး၊ ဒါကြောင့် တောသတ္တဝါလေးတွေ ကြောက်ပြီး တိတ်နေတာ"

ကျုပ် သေသေချာချာ ကြည့်လိုက်တော့ သဘက်ကြီးဆိုတာ နားရွက်ကြီးနှစ်ဖက်က အကြီးကြီးဗျ။ အရွယ်ကလည်း ထန်းပင်တစ်ဝက်လောက် ရှိတယ်။ ကိုယ်လုံးကြီးကတော့ ကျောက်ဆောင်တစ်ခုလောက် ရှိတာဗျ။ ကိုယ်ပေါ်မှာ အမွေးအမျှင်တွေ ဖုံးလို့ဗျ။ အမွေးအမျှင် မရှိတဲ့ နေရာတွေက ဆင်ရေတွန့်သလို တွန့်နေတာဗျို့။

ပါးစပ်ကြီးက ပြဲပြဲကြီးပါဗျာ။ လျှာကြီး ဖျာလိပ်ကြီး ဖြည်ချထားသလို အချပ်လိုက်ကြီး ကျနေတာဗျ။ မြေကြီးနားကို ရောက်နေတာဗျ။ မျက်လုံးကြီးတွေက ကျုပ်စိတ်ထင်ပြောရရင် ဘောလုံးကြီးတွေလောက်ရှိတယ်။ အရောင်က မီးခဲလိုကို နီရဲနေတာဗျ။ လျှာကလည်း နီနီကြီးဗျ။ ခေါင်းကြီးကတော့ တင်းတောင်းကြီး နှစ်လုံးစာလောက် ရှိတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ကို မြင်တော့ ပါးစပ်ကြီးဟပြီး ပြေးလာတာဗျို့။

"မောင်တာတေ၊ မင်းပဲ ရှင်းလိုက်တော့ကွာ"

ဘိုးလူပေက ကျုပ်ကို ခိုင်းတာဗျ။ ကျုပ်လည်း လွယ်အိတ်ထဲက ဘိုးလူပေ ပေးထားတဲ့ 'မိစ္ဆာရန်နှိမ်အင်း' ကို ထုတ်ယူလိုက်တယ်။ ပြီးတာနဲ့ မြင်းပေါ်က ကပျာကယာဆင်းပြီး သဘက်ကြီး ပြေးတက်လာတဲ့လမ်းက စောင့်နေလိုက်တယ်။

ဟော…ရောက်လာပြီဗျို့။ ကျုပ်ကို မိလို့ကတော့ အစိမ်းလိုက် ဝါးစားမှာ သေချာတယ်ဗျ။ ကျုပ်ကလည်း သူနဲ့ ရင်ဆိုင်ဖို့ ပြေးဝင်သွားပြီး ဟထားတဲ့ ပါးစပ်ပြဲပြဲကြီးထဲကို 'မိစ္ဆာရန်နှိမ်အင်း' ပစ်သွင်းလိုက်တယ်ဗျ။

"ဝုန်း"

အသံအကျယ်ကြီး မြည်ပြီး သဘက်ကြီး ဒူးထောက်လျက် ကျသွားတယ်။

"အီး"

ဟာ၊ အော်ပြီဗျို့။ သဘက်ကြီး အော်ပြီ။ သဘက်ကြီးရဲ့ အသံနက်ကြီးနဲ့အော်တဲ့ အသံဟာ တစ်တောလုံး ဟိန်းသွားတာဗျို့။ သူ့ရဲ့ မျက်လုံးတွေ နားတွေထဲကနေ အခိုးတွေ ထွက်လာတာဗျို့။ ပါးစပ်နီနီကြီးထဲကလည်း အခိုးတွေ ထွက်လာတယ်။ နောက်ဆုံး





တော့ သဘက်ကြီး မျက်လုံးကြီးတွေ ပိတ်သွားပြီး ရှေ့ကို ဝမ်းလျားထိုး ကျသွားရောဗျ။

"ဘုန်း"

သဘက်ကြီး ငြိမ်သွားတော့မှ ကျုပ်တို့လည်း တောင်ပေါ်ကဆင်းတဲ့ လမ်းကလေးအတိုင်း ဆင်းလာခဲ့တယ်။ အဲဒီနေ့က တစ်နေ့လုံး ဘာအန္တရာယ်မှ မကြုံဘဲ ကျုပ်တို့ ခရီးဆက်နိုင်ခဲ့ကြတယ်ဗျ။

အန္တရာယ်အတားအဆီး မရှိတော့ ခရီးတွင်တာပေါ့ဗျာ။ ညနေစောင်းတော့ ခရီးတော်တော်ပေါက်လာခဲ့ပြီဗျ။ တောင်ကုန်းလေးတစ်ခုပေါ်မှာ ကျုပ်တို့ ညအိပ်စခန်းချလိုက်ကြတယ်။ စမ်းချောင်းလေးတစ်ခုနဲ့ မနီးမဝေးလေးမှာပေါ့ဗျာ။

ကျုပ်က မြင်းတွေကို အစာကျွေးပြီး ရေတိုက်တယ်။ ကျုပ်လည်း ရေသောက်ပြီး ထင်းချောင်းတွေ ရှာရတာပေါ့ဗျာ။ တစ်ညစာ ထင်းတွေရတော့ မီးဖိုလိုက်တယ်။ ပြီးတာနဲ့ ပါလာတဲ့ ရိက္ခာလေးတွေထုတ်ပြီး ဘိုးလူပေနဲ့ ကျုပ်နဲ့ ညစာ စားကြတာပေါ့ဗျာ။ ဦးကြီးတော်ကတော့ ထုံးစံအတိုင်းပဲ ရေဘူးလေးထုတ်ပြီး ရေလေး တစ်ငုံ နှစ်ငုံ သောက်တယ်။

ညရောက်တော့ ကျုပ်တို့စခန်းချတဲ့ တောင်ကုန်းနဲ့ တည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်က တောင်တစ်တောင်ရဲ့ထိပ်မှာ မီးရောင်လေး မြင်ရလို့ ကျုပ်က အံ့သြပြီး…

"ဦးကြီးတော်၊ ဟိုတောင်ထိပ်မှာ မီးရောင် မြင်ရတယ်ဘုရား"

ကျုပ်ပြောလိုက်တော့ ဘိုးလူပေရော၊ ဦးကြီးတော်ရော ပဏ္ဍာသလဲ လှမ်းကြည့်ကြတယ်။ ခဏနေတော့ ဦးကြီးတော်က ပြောတယ်ဗျ။

"ဒါ ရသေ့တစ်ပါးကွဲ့၊ အဲဒီတောင်ထိပ်မှာ အဓိဋ္ဌာန်ဝင်နေတာ၊ သူ့ဆီကို ကျုပ် ခဏသွားလိုက်ဦးမယ်၊ မဟာမြိုင်ဆရာတော်ဘုရားကြီးက မှာလိုက်တယ်။ ဒီခရီးမှာ ကျုပ် သူနဲ့ တွေ့လိမ့်မယ်၊ သူ့ကိုပြောဖို့စကား အမှာပါးလိုက်တာ ကျုပ်သွားပြီး ပြောရဦးမယ်၊ မောင်လူပေ သိတယ်မို့လား၊ မဟာမြိုင်ဆရာတော်ဘုရားကြီးဆိုတာ ကျုပ်တို့ရဲ့ ပထမံတွေထဲမှာ ပထမဆုံးဖြစ်တဲ့ ပထမံပုဂ္ဂိုလ်ကြီးလေကွယ်"

"တပည့်တော် သိပါတယ်ဘုရား၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ရှိစဉ်ကတည်းက ဝိဇ္ဇာဓိုရ်ကြီး ဖြစ်ခဲ့တာ မဟုတ်လား နောင်တော်"

"ဟုတ်ပေတယ်၊ မောင်လူပေ၊ ဟုတ်ပေတယ်"





ကျုပ်က စဉ်းစားနေတာဗျ။ ဒီလို ညကြီးအချိန်ခကော်မှာ ဦးကြီးတော်က ဟိုဘက်တောင်ထိပ်ကို ဘယ်လိုများ သွားမှာတုံးဆိုတာ စဉ်းစားလို့ မရအောင် ဖြစ်နေတာဗျ။

ဘိုးလူပေက ဦးကြီးတော်ကို လက်အုပ်ချီတယ်။ ကျုပ်လည်း ဘိုးလူပေလိုပဲ လက်အုပ်ချီလိုက်တာပေါ့ဗျာ။

"မောင်တာတေ၊ ဦးကြီးတော် ပြန်အလာကို စောင့်မနေနဲ့ တစ်နေကုန် ခရီးပမ်းလာတာ အိပ်ပေတော့၊ ဘာမှအန္တရာယ်မရှိဘူး စိတ်ချလက်ချသာအိပ်လိုက် ကြားလားကွဲ့"

"မှန်ပါ ဦးကြီးတော်၊ တူတော် အိပ်ပါ့မယ်ဘုရား"

"အေး အေး၊ မနက်ဖြန် ခရီးဆက်ကြရဦးမှာ၊ မနက်ဖြန်ကို ကျုပ်တို့အရောက်သွားကြရမှာ၊ လပြည့်နေ့ရောက်ပြီ လေကွယ်"

ပြောပြောဆိုဆိုနဲ့ ဦးကြီးတော်က လှံတံကို ယူလိုက်တယ်။ လှံတံက ဦးကြီးတော်အရပ်ထက် လက်ငါးလုံးလောက်ပိုမြင့်တယ်ဗျ။

ဦးကြီးတော်က ရှေ့ကို ခြေနှစ်လှမ်းစာလောက် ပြေးသွားပြီး လှံကိုထောက်ပြီး ခုန်ထွက်သွားတာဗျို့။ လရောင်ကလည်း လင်းထိန်နေတော့ လေထဲမှာ ဦးကြီးတော် ပျံထွက်သွားတာကို ကျုပ် သေသေချာချာ မြင်နေရတယ်။ တစ်ဖက်ကတောင်ထိပ်ကို ဦးကြီးတော် ရောက်သွားမှာ သေချာတယ်ဗျ။ အဲဒီအထိတော့



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရဘူးဗျာ။

"ဆရာကြီးရာ ကျုပ်ဖြင့် အံ့ဩစရာတွေချည်း တွေ့နေရတာပါပဲဗျာ"

"နောင်တော်ရဲ့ လုံတံက လုံ့ပျံ့ကွဲ့ မောင်တာတေရဲ့၊ အခုလိုထောက်ပြီး ခုန်သွားနိုင်သလို စီးပြီးတော့လည်း ပျံသွားနိုင်တယ်ကွဲ့"

"အံ့ဩစရာကောင်းလိုက်တာ ဆရာကြီးရယ်၊ ပထမံ တစ်ယောက်ဖြစ်အောင် ကျင့်ကြံလို့ ရသလား ဆရာကြီး"

"ရပါတယ် မောင်တာတေ၊ ဘဝတစ်ခုတည်းတော့ မရဘူးပေါ့၊ ဘဝတော်တော်များများတော့ ကျင့်ကြံရတယ်၊ မကျိုးမပေါက် ကျင့်ကြံနိုင်သူတွေ နောက်ဆုံးဘဝမှာ ဖြစ်သွားကြတာပါပဲ မောင်တာတေ၊ ဘာလဲ၊ မောင်တာတေက ပထမံ ဖြစ်ချင်လို့လားကွဲ့"

"ကျုပ် ဖြစ်ချင်တယ် ဆရာကြီး"

"ဖြစ်ချင်ရင် ဒီဘဝကစပြီး လုပ်ပေါ့ကွယ်၊ မောင်တာတေ အခုလို ကျုပ်တို့နဲ့လိုက်ပြီး ပါရမီဖြည့်နေတာကိုက ပထမံ လမ်းကြောင်းကို လျှောက်နေတာပါပဲကွယ်၊ သာသနာတော်ရဲ့ ရန်စူး ရန်ငြှောင့်တွေကို နှိမ်နင်းနေတာ၊ လမ်းကြောင်းပေါ်မှာ





လျှောက်နေတာပဲ မောင်တာတေ၊ တဖြည်းဖြည်းတော့ ပါရမီရင့်လာကြပြီး ကျင့်စဉ်ခရီးကို လျှောက်ကြရမှာပေါ့ကွယ်"

အဲဒီညက ဘိုးလူပေက ကျုပ်ကို တော်တော်များများ ပြောပြတာဗျ။

"မောင်တာတေမှာ အရင်ဘဝက ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေ ရှိနေလို့ အခုလို ကျုပ်တို့နဲ့ ဆုံဆည်းကြရတာပေါ့ကွယ်၊ ပထမံခရီးဆိုတာ မြန်မြန်ကြီး လျှောက်လို့တော့ မရဘူးကွဲ့၊ ဖြည်းဖြည်းမှန်မှန် လျှောက်ရတာကွဲ့၊ မင်းတို့ အပြေးသမားတွေမှာ တာဝေးပြေးရင် ဖြည်းဖြည်းမှန်မှန် ပြေးရသလိုပေါ့ကွယ်"

"ကျုပ် နားလည်ပါပြီ ဆရာကြီး"

ကျုပ်က မီးဖိုကို ထင်းထပ်ထည့်ပေးလိုက်တယ်။ မြင်းဖြူကြီး သုံးကောင်လည်း ပင်ပန်းလို့ အိပ်ပျော်နေကြပြီဗျို့။

"ကဲ...မောင်တာဟေ၊ အိပ်ကွဲ့၊ အိပ်တော့"

ကျုပ်က ညရောက်မှ နဂါးဆေးပေါ့လိပ်ကိုထုတ်ပြီး သောက်ရတာလေဗျာ။ တစ်နေကုန် ဆေးလိပ်တစ်ဖွာ ဖွာဖို့တောင် အချိန်ရတာ မဟုတ်ဘူးဗျ။

"ဆရာကြီး၊ ခရီးကတော့ နီးနေပြီ ထင်တယ်နော်"

"ဘုရင်မတောင်တော်က နီးနေပြီ မောင်တာတေ၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



ဖြန် မွန်းတည့်ချိန်မှာ ကျုပ်တို့ ရောက်ကြမှာပါ”

“ဆရာကြီးလည်း နည်းနည်းတော့ မှေးလိုက်ဦးဗျ၊ ဒါမှ အားရှိမှာ”

“မှေးရမှာပေါ့ကွယ်၊ ကျုပ် ပုတီးလေးတစ်ပတ်တော့ စိပ်လိုက်ဦးမယ်ကွဲ့၊ မောင်တာတေ အိပ်နှင့်”

ဘိုးလူပေက စိတ်ပုတီးထုတ်ပြီး စိပ်တယ်။ ကျုပ် အိပ်မပျော်ခင်မှာ ဘိုးလူပေ ပုတီးစိပ်တာကို ကြည့်နေသေးတာဗျ။ ခဏကြာတော့ ကျုပ်မျက်စိတွေ လေးလာပြီး အိပ်ပျော်သွားတယ်။

“မောင်တာတေ ထတော့ကွဲ့၊ မိုးလင်းနေပြီ”

ဘိုးလူပေ နှိုးတော့မှ ကျုပ် နိုးတာဗျ။ ကျုပ်မျက်စိဖွင့်ကြည့်လိုက်တော့ ဘယ်အချိန်က ပြန်ရောက်နေမှန်းမသိတဲ့ ဦးကြီးတော်က ကျုပ်ကို ပြုံးကြည့်ပြီး ပြောတယ်ဗျ။

“လူလေးမောင်တာတေ၊ အိပ်ရေးဝရဲ့လားကွဲ့”

“ဝပါတယ် ဦးကြီးတော်”

“အေး အေး၊ လူလေးက အရွယ်နဲ့ မလိုက်အောင်ကို ပါရမီတွေ ဖြည့်နေရတာကိုး၊ ပင်ပန်းမှာပေါ့၊ ဒါပေမဲ့ လူလေးရဲ့ လောကကြီးမှာ အကြောင်းမဲ့တဲ့ အကျိုးဆိုတာ မရှိဘူးကွဲ့၊ အကြောင်းအကျိုးမဲ့တဲ့အရာ ဘယ်တော့မှ မရှိဘူး၊ တစ်နေ့ကျလို့





မောင်တာတေ ကိုယ့်ကိုယ်ကိုယ် သိသွားတဲ့အခါ အခုလိုလိုက်ပြီး လုပ်ခဲ့ရတဲ့ အကြောင်းတွေဟာ ဘာကြောင့်ဆိုတာ သိလာမှာပါ ကွယ်၊ ကဲ ထတော့၊ ထတော့”

ဦးကြီးတော် ပြောတာကို ကျုပ် သိပ်နားမလည်ပေမယ့် ဘာမှတော့ မမေးမိဘူးဗျ။ ကျုပ် မျက်နှာသစ်ပြီး ပါလာတဲ့ရိက္ခာကို စားတယ်၊ မြင်းတွေကို အစာကျွေးပြီး ရေတိုက်လိုက်တယ်။ မြင်းတွေကလည်း လန်းလန်းဆန်းဆန်းပါပဲဗျာ။ တော်တော်တော့ အကြောမာတဲ့ကောင်တွေဗျ။ ဦးကြီးတော် ပြောသလို ကိုးမြို့ရှင်ရဲ့ မြင်းတွေဆိုတာ ဟုတ်မယ်ဗျ။ မြင်းချော မြင်းသန့်ကြီးတွေပါဗျာ။ ကိုးမြို့၊ ကိုးခေး၊ ကိုးတံခါး ပိုင်တယ်လို့တော့ ပြောသံကြားဖူးတယ်ဗျ။ အဓိပ္ပာယ်တော့ ကျုပ် မသိဘူး။ အဲဒီကိုးမြို့ရှင် ပေးလိုက်တဲ့မြင်းတွေပဲဗျာ။ ကောင်းပေမပေါ့။ ကျုပ်က သူတို့ကို အစာကျွေး ရေတိုက်လုပ်နေတော့ ကျုပ်ကို ဒီကောင်တွေ ခင်နေပြီဗျ။

ကျုပ်တို့ ခရီးဆက်ခဲ့ကြတယ်။ ဦးကြီးတော်ကပဲ ရှေ့က ဦးဆောင်တာပေါ့ဗျာ။ ကျုပ်တို့ ညအိပ်စခန်းချခဲ့တဲ့ တောင်ပေါ်က ဆင်းလာခဲ့ကြတယ်။ ကျုပ်ကတော့ ညက ဦးကြီးတော် လှံထောက်ပြီး ခုန်သွားတဲ့တောင်ကို လှမ်းကြည့်ရင်း ဘိုးလူပေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတဲ့ ဦးကြီးတော်ရဲ့ လုံ့ပုံ့ဆိုတာကို တော်တော်ကို စိတ်ဝင်စားနေတာဗျ။

နေထွက်တစ်ပြုလေးမှာ နှင်းတွေ ဝေ့ဝဲပြီး ကျလို့ဗျ။ လေအေးအေးလေးက တစ်ချက် တစ်ချက် ဝေ့တိုက်သွားလိုက်တာ ကျောထဲ စိမ့်ကနဲ ဖြစ်ဖြစ်သွားတာဗျ။

စိတ်ထဲတော့ လန်းသားဗျ။ မြေပြန့်အတိုင်း မြင်းစီးပြီး တော်တော်လေးကြာတော့ တောင်တစ်တောင်ကို တက်ခဲ့ကြရောဗျ။ ဒီတောင်က သစ်ပင်တွေ ပြွတ်သိပ်နေအောင် ပေါက်လို့ဗျို့။ တောထူတာပေါ့ဗျာ။ ကျုပ်တို့လည်း တောလမ်းကလေးအတိုင်း မြင်းကို မှန်မှန်စီးပြီး တောင်ပေါ်တက်ခဲ့ကြတာပေါ့ဗျာ။

"လာကြပြီဟေ့၊ ဝိုင်းဟ၊ ဝိုင်းဟ၊ မလွတ်စေနဲ့၊ ဝိုင်းကြဟ"

တောထဲက ထွက်လာတဲ့ အသံကြီးဗျ။ ကျုပ်ဖြင့် လန့်ပြီး တုန်တောင်သွားတယ်ဗျာ။ လူသံတွေဗျ။ မနည်းဘူး။ လူနှစ်ရာလောက် ရှိမယ်ထင်တယ်။

"ဝိုင်းကြဟ၊ ဝိုင်းကြ၊ မလွတ်စေနဲ့ ဝိုင်းထား"

ဟော…ညာသံပေးပြီး အော်နေတာဗျို့။ ကျုပ်တို့ကို ဝိုင်းနေကြတာဗျ။ ကျုပ် တော်တော်ကြောက်သွားတာဗျို့။





"ဟား၊ ဟား၊ ဟား၊ ဟား"

ဦးကြီးတော် ရယ်တာ ဒီတစ်ခါပဲ တွေ့ဖူးတာဗျို့။ ဦးကြီးတော် ရုတ်တရက် ရယ်လိုက်တော့ ကျုပ်ရော၊ ဘိုးလူပေရော ကြောင်သွားကြတာပေါ့ဗျာ။

"မောင်လူပေ၊ အင်မတန်ကြုံခဲတဲ့ အဖျက်ကွဲ့၊ ကျုပ်တို့ကို လူတွေဝိုင်းနေပြီလို့ ထင်သွားတယ်မို့လား၊ အဲဒါ လူတွေ မဟုတ်ဘူးကွဲ့၊ ငှက်တွေ၊ အင်မတန် ရှားပါးတဲ့ ငှက်တစ်မျိုးပဲ၊ လူစကား ပြောတတ်တယ်၊ တခြားတော့ မပြောတတ်ဘူး၊ အခုလိုပဲ ဝိုင်းကြ၊ ဖမ်းကြ၊ သတ်ကြနဲ့ သံပြိုင်ဝိုင်းအော်တတ်ကြတယ်။ ဒီငှက်တွေကို 'ရန်သူဝိုင်း' ငှက်လို့ ခေါ်တယ်။ အင်မတန် ရှားပါးတယ်။ ဒီတောင်မှာမှ ဘယ်လိုဖြစ်လို့ အုပ်လိုက်ကြီး ရှိနေတာလဲ မသိဘူးကွဲ့၊ ကျုပ်စိတ်အထင်တော့ ဒီနားက တောတောင်သဘာဝကို နှစ်သက်တယ်ထင်တယ်၊ သူတို့စားတဲ့ အစားအသောက်တွေလည်း ဒီအနီးအနားမှာ ပေါတယ်ထင်တယ်၊ ဒါကြောင့် ဒီလောက် အကောင်ရေ များနေတာပဲဖြစ်မယ်"

"ဝိုင်းကြ၊ ဝိုင်းကြ၊ ဖမ်းကြဟေ့"

ဟာ…ထူးဆန်းတဲ့ ငှက်တွေဗျာ။ တကယ့်ကို လူတွေ ညာသံပေးပြီး အော်နေတဲ့အတိုင်းပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



''ဦးကြီးတော်ဘုရား၊ တပည့်တော်တို့ကို တွေ့လို့ ဒီလို အော်နေတာလားဘုရား''

လို့ ကျုပ်က မေးလိုက်တာဗျ။ ဒီတော့ ဦးကြီးတော်က ပြန်ပြောတယ်။

''မဟုတ်ပါဘူး လူကလေး၊ သူတို့ အော်သံကိုက ဒီ အတိုင်းပါပဲ၊ အမြဲတမ်း ဒီလိုပဲ အော်တာပါကွယ်''

ဩော်၊ ရန်သူဝိုင်းငှက်တဲ့ဗျာ။ ကျုပ်ဖြင့် အံ့သြလို့ကို မဆုံးပါဘူး။ ကျုပ် သေသေချာချာကြည့်တော့ ခေါင်းက အပြာ၊ ကိုယ်လုံးက နီညိုဗျ။ အရွယ်က ကျီးကန်းလောက်ရှိတယ်။

''ဝိုင်းကြ၊ ဝိုင်းကြ၊ ဖမ်းကြ၊ မလွှတ်စေနဲ့''

ကျုပ်လည်း သဘောကျပြီး ပြုံးလိုက်တယ်။ ကျုပ်တို့ တောင်ပေါ်ကနေဖြတ်ပြီး တောင်ဆင်းလမ်းအတိုင်း ဆင်းလာကြ တယ်။

''ဝိုင်းကြ၊ ဖမ်းကြ၊ သတ်ကြ''

ရန်သူဝိုင်းငှက်တွေကတော့ အော်တုန်းဟစ်တုန်းပဲဗျ။ အဲဒီကောင်က ဆင်းလာတော့ တောင်ခြေမှာ တဲကြီးတစ်လုံး တွေ့တယ်။ တဲက ဝိုင်းထဲမှာ ဆောက်ထားတာဗျ။ ဝိုင်းကလည်း လှည်းကျင်းထားတာ ပြောင်လက်နေတာပါဗျာ။ တစ်ဝိုင်းလုံး





သစ်ရွက်တစ်ရွက် မရှိဘူးဗျ။ ဝိုင်းထဲမှာ မိန်းမနှစ်ယောက် သုံး ယောက်က ရေခပ်တဲ့သူခပ်၊ တံမြက်စည်းလှည်းတဲ့သူကလှည်းလို့ ဗျ။

ဦးကြီးတော်က မြင်းကို တံ့ကနဲ ရပ်လိုက်တယ်။ ပြီးတော့ တဲကြီးကို လှမ်းကြည့်တယ်။

''မောင်ပေလူ၊ ဒါ ဖုတ်ကောင်တွေပဲကွဲ့၊ ဒီတဲထဲမှာ ဖုတ်သွင်းတဲ့ အတတ်ကို ကောင်းကောင်းတတ်တဲ့ ပညာသယ် ရှိနေတာပဲ''

''ဩော်…တပည့်တော် ကြားဖူးတယ်ဘုရား၊ ယမား ဘွားအုံ ဆိုတဲ့ ကဝေမကြီးတစ်ယောက် ရှိခဲ့ဖူးတယ်တဲ့ နောင် တော်၊ သေတဲ့လူကို ဖုတ်ပြန်သွင်းတဲ့ပညာ အလွန်တတ်တယ်လို့ ပြောကြတယ်။ ဒါပေမဲ့ အဲဒီ ဘွားအုံကြီးက သေပြီထင်ပါရဲ့၊ ရှိတော့မယ် မထင်ပါဘူး နောင်တော်''

''အင်း…မောင်လူပေ ပြောတာ ဟုတ်တယ်ကွဲ့၊ ဒါ ဘွားအုံပဲ၊ မသေသေးဘူး မောင်လူပေရဲ့၊ ဒါပေမဲ့ ဘွားအုံက သူ့ပညာတွေကို စွန့်လိုက်ပြီး ဒီနေရာမှာ အေးအေးဆေးဆေး လာနေတာဖြစ်မယ်၊ ကဲ မောင်တာတေ၊ ဘွားအုံကို စားစရာလေး တွေ ဝင်ပြီးပေးလိုက်ပါကွယ်၊ ရှေ့အဖို့မှာ မောင်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



စားစရာမပူရပါဘူးကွယ်”

ကျုပ်က မြင်းပေါ်ကဆင်းပြီး ငှက်ပျောဖက်တစ်ရွက် ခူးလိုက်တယ်။ ပြီးတော့ ဘိုးလူပေက ကျုပ်တို့မှာ ပါလာတဲ့ ရိက္ခာတွေထဲက တချို့ကိုယူပြီး ငှက်ပျောဖက်ထဲ ထည့်လိုက်တယ်။

ကျုပ်က ငှက်ပျောဖက်ကို လက်နှစ်ဖက်နဲ့ကိုင်ပြီး တဲဝမှာ ရပ်လိုက်တယ်။

“ဘွားအုံ၊ ဘွားအုံ၊ ကျုပ် တာတေပါ၊ ဘွားအုံ စားဖို့ အစားအသောက်တွေ လာပို့တာပါဗျ”

“ဟေ…ဘယ်သူတုံး”

“ကျုပ် တာတေပါ ဘွားအုံ၊ ဘွားအုံ စားဖို့ အစားအသောက်တွေ လာပို့တာပါ”

“ကြည့်စမ်း ကောင်လေး၊ နင်က ငါ့ကို ဘယ်လိုသိတာတုံး”

“ကျုပ်ဆရာတွေ ပါလာပါတယ် ဘွားအုံ”

“ဟေ…ဘယ်မတုံး”

ဘွားအုံ ဆိုတဲ့ အဘွားကြီးက အသက်တော်တော်ကြီးနေပြီဗျ။ တောင်ဝှေးတစ်ချောင်းထောက်ပြီး တဲထဲက ထွက်လာတယ်။





ပြီးတော့ ကျုပ်ကို သေသေချာချာ ကြည့်တယ်။ တဲအပြင်ကိုလည်း လှမ်းကြည့်တယ်။ မြင်းပေါ်မှာ ထိုင်နေတဲ့ ဦးကြီးတော်နဲ့ ဘိုးလူပေကို တွေ့တော့ သူ တဲထဲက ကပျာကယာဆင်းလာပြီး သေသေချာချာ ထိုင်ကန်တော့တယ်ဗျ။

“တပည့်တော်မ ပညာတွေအားလုံး စွန့်လိုက်ပါပြီဘုရား”

ဘွားအုံက ဦးကြီးတော်ကို မော့ပြီး ပြောလိုက်တာဗျ။

“ကျုပ်သိတယ် ဘွားအုံ၊ ဒါကြောင့် ဘွားအုံ စားဖို့ ပါလာတဲ့ ရိက္ခာထဲကခွဲပြီး မောင်တာတေကို ပေးခိုင်းလိုက်တာ”

“သာဓုပါတော်၊ သာဓုပါ၊ သာဓုပါ၊ ရွှေပြည်ဝင်ကိုယ်တော်မြတ်ဘုရား၊ ဘယ်လိုအကြောင်းကိစ္စကြောင့် ဒီတောဒီတောင်ကို ကြွလာပါသလဲဘုရား”

“တောင်တော်ဘုရင်မ ထုံကူးတဲ့ကိစ္စကို ကဝေမယ်ဝက် နှောင့်ယှက်ဖို့ လုပ်နေလို့ ကျုပ် ရွှေပြည်ဝင်ခဲ့ရတာ ဘွားအုံ”

“ဟင်၊ မယ်ဝက် ဟုတ်လား”

ဘွားအုံက မျက်မှောင်ကြီးကြုတ်ပြီး စဉ်းစားတယ်ဗျ။ ခေါင်းက ဆံပင်တွေကတော့ အကုန်လုံးကို ဖြူနေပြီဗျ။ ဒါပေမဲ့ လူကတော့ တင်းတင်းရင်းရင်း ရှိသေးတာဗျ။ ဒါပေမဲ့ ဇရာ



www.burmeseclassic.com

www.burmeseclassic.com



ထောင်းတာကိုတော့ ခံနေရပုံပါပဲဗျာ။ ခါးက ကိုင်းနေပြီဗျ။

"ယောဘက်က ကောင်မထင်တယ်၊ ဒီကောင်မက ပညာတော်တော်တတ်တာတော့ အမှန်ပဲ ကိုယ်တော်မြတ်၊ ဒါပေမဲ့ သူ့ကိုယ်သူ တော်တော်အထင်ကြီးတာ၊ ဘယ်ခေတ်ကတည်းက ရှိနေမှန်း အသက်ဘယ်လောက်တောင်ရှိမှန်း ကျွန်တော်မ မသိပါဘူးဘုရား၊ ဒါပေမဲ့ ဒီကဝေမနဲ့ ကျွန်တော်မနဲ့ တစ်ခါတိုက်ဖူးတယ်ဘုရား၊ အဲဒီတုန်းက ကျွန်တော်မ နိုင်ခဲ့တယ်၊ သူက ကျွန်တော်မထက် ပညာမြင့်ပေမယ့် သူ့မှာ အားနည်းချက်ရှိကယ်ဘုရား၊ အဲဒါကတော့ သူလွှတ်တဲ့စက်တွေက စက်အမာတွေဘုရား၊ စက်အပျော့ မလွှတ်နိုင်ဘူးဘုရား၊ ပညာရှင်တစ်ယောက်က သူ့စက်ပေါ်ကို တက်နင်းပြီး လျှောက်သွားရင် သူ့ဆီကို ရောက်သွားပြီး သူ့ကို အန္တရာယ်ပေးနိုင်တယ်ဘုရား၊ ကျွန်တော်မ အဲဒါကို သိလို့ စက်ပေါ်ကို ခုန်တက်လိုက်ပြီး သူ့ဆီကို ပြေးဝင်သွားလိုက်တာ၊ မဝက် ဘာမှမတတ်နိုင်ဘူးဘုရား၊ ဒါပေမဲ့ ပညာရှင်တွေဟာ စက်ကို အပျော့ အမာ မခွဲခြားနိုင်ဘူးဘုရား၊ မယ်ဝက်လို စက်အမာလွှတ်နိုင်တဲ့သူဆိုတာလည်း တစ်ခါမှ မမြင်ဖူးပါဘူးဘုရား"

ဘိုးလူပေက ခေါင်းလေးညိတ်နေလိုက်တယ်ဗျ။ ကျုပ်တို့





တကယ်ယှဉ်ရမယ့် မယ်ဝက်ရဲ့ အားနည်းချက်ကို မမျှော်လင့်ဘဲ ရသွားတာပေါ့ဗျာ။

"ဟိုကလေးမတွေက ဖုတ်သွင်းထားတာလား ဘွားအံ့"

ဦးကြီးတော်ရဲ့ အမေးကို ဘွားအံ့က ရှိရှိသေသေပဲ ဖြေတယ်ဗျ။

"မှန်ပါ့ ကိုယ်တော်မြတ်၊ ကလေးမလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ သေကြတာဆိုတော့ သနားလို့ ပြန်သွင်းထားတာပါဘုရား၊ ဒါပေမဲ့ အရုပ်တစ်ရုပ်သာသာပဲ ရှိတာပါ ကိုယ်တော်မြတ်ရယ်"

ဦးကြီးတော်က ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်တယ်။ ပြီးတော့ ဖုတ်သွင်းတဲ့ မိန်းမတွေကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ ကျုပ်လည်း စိတ်ဝင်စားလို့ ကြည့်လိုက်တယ်။ ဖုတ်သွင်းထားတဲ့ မိန်းမတွေရဲ့ မျက်လုံးက ဘာမှမသိသလိုပါပဲဗျာ။ ကြောင်တောင်တောင်ကြီးတွေ ကြည့်နေကြတာဗျ။

"မောင်တာတေ၊ ဘွားအံ့ကို အစားအသောက်တွေ ပေးလိုက်တော့"

ဘိုးလူပေက ကျုပ်ကို လှမ်းပြောလို့ ကျုပ်က ငှက်ပျောဖက်ထုပ်ကို ဘွားအံ့ဆီ လှမ်းပေးလိုက်တယ်။ ဘွားအံ့က ရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



သေသေယူပြီး…

"သာခု၊ သာခု၊ သာခု၊ အဲ ဘယ်သူ"

"တာတေပါ အဘွား"

"အေး၊ အေး၊ တာတေ၊ တာတေ၊ သာခု တာတေ၊ သာခု"

ဘွားအုံကို အစားအသောက်တွေပေးပြီးတာနဲ့ ကျုပ်က မြင်းပေါ်ကို ပြန်တက်လိုက်တယ်။

ဘွားအုံက ကျုပ်တို့ ထွက်လာတာကို လိုက်ကြည့်ရင်း ကျန်ရစ်ခဲ့တယ်ဗျ။ အဲဒီနေရာက ထွက်လာပြီး အေးအေးဆေးဆေး ကို ခရီးသွားရတာပါဗျာ။

နှစ်နာရီလောက် သွားပြီးတော့မှ တောင်တစ်တောင် စတက်ရတယ်။ တစ်တောင်လုံး အင်ကြင်းပင်တွေ ပြည့်နေတာ ဗျို့။

"သြော်…အင်ကြင်းတောင်ဆိုတာ ဒါပဲကိုး"

လို့ ဦးကြီးတော်က ပြောလိုက်တယ်။

"ဒါ ဘုရင်မတောင်ကို ဝန်းရံနေတဲ့ တောင်လေးလုံးထဲ က တစ်လုံးပဲကွဲ့၊ ကျုပ်တို့ တောင်ထိပ်ရောက်ရင် ဘုရင်မတောင် ကို လှမ်းမြင်ရလိမ့်မယ်"





ဦးကြီးတော် ပြောတော့ ကျုပ် တော်တော်ပျော်သွားတာ ဗျ။ ကျုပ်တို့ လာတဲ့ခရီးက ဆုံးတော့မှာလေဗျာ။ ပြီးတော့ လူ မက နတ်တမျှ လှတယ်ဆိုတဲ့ ပန်ထွာဘုရင်မကို ကျုပ်တွေ့ရတော့ မှာပေါ့ဗျာ။ ပြောသလောက်ကော လှရဲ့လားဆိုတာ ကျုပ်က သိပ်သိချင်နေတာဗျ။ ကျုပ်မှာလည်းဗျာ မွေးကတည်းက ပါလာ တဲ့ စပ်စုတဲ့အကျင့်က ဖျောက်လို့ကို မရဘူးဗျ။

ကျုပ်တို့တွေ အင်ကြင်းပန်းရနံ့ကို ရှူရင်း အင်ကြင်းတော ကြီးထဲမှာ ခရီးသွားနေကြတာဗျ။

"ဟေ့…ရပ်လိုက်ကြ"

အသံကြီးတစ်သံ ရုတ်တရက်ကြီး ထွက်လာတာဗျ။ အသံက ကျုပ်တို့ရှေ့ မလှမ်းမကမ်းက အင်ကြင်းပင်ကြီးပေါ်က လာတာဗျ။ မော့ကြည့်တော့လည်း ဘာမှ မတွေ့ဘူးဗျ။

"ရှေ့တိုးရင်တော့ အသက်ပေးရလိမ့်မယ်"

"မင်းက ဘယ်သူတုံး၊ ဘာဖြစ်လို့ မင်းကို မမြင်ရတာ တုံး"

ဦးကြီးတော်က မေးလိုက်တော့ အင်ကြင်းပင်ပေါ်က ရယ်သံကြီး ထွက်လာတယ်ဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ငါက ကိုယ်ပျောက်က



www.burmeseclassic.com

www.burmeseclassic.com



လေကွာ၊ မင်းတို့ပညာလောက်နဲ့တော့ ငါ့ကို ဘယ်မြင်နိုင်မှာတုံး၊ မယ်ဝက်လုပ်မယ့် အစီအစဉ်တွေကို မင်းတို့ ဖျက်ဆီးဖို့ လိုက်လာကြတာမို့လား၊ မင်းတို့ ဒီကနေ လှည့်ပြန်ရင် အသက်ရှင်မယ်၊ မပြန်ရင်တော့ ငါ မင်းတို့ကို သတ်ရလိမ့်မယ်၊ ဘယ်လိုလဲ၊ အေးအေးဆေးဆေး စဉ်းစား၊ တိုင်ပင်ကြ၊ ငါ့ကို တိုက်နိုင်ဖို့တော့ ဝေးရော၊ ငါ့ကို မြင်ဖို့တောင် မလွယ်ဘူး"

"မောင်တာတေ၊ ဒီကိုလာခဲ့"

လို့ ဦးကြီးတော်က ခေါ်တာဗျ။ ကျုပ်မြင်းကို ဦးကြီးတော်ရဲ့ မြင်းနားမှာ ကပ်ရပ်လိုက်တယ်။

"ခေါင်းမော့ လူလေး"

ကျုပ်က ဦးကြီးတော် ခိုင်းတဲ့အတိုင်း ခေါင်းမော့ပေးလိုက်တယ်။ ဦးကြီးတော်က သူ့ရဲ့ လက်ခလယ်နဲ့ ကျုပ်မျက်လုံးကို ဆေးကွင်းသလို ကွင်းလိုက်တယ်။ နှစ်ဖက်စလုံးကို ကွင်းတာဗျ။ မျက်လုံးနှစ်ဖက်စလုံးကို ဆေးကွင်းသလို ကွင်းလိုက်တာ။

"မောင်တာတေ၊ အင်ကြင်းကိုင်းကြီးမှာ ထိုင်နေတဲ့ ကောင်ကို မြင်လား"

"ဟာ၊ မြင်ပြီ ဦးကြီးတော်၊ တူတော် မြင်ပါပြီ"

"ရော့…ဒီလှံကိုယူပြီး ထိုးချလိုက်ပေတော့"





ကျုပ်က မြင်းကို နောက်ဘက်လှည့်ပြီး နည်းနည်းရောက်လိုက်တယ်။ အင်ကြင်းပင်ပေါ်မှာ သစ်ကိုင်းမှာ ခြေထောက်ကြီးနှစ်ချောင်း တွဲလောင်းချပြီး ထိုင်နေတဲ့ ကိုယ်ပျောက်ကဝေဆိုတဲ့ လူက သူ့ကို ကျုပ်တွေ့နေတာကို သိပုံမပေါ်ဘူးဗျ။

"အေး၊ တိုင်ပင်ကြ၊ စဉ်းစားကြ၊ ပြီးရင် လှည့်ပြန်သွားကြတော့"

ခေါင်းကြီးကို အပေါ်မော့ပြီး ပြောတယ်ဗျ။ ကျုပ်လေရှတ်တရက် မြင်းကို ဖနောင့်နဲ့ဆောင့်ပြီး ပြေးခိုင်းလိုက်တယ်။ မြင်းဖြူကြီးကလည်း ကျုပ် ဘာလုပ်မယ်ဆိုတာ သိနေပုံပဲဗျ။ အသကုန် ပြေးထွက်လိုက်တယ်။ ကျုပ်က အင်ကြင်းကိုင်းနဲ့ တစ်လံလောက်အလိုမှာ လှံနဲ့ ပစ်ထိုးလိုက်တယ်။

"အား"

ဦးကြီးတော်ရဲ့ လက်သုံးတော် လှံပုံ့က ကိုယ်ပျောက်ကဝေရဲ့ ရင်ဝကို တည့်တည့်စိုက်ဝင်သွားပြီး ကိုယ်ပျောက်ကဝေ အသံကုန် အော်တော့တာပေါ့ဗျာ။

"ဘုန်း"

ကျုပ်မြင်းက ခပ်လှမ်းလှမ်းအထိ ပြေးသွားပြီး ရပ်သွားတယ်။ ကျုပ် လှည့်ကြည့်လိုက်တော့ ကိုယ်ပျောက်ကဝေကြီး



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်မှာ စန့်စန့်ကြီး ဖြစ်နေပြီဗျို့။ ရင်ဝမှာတော့ ကျုပ်ပစ်လိုက်တဲ့ လှံက တဆုံးကို စူးဝင်နေတာပေါ့ဗျာ။

ကျုပ်က မြင်းကို ပြန်လှည့်ပြီး ကိုယ်ပျောက်ကဝေရဲ့ ရင်ဝမှာ စိုက်နေတဲ့ လှံတံကို နှုတ်ယူလိုက်တယ်။ ကဝေသေသွေးမထွက်တဲ့ဗျ။ ဒီလောက်အဆင့်မြင့်တဲ့ ကဝေတွေသေရင် သွေးမထွက်ဘူးဆိုတာ အမှန်ပဲဗျာ။ လှံသွားမှာ ဘာသွေးမှ စွန်းမနေဘူးဗျ။

ကျုပ်က ဦးကြီးတော်ရဲ့ လှံတံကို ပြန်ပေးလိုက်တယ်။ ဦးကြီးတော်က ကျုပ်မျက်လုံးတွေကို လက်နဲ့ပွတ်ပြီး ဖျက်ပေးလိုက်တယ်။

"ဟာ"

ကိုယ်ပျောက်ကဝေကြီး ကိုယ်မှ မပျောက်တော့ပဲဗျ။ ဒီအတိုင်းကို မြင်နေရတာပဲ။

ဘိုးလူပေက ကဝေကြီးကို သေသေချာချာကြည့်ပြီးမှ ပြောတာဗျ။

"ကဝေလောကမှာ ကိုယ်ပျောက်တဲ့ ဗိုလ်တောက်ဆိုတာ နာမည်တော်တော်ကြီးတာ နောင်တော်ဘုရား၊ ဒါ ဗိုလ်တောက်ပဲ၊ တပည့်တော်တော့ ဒီခရီးမှာ တာဝန်တွေ တော်တော်ပြီးသွားပြီ





နောင်တော်"

"ဟုတ်ပေတာပေါ့၊ ဒါတွေဟာ မောင်လူပေ နှိမ်နင်းရမယ့် ကဝေတွေပဲလေ"

ကျုပ်တို့တွေ ကိုယ်မပျောက်တော့တဲ့ ဗိုလ်တောက်အလောင်းပေါ်ကကျော်ပြီး ခရီးဆက်ခဲ့ကြတယ်။ သိပ်မကြာဘူးဗျ။ တောင်ထိပ်ကို ရောက်လာတာ။ တောင်ထိပ်ရောက်တော့ ဦးကြီးတော်က အရှေ့ဘက်ကို လှမ်းကြည့်တယ်။

"ဟော…တွေ့ပြီ၊ ဟိုတောင်ဟာ ဘုရင်မတောင်ပဲ မောင်လူပေရဲ့၊ ဒီတောင်ကဆင်းပြီး ပြန်တက်ရင် ဘုရင်မတောင်ပဲပေါ့၊ ဘုရင်မတောင်က အလယ်ကကွဲ့၊ ဘေးမှာက တောင်လေးလုံးရံထားတာ၊ အင်ကြင်းတောင်၊ ကံ့ကော်တောင်၊ သရဖီတောင်နဲ့ ဂမုန်းတောင်တွေက ဝိုင်းရံထားကြတာပေါ့ကွယ်၊ အင်ကြင်းတောင်ဆိုတာက ဒီတောင်ပဲ။ တစ်တောင်လုံး အင်ကြင်းပင်တွေချည်း ပေါက်တာကွဲ့၊ ဒီလိုပဲ ကံ့ကော်တောင် ဆိုတာက ကံ့ကော်ပင်တွေ တစ်တောင်လုံး ပေါက်တာ။ သရဖီတောင် ဆိုတာက တစ်တောင်လုံး သရဖီပင်တွေ ဖုံးနေတာ။ ဂမုန်းတောင်ဆိုတာကလည်း တစ်တောင်လုံး ဂမုန်းပင်တွေ ပေါက်တာကွဲ့။ ဒီတောင်လေးလုံးရဲ့ အလယ်ကတောင်က ဘုရင်မတောင်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ပန်ထွာဘုရင်မ စံမြန်းတဲ့ တောင်ပေါ့ကွယ်၊ ပိသနိုးမှာ စံမြန်း သလိုပါပဲ၊ ကိုယ်ရံတော်တပ်နဲ့ ရံရွေတော်တွေနဲ့ပေါ့၊ ဘုရင်မ ထုံတစ်ခါကူးရင် ရံရွေတော်တွေလည်း အသက်တစ်ခါ ထပ်ရှည် သွားကြတာပဲကွဲ့"

"တယ်လည်း ထူးဆန်းပါလား ဦးကြီးတော်ဘုရားရယ်"

ကျုပ်က မနေနိုင်တော့ဘဲ ပြောလိုက်မိတာဗျ။

"တကယ်တော့ မထူးဆန်းပါဘူး လူလေးရယ်၊ လောက ကြီးမှာ ကိုယ်မသိတာတွေက များလွန်းနေလို့သာ ထူးဆန်းတယ် ထင်ကြတာပါ၊ သိသွားရင်တော့ ဘာမှမထူးဆန်းပါဘူး လူလေး မောင်တာတေ"

ကျုပ်ကတော့ အင်ကြင်းတောင်ထိပ်ကနေ လှမ်းမြင်နေရ တဲ့ ဘုရင်မတောင်ကို လှမ်းကြည့်ရင်း ပန်ထွာဘုရင်မကို မြင်ချင် စိတ်တွေ ဖြစ်နေတော့တာပေါ့ဗျာ။

ဒါပေမဲ့ ဘုရင်မတောင်ပေါ်ကနေ ကဝေမကြီး မယ်ဝက် က စောင့်နေမှာကို တွေးမိတော့လည်း ကြက်သီးတွေ တဖျန်းဖျန်း ထသွားရောဗျို့။ ကျုပ်တို့ ခရီးဆက်ခဲ့ကြတယ်။ အင်ကြင်းတောင် အဆင်းလမ်းကိုရောက်တော့ ခပ်ပြေပြေပဲ ဆင်းခဲ့ရတာဗျ။ ဘုရင်မ တောင်ကို စတက်တော့ ဘုန်းကြီးတွေ ဆွမ်းစားချိန်လောက် ရှိ





ပြီဗျ။ ဘုရင်မတောင် မတက်ခင်မှာ ကျုပ်နဲ့ ဘိုးလူပေက ရိက္ခာ ထုပ်ဖြည်ပြီး နည်းနည်းစီ စားလိုက်ကြတယ်။ ဘုရင်မတောင်ခြေ က စမ်းချောင်းလေးမှာ မြင်းတွေကိုလည်း ရေတိုက်ပြီး အစာကျွေး လိုက်သေးတယ်။ ဦးကြီးတော်ကတော့ စမ်းချောင်းဘေးက ကျောက်တုံးကြီးတစ်တုံးပေါ်မှာ အေးအေးဆေးဆေးပဲ ထိုင်နေတာ ဗျ။

စမ်းချောင်းလေးဘေးမှာ ခဏနားပြီး ကျုပ်တို့တောင်ပေါ် ကို စတက်ခဲ့ကြတယ်။ ဘုရင်မတောင်တစ်တောင်လုံး ပန်းမျိုးစုံ ပွင့်နေလိုက်ကြတာဗျာ။ တစ်တောလုံးကို မွှေးနေတာဗျို့။ ကံ့ကော်၊ သရဖီ၊ ရင်ခတ်ပန်း၊ အင်ကြင်းပန်း၊ ဂမုန်းပန်း၊ အို…စုံနေတာပါ ပဲဗျာ။ အရောင်တွေကလည်း အစုံဗျ။ အနံ့တွေကလည်း အစုံပေါ့ ဗျာ။ ကျုပ်ဆိုတာ ပန်းပေါင်းစုံအနံ့ကို ရှူရှိုက်လိုက်ရတော့ ရင်ထဲ မှာ ရွှင်လန်းသွားတာပါပဲဗျာ။

"ဘုရင်မရဲ့ ဘုန်းကံကြောင့် ဒီတောင်မှာ ပန်းမျိုးစုံ ပေါက်ကြတာကွဲ့၊ ပြီးတော့ ရာသီလိုက်ပန်းတွေ အမြဲပွင့်နေတော့ ဒီတောင်ဟာ အမြဲမွှေးနေတာ မောင်လူပေရဲ့"

ဦးကြီးတော်က ဘိုးလူပေကို ပြောပြတယ်။

ကျုပ်ကတော့ ပန်ထွာဘုရင်မကို မြင်ချင်၊ တွေ့ချင်၊



www.burmeseclassic.com

www.burmeseclassic.com



ဖူးချင်လှပြီပေါ့ဗျာ။ ဘုရင်မတောင်ကို တဖြည်းဖြည်း တက်လာခဲ့ကြတာ တောင်ခါးပန်းကိုတောင် ရောက်ပြီဗျ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ကျုပ်တို့ခေါင်းပေါ်က 'ဝီ၊ ဝီ၊ ဝီ၊ ဝီ' အသံတွေကြားလို့ မော့ကြည့်လိုက်မိတယ်။ ဟာ…လင်းတကြီးတွေဗျို့၊ ဆယ်ကောင်လောက် ရှိမယ်၊ ကျုပ်တို့အပေါ်မှာ ဝဲနေကြတာဗျ။

"အင်း…ဓာတ်လမ်းတော့ စလာပြီ၊ မောင်တာတေရေ"

ဘိုးလူပေက ပြုံးပြီး ကျုပ်ကို ပြောလိုက်တာဗျ။

"ဟုတ်တယ် ဆရာကြီးရေ၊ လင်းတကြီးတွေမှ နည်းတဲ့ အကောင်ကြီးတွေ မဟုတ်ဘူးဗျို့"

"မယ်ဝက်ကြီးရဲ့ လက်ပါးစေတွေပေါ့ကွယ်၊ သေတွင်းတူးဖို့ရောက်လာကြတာတွေလေ၊ ပန်ထွာဘုရင်မအတွက် ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ ဘယ်သူ့ကိုမှ ညှာနေလို့ မရဘူး မောင်တာတေရေ၊ အချိန်လည်း ကြာကြာမပေးနိုင်ဘူးကွယ်၊ မြန်မြန်တိုက် မြန်မြန်ရှင်းပစ်ရတော့မှာကွဲ့၊ ဟော ပြောရင်းဆိုရင်းနဲ့ ဆင်းလာကြပြီဟေ့"

ဟုတ်ပါ့ဗျာ။ လင်းတကြီးတွေက ကျုပ်တို့သွားမယ့်လမ်းမှာ ဆင်းလာကြတာဗျ။ အားလုံး ဆယ်ကောင်။ မြေကြီးနဲ့ ထိလိုက်





တာနဲ့ လူပုံစံပြောင်းသွားပြီး ကျုပ်တို့ကို တိုက်ဖို့ လုပ်ကြတော့တာဗျို့။

"ကဲ လာခဲ့ကြ၊ မသာလောင်းတွေ၊ ဒါ ဘုရင်မတောင် မဟုတ်ဘူး၊ အခုကစပြီး သေမင်းတောင် ဖြစ်သွားပြီဟေ့"

ဘိုးလူပေက ရှေ့ကို ထွက်သွားတယ်။ ပြီးတော့ မြင်းပေါ်က ဆင်းလိုက်တယ်။ ကျုပ်လည်း မြင်းပေါ်ကဆင်းပြီး ဘိုးလူပေနောက်မှာ အသာလေး ရပ်နေလိုက်တယ်။

"ဟိုနောက်က ကလေးကို ဝေးဝေးသွားနေခိုင်းလိုက်၊ ဒီကလေးပါရောပြီး မသာပေါ်သွားမယ်"

ကျုပ်ကိုပြောတာဗျို့။ ကျုပ်ကို ကလေးဆိုပြီး တိုက်ပွဲမှာ မပါဖို့ ဖယ်ခိုင်းနေတာ။

"ဟဲ့ ကောင်မတွေ စကားမရှည်နဲ့၊ ထုတ်လိုက်စမ်း နင်တို့စက်တွေ"

ဘိုးလူပေ ပြောလိုက်တော့ စုန်းမတွေ ဒေါသဖြစ်သွားပြီး အံတွေကြိတ်လိုက်ကြတယ်ဗျို့။ ဒီတော့မှ ပါးစပ်ထဲက စက်တွေ ထွက်လာတာကိုး။ စက်တွေက အရောင်တော်တော်ကို တောက်တာပဲဗျာ။ ဒီစုန်းမတွေရဲ့ ပညာအဆင့်က မနိမ့်ဘူးဆိုတာ စက်ရောင်ကြည့်တာနဲ့ သိတယ်ဗျ။ စက်တွေက ဆယ်ယောက်ဆီအ



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ခု ထွက်လာတာဗျို့။ ဟော…ဘိုးလူပေဆီကို စက်ဆယ်စုံ ဖြန့်ပြီး ဝင်လာပြီဗျို့။ ဘိုးလူပေက ရှေ့ကို ခြေနှစ်လှမ်းလောက် တိုးပြီး သူ့လက်ဝါးနဲ့ စက်တွေကို ဆောင့်တွန်းသလို လုပ်လိုက်တာ။ ဘိုးလူပေရဲ့ လက်ဖဝါးထဲက လင်းကနဲ အရောင်တွေ ထွက်သွားပြီး စုန်းမတွေရဲ့စက်ကို သွားတွန်းတော့တာဗျို့။

"ဝုန်း" "ဝုန်း" "ဝုန်း"

အသံတွေမှ တဝုန်းဝုန်း မြည်သွားတာဗျို့။ စုန်းမတွေ လည်း နောက်ဘက်ကို ခြေလှမ်းသုံးလှမ်းလောက် လွင့်ထွက်သွား ကြတာဗျို့။

"ဟဲ့ မယ်စာတို့၊ မယ်ခါတို့၊ မယ်ဝါတို့ ဒီမသာစက်က ပြင်းတယ်ဟဲ့၊ ဆယ်ယောက်ပေါင်းလိုက်ကြစမ်း"

စုန်းမတွေ တစ်ယောက်ပခုံး တစ်ယောက်ကိုင်ပြီး စက် ဆက်လိုက်ကြတယ်ဗျို့။ ပြီးတာနဲ့ စက်တွေ လွှတ်ကြတယ်။ စက်တွေက ဆယ်ခုပေါင်းပြီး တော်တော်ကို အရောင်တောက် သွားတယ်ဗျို့။ စောစောက တစ်ယောက်ချင်း လွှတ်တာထက် ဆယ်ဆပိုပြီး အရောင်တောက်သွားတာဗျ။ အားကလည်း စောစော ကထက် ဆယ်ဆပိုမှာပဲလို့ ကျုပ်ထင်တယ်။ ကျုပ်ထင်သလိုပဲ ဦးကြီးတော်လည်း သိတယ်ဗျ။ သူ့ရဲ့ လုံတံက အနီရောင်စက်တန်း





ကလေးသုံးခု ထွက်သွားပြီး စုန်းမဆယ်ယောက်ပေါင်းစက်ကို အပိုင်းပိုင်း ဖြတ်လိုက်တယ်။ ဒီအချိန်မှာ စုန်းမတွေ ဒယီးဒယိုင် ဖြစ်ကုန်ရောဗျို့။ အချိန်ကောင်းကို စောင့်နေတဲ့ ဘိုးလူပေက လက်ထဲမှာ ကိုင်ထားတဲ့ အင်းနဲ့ ပြေးပြီးပေါက်ချလိုက်တယ်။

"အုန်း"

ဟာ…မီးခိုးလုံးကြီး ထသွားတာဗျို့။ ကျုပ် သိတာပေါ့ ဗျာ။ ဘိုးလူပေ ပစ်တာ ကဝေစက်ဖြတ်အင်းဗျ။ ဒါပေမဲ့ ဦးကြီး တော် လွှတ်ထားတဲ့ စက်အနီရောင်လေးတွေနဲ့ တွေ့တော့ အား တွေ အဆမတန်ကောင်းသွားပြီး စုန်းမတွေရဲ့ စက်တွေကို ဖျက်ဆီး ပစ်လိုက်တာပေါ့ဗျာ။ မီးခိုးငွေ့လို အခိုးအငွေ့တွေ ပျယ်သွားတော့ စုန်းမကြီးတွေ စန့်စန့်ကြီးတွေ လဲနေကြပြီဗျို့။ လှုပ်လည်း မလှုပ် တော့ဘူး။ စောစောက ရပ်နေတဲ့နေရာကနေ နောက်ကို သုံးလံ လောက်ကို လွင့်သွားကြတာဗျ။ အသက်ရှိသေးလား၊ ပွဲချင်းပြီးပြီ လားတော့ ကျုပ်လည်း မသိဘူးဗျ။ ဒါကြောင့် မြင်းပေါ် ပြန်တက် ပြီး ရှေ့ဆက်ထွက်လာတော့ ကျုပ်က မြင်းပေါ်ကနေပြီး စုန်းမကြီး တွေ အသက်မှ ရှိသေးရဲ့လားလို့ သေသေချာချာ ငုံ့ကြည့်တာဗျ။

"ကြည့်မနေပါနဲ့ မောင်တာတေရယ်၊ အားလုံး ကိစ္စတုံး သွားပါပြီ၊ ပထမံစက်ဖြတ်အင်းနဲ့ ပထမံစက်အနီရောင်နဲ့ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သွားမှတော့ စုန်းအဆင့်က ဘယ်ခံနိုင်မှာတုံးကွယ်”

ဘိုးလူပေက ကျုပ်ကို ပြောတာဗျ။ ဦးကြီးတော်ကတော့ ဘာမှမပြောဘဲ တောင်ပေါ်ကို ဆက်တက်သွားတယ်။ တောင်ပေါ်ကို တော်တော်လေးတက်မိတဲ့အထိတော့ ဘာမှထပ်ပြီး မတွေ့ရဘူး။

“ဟား၊ ဟား၊ ဟား၊ ဟား”

ဟာ…ရုတ်တရက်ကြီး ပေါ်လာတဲ့ ရယ်သံကြီးဗျ။ ကျုပ်ဆိုတာ လန့်ပြီး ကြက်သီးတွေတောင် ထလို့ဗျာ။ ဟာ… သစ်ကိုင်းမှာ ခြေထောက်နှစ်ဖက် ချိတ်ပြီး ဖောက်ထိုးကြီး လုပ်နေတာဗျ။

“ငါ့မယားတွေကို ကိစ္စတုံးပစ်ခဲ့တဲ့ကောင်၊ မင်းကို ငါ သတ်မယ်ဟေ့၊ ငါ့နာမည် ကဝေဖောက်ထိုးတဲ့ကွ၊ မသိရင် မှတ်ထား၊ ကဲ ရှော့၊ ခွေးမသား ဆရာစုတ် သေစမ်းကွာ”

ဟာ…ပစ်ပြီဗျို့။ ကဝေဖောက်ထိုးက လက်ထဲကနေ ပစ်တာဗျ။ သူ့စက်က လုံ့သွားလို ပျံဝင်လာတာ။ တခြားစုန်းတွေ ကဝေတွေ စက်လွှတ်တာနဲ့ မတူဘူးဗျ။ လုံနဲ့ပစ်သလို ပစ်တာ။ ဘိုးလူပေက လက်ဝါးနဲ့ ဆီးတွန်းလိုက်တယ်။

“ဝုန်း”





ကဝေစက်က လမ်းမှာတင် ပေါက်ကွဲသွားတယ်။

“ဗုစ်” “ဗုစ်”

ဟာ…ကဝေဖောက်ထိုးက စက်တွေကို လုံ့ပစ်သလို ဆက်တိုက်ပစ်တာဗျ။ ဘိုးလူပေကလည်း သတိတစ်ချက် မလစ်ဘဲ တွန်းထုတ်နေရတာဗျို့။

“မောင်တာတေ၊ ရှေ့ လူလေး၊ အချိန်ကောင်းစောင့်ပြီး မှလုပ်”

ဦးကြီးတော်က ကျုပ်ကို သူ့ရဲ့ လုံ့တံအပ်တယ်။ ကျုပ်က မြင်းပေါ်က အသာလေး ဆင်းလိုက်ရတာပေါ့ဗျာ။ ကဝေက ကျုပ်ကို မမြင်ဘူးဗျ။ ဘိုးလူပေကိုပဲ မဲပြီးတိုက်နေတာဗျ။ ကျုပ်က သစ်ပင်မှာ ဖောက်ထိုးဆွဲပြီး ဘိုးလူပေနဲ့ တိုက်နေတဲ့ ကဝေ မမြင်အောင် သစ်ပင်နောက်မှာ ကွယ်နေလိုက်တယ်။ ပြီးတော့ နောက်ထပ် သစ်ပင်တစ်ပင်ရဲ့နောက်ကို အသာလေး ပြေးကပ်လိုက်တယ်။ ဒီအပင်က ကဝေဖောက်ထိုးနဲ့ အနီးဆုံးပဲဗျ။ ကျုပ်ကို ကဝေက လုံးဝမမြင်ဘူး။ ဘိုးလူပေကိုပဲ မဲနေတာဗျ။ ကျုပ်က အချိန်ကောင်းကို စောင့်နေတယ်။ ဟော ကဝေက စောစောက လုံ့လိုပစ်တဲ့ စက်တွေ မထုတ်တော့ဘူးဗျ။ ပါးစပ်ထဲက စိမ်းဝါဝါ စက်တွေ ထုတ်လိုက်တယ်။ ဘိုးလူပေကို ပွဲသိမ်းတိုက်ဖို့ ပြင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။ ဘိုးလူပေကလည်း အင်းတစ်ချပ်ကို လွယ်အိတ်ထဲက ထုတ်ပြီး ကိုင်လိုက်တာ ကျုပ် တွေ့လိုက်တယ်ဗျ။

ဟော…ကဝေစက်တွေ ထွက်လာပြီဗျို့။ ဘိုးလူပေဆီကို အလုံးလိုက် ထိုးဝင်ပြီဗျာ။ အရောင်တွေမှ ဝင်းကနဲ ဝင်းကနဲ နေတာဗျို့။

ဟာ…ပစ်ပြီဗျို့၊ ပစ်ပြီ။ ဘိုးလူပေ ပစ်လိုက်ပြီ။

“ဝုန်း”

ဘိုးလူပေ ပစ်တဲ့ အင်းဒဏ်ကို ကဝေရဲ့စက်က မခံနိုင်ဘူးဗျ။ လမ်းလယ်မှာတင် ပေါက်ကွဲသွားတယ်။ ဟာ…ကဝေဖောက်ထိုးကြီးလည်း ရမ်းခါထွက်သွားပြီဗျို့။ ဒါအချိန်ကောင်းပဲလေဗျာ။ ကျုပ် ပြေးထွက်ပြီး ကဝေရဲ့ ရင်ညွန့်တည့်တည့်ကို လှံသွား ထိုးသွင်းလိုက်တယ်။

“အား”

ပထမံစက်တွေ လှံသွားထဲကနေ ကဝေရဲ့ကိုယ်ထဲကို ဝင်သွားတယ် ထင်တယ်ဗျ။ ကဝေဖောက်ထိုးကြီး အသံနက်ကြီးနဲ့ ကြုံးအော်လိုက်ရောဗျို့။

“ဘုန်း”

ဟာ…မြေကြီးပေါ်ကို ပြုတ်ကျသွားပြီဗျို့။ ကဝေဖောက်





ထိုးဆိုတဲ့ အကောင်ကြီး ဆန့်ငင် ဆန့်ငင် ဖြစ်ပြီးတော့ ငြိမ်သွားပြီဗျို့။

ကျုပ်က လှံတံကို ဆွဲနှုတ်ပြီး ကြည့်လိုက်တယ်။ သွေးတစ်စက်မှ ပေနေတာ မရှိဘူးဗျို့။

“မောင်တာတေ မြန်မြန်လာ၊ ငရဲမီးတောက် တောက်တော့မယ်”

ဘိုးလူပေက ကျုပ်ကို လှမ်းအော်တာဗျ။ ကျုပ်ကြည့်လိုက်တော့ ဟုတ်တယ်ဗျို့။ ကဝေကြီးရဲ့ တစ်ကိုယ်လုံး မီးခိုးတွေ ထွက်နေပြီ။

“ဝုန်း”

ဟော…မီးတွေထတောက်ပြီဗျို့။ ဒါ ငရဲမီးတောက်ကြီးဗျ။ အဝိစိက တက်ပြီးလောင်တာ။ အကုသိုလ် အင်မတန်များတဲ့ ကဝေတွေ သေရင် ဒီအတိုင်းချည်းပါပဲဗျာ။

ကျုပ်တို့ တောင်ထိပ်ကိုရောက်တော့ နေဝင်တော့မယ်ဗျ။ တောင်ထိပ်ကြီးက အကျယ်ကြီးပဲဗျ။ မြေကွက်လပ်ကြီးပဲ။ ထူးဆန်းတာက မြေကွက်လပ်တစ်ခုလုံး ပြောင်ရှင်းနေတာဗျို့။ အမှိုက်တစ်စ မြက်တစ်ပင်တောင် မရှိဘူးဗျ။ ကျုပ်စိတ်ထင်တော့ တောင်ထိပ်ဟာ ဆယ်ဧကလောက်တောင် ကျယ်မယ်လို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ တကယ်တော့ ဘုရင်မတောင်ကြီးက အကြီးကြီးပဲကိုး။ ကျုပ်က တက်လာတဲ့လမ်းလေးကိုပဲ မြင်တာလေ။ တောင်ထိပ်ရောက်တော့မှ နည်းတဲ့အကျယ်အဝန်းကြီးမှ မဟုတ်တာဗျာ။ အဲဒီအကျယ်အဝန်းကြီးတစ်ခုလုံး သန့်ပြန့်ပြီး ပြောင်ရှင်းနေတာကို ကျုပ် အံ့သြနေတာဗျ။

"ကဲ နားကြပေတော့ကွယ်၊ မယ်ဝက်လည်း ဒီတောင်ပေါ်မှာ ရောက်နေမှာပါ၊ ဒါပေမဲ့ အချိန်လိုသေးလို့ တက်မလာသေးတာပဲဖြစ်မယ်"

ကျုပ်တို့ရော မြင်းတွေရော သစ်ပင်ရိပ်မှာ နားနေကြတယ်။ မြင်းတွေကတော့ လမ်းမှာ ရေတိုက်လာလို့ ဆာတဲ့ပုံ မပေါ်ဘူးဗျ။ ကျုပ်လည်း လမ်းမှာတင် စားလာလို့ ဗိုက်မဆာပါဘူး"

ညရောက်တော့ လက ထိန်နေအောင် သာတာဗျ။ လပြည့်ညရဲ့ အလှက ဘုရင်မတောင်ပေါ်မှာ မေ့ရက်စရာမရှိအောင်ကို လှနေတာပါဗျာ။

"ညသန်းခေါင်မှာ အလုပ်လုပ်ရလိမ့်မယ်၊ အချိန်ကပ်နေပြီ၊ မောင်လူပေ သတိထားပေတော့"

ဦးကြီးတော် ပြောတော့ ဘိုးလူပေရော ကျုပ်ရော





ကောင်းကင်ကို မော့ကြည့်တယ်။

လမွန်းတည့်တော့မယ်။

ကျုပ်က လပြည့်ဝန်းကြီးကို မော့ကြည့်ရင်း အေးမြတဲ့အရသာကို ခံစားနေမိတာပေါ့ဗျာ။

"အုန်း"

ဟာ…တောထဲက မြည်တဲ့အသံဗျ။

"ဝေါ" "ဝေါ" "ဖျောင်း" "ဖျောင်း"

"အုန်း"

"ဖျောင်း" "ဖျောင်း" "ခွပ်" "ခွပ်"

"ဟာ…ဘာသံကြီးတွေတုံး ဆရာကြီးရဲ့"

ကျုပ်က ဘိုးလူပေကို မေးတာဗျ။ ဒါပေမဲ့ ဘိုးလူပေလည်း သိပုံမရဘူး"

"လူလေး အဲဒါ ကုမုဒြာကြာပန်းတွေ ပွင့်တာကွဲ့၊ အခုလို လမွန်းတည့်ချိန်မှာ မြေကြီးထဲကနေ ကွဲထွက်ပြီး ပွင့်တာ။ အသံတွေက တိရစ္ဆာန်တွေ အလုအယက် ပြေးပြီးသွားကြတာကွဲ့၊ အဲဒီကြာပန်းကို အလုအယက် သွားပြီးရှာကြတာ၊ တွေ့ရင် ဝိုင်းလုပြီး စားကြတယ်၊ သူတို့အတွက်ကတော့ မသေဆေးပေါ့ကွယ်၊ အင်မတန်ထူးတဲ့ ဆေးမြတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အုန်း"

"ဟော…ပွင့်ပြန်ပြီ၊ သုံးပွင့် ရှိသွားပြီပေါ့ကွယ်"

ဒီတုန်းမှာပဲ ကျုပ်မျက်စိထဲမှာ နန်းဆောင်ကြီးတစ်ခု လေထဲကနေ ပေါ်လာတာကို မြင်နေရတာဗျ။ ကျုပ်က ကျုပ်စိတ်ထင်နေတာမှတ်လို့ ကြည့်နေတာ။

"လူလေး မောင်တာတေ၊ တော်တော်ကို အံ့သြနေပါလား၊ ဒါ ဘုရင်မ စံမြန်းတဲ့ နန်းဆောင်ကြီးလေကွယ်၊ ဘုရင်မ ထုံကူးတာ နှစ်စေ့သွားလို့ ပြန်ပေါ်လာတာကွဲ့၊ ဘုရင်မ ထုံကူးနေတဲ့အချိန်မှာ အလိုလို ပျောက်နေတာလေ"

"ဩော်…ဒီမြေကွက်လပ်ကြီးက နန်းတော်ကုန်းကြီးကိုး"

"ဟုတ်ပေတယ် လူလေး၊ ဒီမြေကွက်လပ်ကြီးက နန်းတော်ရာကြီးပေါ့၊ ပျောက်နေလို့ မြေကွက်လပ်ကြီးပဲ မြင်နေရတာကွဲ့"

ဟုတ်တာပေါ့ဗျာ။ နန်းဆောင်ကြီး ပေါ်လာတော့မှပဲ မြေကွက်လပ်ကြီး ပျောက်သွားတော့တာဗျ။ ကျုပ်တို့ရောက်နေတဲ့ နေရာက နန်းဆောင်ကြီးရဲ့ ရှေ့မျက်နှာစာက ဝင်ပေါက်မှာဗျ။

"ငါလာပြီဟေ့၊ မယ်ဝက်တဲ့၊ မဆိုင်တဲ့သူတွေ ရှောင်ကြ





ဟဲ့၊ ရှားကြဟဲ့၊ ဝက် လာပြီ၊ မကြာခင် ဝက်က ပန်ထွာဖြစ်တော့မှာဟေ့၊ ဟား၊ ဟား၊ ဟား"

ဟာ…မယ်ဝက်ကြီး တောင်ထိပ်ကို တက်လာပြီဗျို့။ ဟာ…ဆံပင်ဖားလျားကြီးနဲ့ဗျာ၊ ရုပ်ဆိုးဆိုး မိန်းမကြီးဗျ။ ထဘီအနက်၊ အင်္ကျီအနက်ကြီး ဝတ်ထားတာ ကြောက်စရာကြီးပါဗျာ။

"ဟဲ့…ဒါ ဘယ်ကအကောင်တွေလဲ၊ ဘာလာရှုပ်တာတုံး၊ သေသွားချင်လို့လား"

ဘိုးလူပေက ရှေ့ကို ထွက်သွားတယ်။

"အောင်မာ မလောက်လေး မလောက်စားကောင်ကများ ငါ့ကို စမ်းချင်သေးတယ်၊ လမ်းမှာ ငါချထားခဲ့တဲ့ အကောင်တွေ၊ ကောင်မတွေကို ကိစ္စတုံးပစ်ခဲ့ပြီး ငါ့ဆီ ရောက်လာနိုင်တယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးနေကြတယ်ထင်တယ်၊ ကဲ လာ စမ်းကြည့်ရေး မဝက်ရဲ့ စက်မျိုး မြင်ဖူးသလားဆိုတာ စမ်းကြည့်လိုက်ဟေ့"

ပြောပြောဆိုဆိုနဲ့ ကဝေမကြီးက မျက်စိတွေရော၊ နားရွက်တွေထဲကရော၊ ပါးစပ်ထဲကရော စက်တွေ ထွက်လာတာဗျို့။ အဲဒီစက်တွေပေါင်းပြီး တစ်ခုတည်း ဖြစ်သွားတာဗျ။ လုံးတံကြီး တစ်ခု ထိုးသလို ဘိုးလူပေဆီကို တန်းပြီးဝင်လာတာဗျို့။ ဘိုးလူ



www.burmeseclassic.com

www.burmeseclassic.com



ပေက လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်တာ လက်ကနဲ လက်ကနဲနဲ့ စက်တွေ ထွက်လာတာဗျို့။ မယ်ဝင်္က်ရဲ့ စက်တွေကို ဘိုးလူပေက သူ့စက်နဲ့ ဆီးပြီးတွန်းခံတယ်။ ဘိုးလူပေလက်ကထွက်တဲ့ စက်က ရှေ့နှစ်လံကွာလောက်အထိ ထွက်သွားပြီ မဝင်္က်ရဲ့ စက်တန်းကြီးကို တွန်းထားတယ်။ ဘိုးလူပေ တော်တော်ကို တောင့်ခံနေရတာဗျ။ မယ်ဝင်္က်လည်း ဘိုးလူပေစက်ကို တောင့်ခံနေရတာပဲဗျ။ ဘိုးလူပေက နောက်ကို ခြေတစ်လှမ်း ဆုတ်သွားလိုက်၊ မယ်ဝင်္က်က နောက်ကို ခြေတစ်လှမ်း နှစ်လှမ်း ရွေ့သွားလိုက်နဲ့ စက်တွေ တွန်းနေကြတာ။

"မောင်တာတေ၊ ဒီလှံကိုကိုင်၊ စက်ပေါ်က တက်ပြေးပြီး ကဝေမကို ရှင်းပစ်လိုက်"

ဦးကြီးတော်က သူ့လှံတံကို ကျုပ်ကို လှမ်းပေးတယ်။ ဒီတစ်ခါတော့ ဦးကြီးတော်ရဲ့ လှံသွားလေး သုံးချောင်းမှာ လိမ္မော်ရောင် စက်တန်းလေး သုံးခု ထွက်နေတယ်ဗျ။ ဒါပေမဲ့ ကျုပ်က စက်ပေါ်ကို ဘယ်လိုတက်ရမှန်းမသိ ဖြစ်နေတာပေါ့ဗျာ။

"မောင်တာတေ သတိထား"

လို့ ဦးကြီးတော်က ပြောပြီး ကျုပ်ကို ချိုင်းနှစ်ဖက်က မပြီး စက်ပေါ်တင်ပေးလိုက်တယ်။ ဟုတ်တာပေါ့ဗျာ။ ကျုပ်တို့





လမ်းမှာ တွေ့ခဲ့တဲ့ ဘွားအုံကြီး ပြောတဲ့အတိုင်းပဲဗျ။ မဝင်္က်ရဲ့ စက်က စက်အမာပဲဗျာ။ သစ်သားပြားကြီး ခင်းထားသလိုကို မာနေတာဗျ။ ကျုပ်က စက်ပေါ်ကနေ ပြေးသွားပြီး စက်အဆုံးက မယ်ဝင်္က်ရဲ့ ရင်ညွန့်ကို လှံသွားဆောင့်ထိုးလိုက်တယ်။ လှံသွားက တစ်ဆုံးကို ဝင်သွားတာဗျို့။

"အား"

မယ်ဝင်္က်ရဲ့ အသံနက်ကြီးနဲ့ အော်တဲ့အသံကြီးက ဘုရင်မတောင်ပေါ်မှာ လွှမ်းသွားတာပေါ့ဗျာ။ မယ်ဝင်္က်ရဲ့ တစ်ကိုယ်လုံးမှာ ပထမံစက်တွေက ထိုးဖောက်တော့တာပဲဗျာ။ လှံသွားက ထွက်နေတဲ့စက်တွေက မယ်ဝင်္က်ရဲ့ တစ်ကိုယ်လုံးကို ဖောက်ထွက်လာတော့တာပဲဗျာ။ ကျုပ်က လှံတံကို ဆွဲနှုတ်ပြီး ပြေးထွက်လိုက်တယ်။ မဝင်္က်ရဲ့ စက်တွေက လုံးဝကို ပျောက်သွားပြီလေဗျာ။ ဘိုးလူပေလည်း သူ့စက်တွေကို သိမ်းလိုက်ပြီဗျ။

"မောင်တာတေ၊ မြန်မြန်လာ၊ မီးတောက်ထတော့မယ်"

ဘိုးလူပေ စကားဆုံးရုံပဲ ရှိသေးတာဗျ။

"ဝုန်း"

ဟာ…မယ်ဝင်္က်ကြီး ငရဲမီးတောက်ကြီး လောင်နေပြီဗျို့။ အသက်မရှိတော့တဲ့ မဝင်္က်ရဲ့ ခန္ဓာကိုယ်ကြီးကို မဟာအဓိစိငရဲ



www.burmeseclassic.com

www.burmeseclassic.com



တက်လာတဲ့ ရေမီးတောက်ကြီးက ထတောက်တော့တာလေဗျာ။ သိပ်မြန်တာဗျ။ ရေမီးတောက်က မဝက်ံရဲ့ ကိုယ်ကြီးတစ်ခုလုံးကို လောင်သွားတာ၊ ပြာလေး တစ်မှုန်တောင် မတွေ့ရတော့ပါဘူးဗျာ။

"မောင်လူပေ ဝင်ကြစို့"

ဦးကြီးတော်က ဘုရင်မရဲ့ နန်းဆောင်ထဲကို ပြေးဝင်သွားတယ်။ ဘိုးလူပေနဲ့ ကျုပ်လည်း နောက်က လိုက်ကြရတာပေါ့ဗျာ။

ဟာ…ဒါ ဘာတွေတုံး။ ဘုရင်မရဲ့ ကိုယ်ရံတော်တပ်ဆိုတာ အရုပ်ကြီးတွေပဲဗျ။ လှံတွေကိုင်၊ ဓားတွေ ကိုင်ထားတဲ့ လူရုပ်ကြီးတွေပဲ။

"ဆရာကြီး၊ ဒါ အရုပ်ကြီးတွေလားဗျ"

"ဟာ…မဟုတ်ဘူးလေ မောင်တာတေရဲ့၊ ဒါ တကယ်လူတွေကွဲ့၊ ဘုရင်မရဲ့ ကိုယ်ရံတော်တပ်သားတွေကွဲ့။ ဒီနန်းဆောင်တွေထဲမှာရှိတဲ့ ဘုရင်မရဲ့ ကိုယ်ရံတော်တပ်သားတွေရော၊ ရံရွေတော်တွေရော ဘုရင်မ ထုံကူးတဲ့အချိန်မှာ အားလုံးဟာ အိပ်ပျော်သွားပြီး အမှုထမ်းနေတဲ့ ပုံစံအတိုင်း ရှိနေကြတာကွဲ့၊ ဒီနန်းဆောင်ကြီးလည်း ကွယ်ပျောက်သွားတာ၊ အခုလို ဘုရင်မ ထုံကနေပြန်ပြီးနိုးထတဲ့အချိန်ကျမှ သူတို့လည်း နိုးလာကြပြီး အမှုတော်ကို ဆက်ပြီးထမ်းရွက်ကြတာပေါ့ကွယ်"





"ဆရာကြီး၊ ဒီတောင်ပေါ်ကို ရောက်တဲ့သူတိုင်း ဒီနန်းဆောင်ကြီးကို တွေ့ရတာပဲလားဗျ"

"ဟာ…မတွေ့ရဘူး မောင်တာတေရဲ့၊ ဒီလို ဘုရင်မ ထုံကပြန်ထမြောက်တဲ့တစ်ညပဲ မြင်ကြရတာ၊ ပြီးရင် သာမန်လူ မမြင်ရတော့ဘူး၊ နောင်တော်တို့လို ပထမံပုဂ္ဂိုလ်တွေ၊ နတ်ဒေဝတာတွေကတော့ မြင်ရမှာပေါ့ကွယ်"

"သြော်…ဒီလိုလား၊ အောင်မယ်လေး"

ကျုပ်ဖြင့် ဘိုးလူပေနဲ့ စကားပြောရင်း မြင်လိုက်ရတော့ လန့်တောင်အော်မိတာဗျို့။ ဘုရင်မရဲ့ ရံရွေတော်တစ်ယောက် ထင်ပါရဲ့ဗျာ။ လက်ထဲမှာ ရွှေလင်ဗန်းလေး ကိုင်လို့ဗျ။ လင်ဗန်းထဲမှာ ရွှေဘူးလေးတစ်ခု ထည့်ထားတယ်။ ဘုရင်မရဲ့ အမှုတော်ကို ထမ်းနေတဲ့ပုံဗျ။ ရှေ့ကို အပြေးအလွှား သွားနေတဲ့ပုံပဲ။ ဒီအချိန်မှာ သူတို့ရဲ့ ဘုရင်မ ထုံကူးတော့ သူတို့ပါ အရုပ်ကြီးတွေလို ဖြစ်ကုန်တာပေါ့ဗျာ။

ကျုပ်က ဘေးဘီကို အကုန်လိုက်ကြည့်တာဗျ။ တချို့က အောက်က တစ်ခုခုကို ကုန်းကောက်တုန်း ဖြစ်သွားတာထင်တယ်ဗျို့။ ကုန်းကုန်းကြီးတွေဗျ။ တချို့ကျတော့လည်း အော်ပြီးပြောနေတဲ့ပုံအတိုင်း ပါးစပ်ကြီး ဟလို့ဗျ။ တချို့ကလည်း တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးကြီး ရှေ့ကိုထိုးလို့။ အမှတ်တမဲ့ကြည့်ရင်တော့ ကြောက်စရာကြီးတွေဗျ။ ကျုပ်က သိသွားလို့သာ မကြောက်တာ။

ဦးကြီးတော်က ဘုရင်မရဲ့ အိပ်ဆောင်ကို ခပ်မြန်မြန် လိုက်ရှာတယ်။ ရွှေကနုတ်တွေဖော်ထားတဲ့ တံခါးကို ဦးကြီးတော်က ဖွင့်လိုက်တယ်။

ဟာ…အထဲမှာ မီးတွေလင်းလို့ဗျာ။ အခန်းနံရံမှာ စိုက်ထားတဲ့ ကျောက်ဖယောင်းတိုင်တွေက မီးလင်းနေတုန်းဗျ။ တစ်ဝက်စီလောက်တော့ လောင်ထားပုံရတယ်။ တစ်ခန်းလုံး လင်းထိန်နေတာပါပဲဗျာ။ အခန်းကြီး တစ်ခန်းလုံးလည်း မွှေးကြိုင်နေတာဗျ။ အခန်းကြီးက အကျယ်ကြီးဗျ။ ကြက်သွေးရောင် ကတ္တီပါစတွေ၊ ရွှေရောင်ကတ္တီပါစတွေနဲ့ အခန်းကို အလှဆင်ထားတာဗျ။ ဘုရင်မရဲ့ ရံရွှေတော်တွေက ကြမ်းပြင်မှာ ခင်းထားတဲ့ ကောက်ဖျာကြီးတွေပေါ်မှာ ထိုင်ပြီး ဘုရင်မကို ခစားနေကြတဲ့ပုံဗျ။ ဘုရင်မကို ခစားနေရင်း ဘုရင်မ ထုံကူးသွားတော့ သူတို့ပါ အိပ်ပျော်သလို ဖြစ်ပြီး အရုပ်ကြီးတွေလို ဖြစ်ကုန်ကြတာဗျ။ ဦးကြီးတော်က ရံရွှေတော်တွေကြားက တိုးဝင်ပြီး ရွှေသလွန်ပေါ်က ဘုရင်မကို ကြည့်လိုက်တယ်။ ကျုပ်ရော၊ ဘိုးလူပေရော ဦးကြီးတော်ရဲ့နောက်က လိုက်သွားကြတာပေါ့ဗျာ။





အခုတော့ ကျုပ်မြင်ရတော့မှာပေါ့ဗျာ။ ဘုရင်မရဲ့ ရွှေသလွန်ပေါ်မှာ ပန်းတွေအပြည့်အုပ်ထားတယ်။ နှင်းဆီပန်း အဖြူပွင့်တွေချည်းပဲဗျ။ ဘုရင်မရဲ့ တစ်ကိုယ်လုံးကို အုပ်ထားတာ။ မျက်နှာကိုကျတော့ ဇာပုဝါလေး လွှမ်းထားတာဗျ။ ဦးကြီးတော်က အချိန်မဆိုင်းတော့ဘဲ ဇာပုဝါဖြူဖြူလေးကို ဖွင့်လိုက်တယ်။

အို…လှလိုက်တဲ့ ဘုရင်မဗျာ။ ကျုပ် ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို ကြားဖူးနေတဲ့ ပန်ထွာဘုရင်မဗျာ။ ခုလို မျက်စိနဲ့ မြင်ရတော့ ကျုပ်ဖြင့် အံ့သြလို့ကို မဆုံးပါဘူးဗျာ။ ဒီလောက်လှတဲ့ ဘုရင်မကို ကျုပ်မျက်တောင်မခတ်ဘဲကို စိုက်ကြည့်နေမိတော့တာဗျ။

ဦးကြီးတော်က ဘုရင်မရဲ့ ရွှေသလွန်ခေါင်းရင်းက ရွှေသားသေတ္တာလေးကို ဖွင့်လိုက်တယ်။

“ဟာ”

အထဲမှာ ရွှေကြုတ်ကလေးဗျ။ ရတနာမျိုးစုံ ခြယ်ပြီး အင်မတန်လှတဲ့ ကနုတ်ပန်းတွေ ဖော်ထားတဲ့ ရွှေကြုတ်ကလေးဗျ။

ဦးကြီးတော်က ရွှေသေတ္တာထဲမှာ ထည့်ထားတဲ့ ရတနာရွှေကြုတ်ကို ထုတ်ယူလိုက်တယ်။ ပြီးတော့ ရတနာရွှေကြုတ်အဖုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်တယ်။ အထဲက အရောင်လက်ကနဲ လက်ကနဲ ဖြစ်နေတာကို မြင်ရတယ်ဗျ။

ဦးကြီးတော်က မန္တန် စရွတ်တယ်။ ပြီးတော့ ရွှေကြုတ်ကလေးကို ဘုရင်မရဲ့ ခေါင်းနားမှာ ထားလိုက်တယ်။

ဦးကြီးတော်ရဲ့ ပါးစပ်က မန္တန်ကို မပြတ်ရွတ်နေတယ်ဗျ။ ဘိုးလူပေရော ကျုပ်ရောက ဘုရင်မကို လက်အုပ်ချီထားကြတယ်။

ဟော…ထွက်လာပြီဗျို့။ ရွှေကြုတ်ထဲက ဘုရင်မရဲ့ ဝိညာဉ်ထွက်လာပြီဗျို့။ ဖြူဖြူအငွေ့လေးတွေက ဘုရင်မရဲ့ မျက်နှာတော်ပေါ်မှာ ဝေ့ဝဲနေရာကနေ ဘုရင်မရဲ့ ကိုယ်ထဲကို ဝင်သွားတယ်။ ဦးကြီးတော်က မန္တန်ကို ဆက်ရွတ်နေတုန်းပဲဗျ။ ဟော… ဘုရင်မ မျက်လုံးတွေ ပွင့်လာပြီ။

ဦးကြီးတော်ကတော့ မန္တန်တွေ ရွတ်နေတုန်းပဲဗျ။ ဘုရင်မက ပန်းတွေကြားက လက်နှစ်ဖက် ထွက်လာတယ်။ ပြီးတော့ ဦးကြီးတော်ကို လက်အုပ်ချီထားတယ်။ ဘုရင်မက အသက်ပြန်ဝင်လာတော့မှ ပိုပြီးလှတော့တာပေါ့ဗျာ။

ဟော…နိုးလာကုန်ပြီဗျို့။ ဘုရင်မရဲ့ ရံရွေတော်တွေ နိုးလာကြပြီဗျို့။

“ဟဲ့…သုန္ဒြီ၊ ဘုရင်မကို ခစားရင်း အိပ်ပျော်နေတာ





လား”

တစ်ယောက်က သုန္ဒြီ ဆိုတဲ့ ရံရွေတော်ကို လှုပ်ပြီးနှိုးနေတာဗျ။

“ဟဲ့…ရံရွေတော်များ၊ ဒီပန်းတွေကို ဖယ်ကြဟဲ့၊ ပြီးရင် ကိုယ်တော်မြတ်ထိုင်ဖို့ နေရာထိုင်ခင်းတွေ ပြင်ကြပါဟဲ့”

ဘုရင်မက ချက်ချင်းကို အမိန့်ပေးတော့တာဗျ။ ရံရွေတော်တွေက ချက်ချင်းထပြီး ဘုရင်မရဲ့ ကိုယ်ပေါ်ကို ဖုံးထားတဲ့ နှင်းဆီပန်းအဖြူတွေကို ဖယ်လိုက်တယ်။

ကျုပ် ဒါတော့ သိတယ်ဗျ။ ဘုရင်မ ထုံကူးတုန်းကလည်း ပထမံကိုယ်တော်တစ်ပါး လာပြီးကူးပေးရတာ။ ဒီပန်းတွေကိုလည်း ပထမံကိုယ်တော်ပဲ လွှမ်းပေးခဲ့တာ ဖြစ်မှာပေါ့ဗျာ။

ထုံက ပြန်ထွက်ရင်လည်း ပထမံကိုယ်တော်တစ်ပါးလာပြီး ဝိညာဉ်တော်သွင်းပေးရတာဗျ။ ပန်းတွေဖယ်လိုက်ပြီးတော့ ရံရွေတော်တွေက ရွှေထိုင်ခုံတစ်လုံး ယူလာတယ်ဗျ။ ဦးကြီးတော်ထိုင်ဖို့ပေါ့ဗျာ။ ဦးကြီးတော်က ရွှေထိုင်ခုံမှာ ထိုင်တယ်။ ဘုရင်မက ကြမ်းပြင်က မွေးပွကော်ဇောကြီးပေါ်မှာ ထိုင်ပြီး ဦးကြီးတော်ကို ခစားတယ်ဗျ။ ဘိုးလူပေရော ကျုပ်ရော ဘုရင်မရဲ့နောက်ခပ်လှမ်းလှမ်းက ထိုင်ပြီး ဦးကြီးတော်ကို ခစားရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းတစ်ရာ ထုံကူးပြီး အိပ်ပျော်နေတဲ့ ဘုရင်မက နိုးလာတဲ့အခါ အခုလေးကာမှ အိပ်ပျော်သွားတဲ့လူလိုပါပဲဗျာ။ ဘာမှမထူးခြားသလိုပဲဗျ။ ရံရွေတော်တွေ အပြင်ထွက်သွားကြတယ်ဗျ။ အပြင်မှာလည်း အခုမှ လူသံတွေ ဆူဆူ ဆူဆူနဲ့ ကြားလာရတာဗျ။

စောစောက အရုပ်လိုဖြစ်နေတဲ့လူတွေ နိုးလာပြီပေါ့ဗျာ။ နိုးလာတာနဲ့ သူတို့အလုပ်တွေ တာဝန်တွေကို ထမ်းရွက်တော့တာ နေမှာဗျ။

ခဏနေတော့ ရံရွေတော်တစ်ယောက် ပြန်ဝင်လာပြီး ဦးကြီးတော်ကို လျှောက်တင်တယ်။

"ကိုယ်တော်မြတ်တို့ရဲ့ မြင်းတွေကို မြင်းဇောင်းထဲပို့ပြီး အစာကျွေးပြီး ရေတိုက်ထားပါတယ်ဘုရား၊ ကိုယ်တော်မြတ်တို့ မြင်းတွေပေါ်က ပစ္စည်းတွေအားလုံးကို ကိုယ်တော်မြတ် ယာယီ စံမြန်းမယ့် ခန်းဆောင်မှာ ထားလိုက်ပါတယ်ဘုရား"

"အေး အေး၊ ကျေးဇူးတင်ပါတယ်ကွယ်"

ဦးကြီးတော်က သူ့ရဲ့အသံ သာသာယာယာ အေးအေးလေးနဲ့ ပြောတယ်။

"ကဲ...ဘုရင်မ ပန်ထွာ၊ အေးအေးဆေးဆေး နားနေပြီး





ရွှေနန်းဆောင်မှာ စီစဉ်စရာတွေ စီစဉ်လိုက်ပေဦးကွယ်၊ ကိုယ်တော်လည်း ခန်းဆောင်ထဲမှာ နားလိုက်ချေဦးမယ်"

"မှန်လှပါ၊ ကိုယ်တော်မြတ်ဘုရား၊ ဟဲ့ သုန္ဒြီ၊ ကိုယ်တော်မြတ်တို့ကို လိုက်ပို့လိုက်ပါကွယ်"

သုန္ဒြီ ခေါ်ဆောင်ရာနောက်ကို ကျုပ်တို့ လိုက်ခဲ့ကြတယ်။ ကျုပ်တို့ တည်းဖို့ ပြင်ဆင်ပေးတဲ့ အခန်းကြီးမှာ တစ်ညအိပ်ပြီး နောက်နေ့ မနက်စောစောမှာ ပန်ထွာဘုရင်မရဲ့ တောင်တော်ရွှေနန်းဆောင်ကနေ ထွက်ခဲ့ကြတယ်။ အပြန်လမ်းမှာ ကျုပ်နဲ့ ဘိုးလူပေ စားဖို့ ရိက္ခာတွေနဲ့ မြင်းစာတွေ၊ သောက်ရေဘူးတွေ အပြည့်အစုံကို ထည့်ပေးလိုက်တာဗျ။

အပြန်လမ်းကျတော့ ကျုပ်တို့ခရီးကို ဟန့်တားမယ့်သူ မရှိတော့ဘူးလေဗျာ။ ခရီးက တွင်တော့ တစ်ညအိပ်ပြီးတာနဲ့ နောက်နေ့မှာ ပိသနိုးမြို့ဟောင်းက ရွှေရောင်တော်ဘုရားကို ပြန်ရောက်ခဲ့တယ်ဗျ။

"မြင်းတွေကို ဒီမှာပဲ ထားခဲ့တော့ လူလေး"

လို့ ဦးကြီးတော်က ပြောတယ်ဗျ။

ကျုပ်လည်း မြင်းတွေကို ကျုပ်တို့ ခရီးစထွက်တုန်းက စီးတဲ့နေရာမှာပဲ ထားလိုက်တယ်။ ခဏနေတော့ မြင်းခွာသံကြား



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ် လှည့်ကြည့်လိုက်တဲ့အခါ ခမောက်ပြန့်ကြီးတွေ ဆောင်းထားတဲ့ လူသုံးယောက်က မြင်းဖြူကြီးတွေ ဒုန်းစိုင်းပြီး ပိသနိုးမြို့ဟောင်းထဲမှာ စီးသွားတာကို မြင်လိုက်ရတယ်ဗျ။

ရွှေရောင်တော်ဘုရားပေါ်ရောက်တော့ ကျုပ်နဲ့ ဘိုးလူပေက ဦးကြီးတော်ကို ရှိခိုးကြတယ်။

"အေးကွယ်၊ ပါရမီတွေ အထပ်ထပ်ဖြည့်ဆီးကြပြီး ပထမံလမ်းပေါ်ကို တက်လှမ်းလာနိုင်တဲ့သူတွေ ဖြစ်ကြပါစေ"

လို့ ဆုပေးတယ်ဗျ။ ကျုပ်နဲ့ ဘိုးလူပေ ဘုရားပေါ်က ဆင်းလာတော့ ဦးကြီးတော်က သူ့ရဲ့ လက်သုံးတော် လှံပျံကို ကိုင်ရင်း ကျန်ရစ်ခဲ့တယ်ဗျ။

"ဆရာကြီး၊ ဦးကြီးတော် ဘယ်ကိုသွားမှာတုံး"

"သူ ထွက်ရပ်ကြွသွားကတည်းက ခုမှ ပြည်တော်ဝင်ရတာကွဲ့၊ ပြည်တော်ဝင်တုန်း သူ နေသွားဦးမှာကွယ်၊ ဘယ်လောက်ကြာအောင် နေသွားမယ်ဆိုတာတော့ မသိဘူးပေါ့ကွယ်"

"အခုမြင်ရတဲ့ ဦးကြီးတော်ရဲ့ မူလအသွင်သဏ္ဍာန်ရော ဟုတ်ရဲ့လား ဆရာကြီးရဲ့"

"အဲ…ဒါတော့ ကျုပ်လည်း မသိဘူး၊ မောင်တာတေ၊ သူတို့ကတော့ ကြိုက်တဲ့အသွင်သဏ္ဍာန်ကို ယူလို့ရကြတာတော့





ကျုပ် သိတယ်ကွဲ့၊ ဒါဟာ နောင်တော်ရဲ့ မူလအသွင်သဏ္ဍာန် ဟုတ် မဟုတ်တော့ ကျုပ် မပြောနိုင်ဘူး"

"ဦးကြီးတော်က ပြည်တော်ဝင်တာ ရှိနေဦးမှာဆိုတော့ ကျုပ်နဲ့ နောက်ထပ် ဆုံနိုင်သေးတာပေါ့နော် ဆရာကြီး"

"ဟာ၊ ဆုံနိုင်ပါပြီလား မောင်တာတေရယ်၊ ဆုံဦးမှာပါကွာ၊ နောင်တော်ဘုရားက မင်းကို တော်တော်သဘောကျသွားတာတော့ ကျုပ် သိတယ်ကွဲ့"

"ကျုပ်တော့ ဦးကြီးတော်နဲ့ ထပ်ပြီးဆုံချင်သေးတယ် ဆရာကြီးရာ"

ကျုပ် ထနောင်းကုန်းကို ပြန်ရောက်တော့ အားလုံး ခုနစ်ရက်ကြာသွားတယ်ဗျ။

ဘုရင်မရဲ့ တောင်တော်နန်းဆောင်က ထည့်ပေးလိုက်တဲ့ အစားအစာတွေ အဘနဲ့ အမေ့ကို ကျွေးလိုက် တယ်။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com

# တာတေ

## (၂၅) အုပ်မြောက်ငွေရတု

## အထူးထုတ်ကို

## မကြာမီဖြန့်ချီသွားမည်ဖြစ်ကြောင်း

## သတင်းကောင်းပါးလိုက်ပါတယ်ဗျာ။

BURMESE CLASSIC .com

## တာတေထွက်ရှိပြီးစာအုပ်များ


၁။ ကိုယ်တွေ့မဖဲဝါ
၂။ ကာဝေဆယ့်နှစ်ကြိုး
၃။ သချိုင်းတစ်ရာမဖဲဝါ
၄။ သံလက်ဝါးမဖဲဝါ
၅။ သချိုင်းရှင်မ မဖဲဝါ
၆။ ကာဝေပျံ
၇။ မဖဲဝါနေတဲ့အိမ်
၈။ ကိုယ်တူကိုယ်ခွဲ မဖဲဝါ
၉။ မဖဲကိုကိုက်တဲ့တစ္ဆေ
၁၀။ ငရဲခွေးကြီးတွေနဲ့မဖဲဝါ
၁၁။ စက်ကြိုးဆွဲ မဖဲဝါ
၁၂။ မဖဲဝါစီးတဲ့ကျား
၁၃။ မဖဲဝါ မဝင်ရ
၁၄။ မဖဲဝါမွေးတဲ့သား
၁၅။ ကွင်းပိုင်နမ မဖဲဝါ
၁၆။ မဖဲဝါကိုဖမ်းမဲ့ကာဝေ
၁၇။ ရွှေဂူရှင်မ
၁၈။ မဖဲဝါနေတဲ့ကျွန်း
၁၉။ စုန်းကိုးမှော်ကိုးကာဝေကိုး
၂၀။ နတ်နဂါးအင်း
၂၁။ မဖဲဝါငငနှစ်
၂၂။ လူသတ်ကုန်းကမဖဲဝါ
၂၃။ မဖဲဝါကိုမုန်းတဲ့စုန်း
၂၄။ တောင်တော်ဘုရင်မ (ယခုလ)


www.burmeseclassic.com

www.burmeseclassic.com

# တာတေစီစဉ်ထုတ်ဝေသည့်စာအုပ်များ

၁။ ခေါင်းထမ်းလာတဲ့တစ္ဆေ

၂။ ကဝေပုရမိုက်

၃။ တစ္ဆေမှော်

၄။ ကားလမ်းပေါ်ကတစ္ဆေ

၅။ တစ္ဆေတွေနေတဲ့အိမ်

၆။ တစ္ဆေတွေလာတဲ့ည

၇။ တစ္ဆေတစ်ရာမှော်ဝင်ဓါး

၈။ တစ္ဆေထောင်ချောက်

၉။ တစ္ဆေထိုးတဲ့ခေါင်းလောင်းသံ

၁၀။ ဆရာမနိုင်တစ္ဆေအိုင်

၁၁။ ကဝေကျွန်းရှင်

၁၂။ ငရဲဂူမှတစ္ဆေထောင်

၁၃။ တတိယမျက်လုံး

၁၄။ ပဥ္စလက်မှော်

၁၅။ မှော်ဝင်တောင်သခင်မ

၁၆။ တစ္ဆေမျက်လုံး (အမှတ်၁)

၁၇။ တစ္ဆေမျက်လုံး (အမှတ်၂)

၁၈။ တစ္ဆေမျက်လုံး (အမှတ်၃)

၁၉။ တစ္ဆေမျက်လုံး (အမှတ်၄)

၂၀။ တစ္ဆေမျက်လုံး (အမှတ်၅)

www.burmeseclassic.com

www.burmeseclassic.com

တာတေ

# တောင်တော်ဘုရင်မ

